
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| စာမူခွင့်ပြုချက်အမှတ် ၁၁၁၁/ ၂၀၀၄(၉) | မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၁၂/ ၂၀၀၄(၁၀) |
|---|---|
| ထုတ်လုပ်မှုတာဝန်ခံ | ကိုဦး |
| ဝဇီရာစာလုံးဒီဇိုင်း | ထွန်းဝင်းငြိမ်း |
| မျက်နှာဖုံးဒီဇိုင်း | ရန်နိုင်ဦး |
| ကွန်ပျူတာစာစီ | ဇေအောင်ဇေ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးကျော်လှိုင် (၅၅၇၃)<br>စေတနာ OFFSET<br>အမှတ်(၅၉)၊ ၁၉လမ်း၊ ရန်ကုန် |
| ထုတ်ဝေသူ | ဦးသန်းဆွေ<br>စစ်သည်တော်စာပေ<br>အမှတ်၁၁၃၁/က၊ ၁၉ရပ်ကွက်<br>ဥယျာဉ်လမ်း၊ တောင်ဥက္ကလာပမြို့နယ်။ |
| အတွင်းဖလင် | ကိုဦးနှင့် ညီများ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ |

အုပ်ရေ − ၅၀၀ တန်ဖိုး − ၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

ဝဇီရာ

# မြိုက်ကါစကာကြာင်း

သူရဿတီစ ပေ မဂ်ဏ ပေဋ္ဌာ နိခွဲ
ရဏှတု မံ သဒ္ဒါ။

BURMESE CLASSIC

## မျိုးဖျက်တို့၏ဘေးဒဏ်

"အမလေး လာကြပါဦး"

ဟု အော်လိုက်သော မိန်းမတစ်ယောက်၏ အသံကား . . . ငယ်သံပါအောင် စူးစူးဝါးဝါး ထွက်ပေါ်လာသဖြင့် ညဥ့်အချိန်အတော်ဝေးဝေးမှပင် ကြားနိုင်သည့်တိုင်အောင် ထိုအချိန်တွင်မိုးကြီးများ သဲသဲမဲမဲရွာသွန်းချနေသဖြင့် ထိုအသံကို သတိပြုမိသူမရှိသလောက်ပင် ဖြစ်နေတော့သည်။

အချိန်ကား ဆယ်နာရီကျော်ကျော်ဖြစ်၏၊ လျှပ်ရောင်များ အဝင်းဝင်းနှင့် မိုးချုန်းသံများလည်း ပြင်းထန်စွာ ထွက်ပေါ်လာလျက် လေကြီးများလည်း သစ်ပင်သစ်ကိုင်းများပင် မခံနိုင်ဘဲ ကျိုးကျအောင် ရာဟုထောင့်ဆီမှ တရကြမ်း တိုက်ခတ်လျက်ရှိနေ၏။

အခန်းငယ်ကလေးအတွင်းတွင် တိုင်ကပ်မီးအိမ်ကလေးမှ အားနည်းသော မီးရောင်ကလေးမှာလည်း တစ်ခန်းလုံးကိုပင် အလင်းအား



www.burmeseclassic.com

www.burmeseclassic.com



မဖြည့်စွမ်းနိုင်ဘဲ ခွပ်မှောင်မှောင်ဖြစ်၍နေလေရာ တစ်ဘက်ထရံနားတွင် ဘေးဘက်မှ ပြတင်းပေါက်ကို ကုလားထိုင်တစ်လုံးဖြင့် နောက်ခိုင်းထိုင်ခါ စားပွဲတွင် စာအုပ် တစ်အုပ်ကိုဖွင့်လျက် ဇက်ကျိုး၍နေသည့် လူတစ်ယောက်အား မီးရောင်ရှေ့၌ တိုင်တစ်ခုကွယ်လျက် အရိပ်ကျရောက်နေသဖြင့် ရုတ်တရက်ကြည့်၍ မမြင်နိုင်ပေ။

အိမ်ရှေ့ခန်း နောက်ဖေးခန်းတို့တွင်ကား မှောင်နှင့်မဲမဲရှိကာ လူတစ်ယောက်မျှမရှိဘဲ အိမ်နှင့်ခပ်လှမ်းလှမ်းရှိ လမ်းစောင်း ဓာတ်မီးတိုင်မှ အလင်းရောင်ထိုးနေသည့် ဝရံတာလှေကားထိပ်နားတွင်သာ မိန်းမပျိုသုံးယောက် ကုပ်ကုပ်ကလေးထိုင်ကာ တီးတိုးစကားပြောနေကြသည်ကို တွေ့နိုင်လေသည်၊ ထိုမိန်းမပျိုများကား ထိုမျှ မိုးကြီးသည်းထန်လျက် တဖွဲဖွဲနှင့် ပက်ကာ တဝီဝီတိုက်နေသည့်တိုင်အောင် . . . အနည်းငယ်မျှ အေးသည့် အရိပ်လက္ခဏာ မပြကြပေ၊ အလွန်အရေးကြီးသော အကြောင်းတစ်စုံတစ်ခုသည် ၎င်းတို့တွင် ကြုံကြိုက် တိုက်ဆိုင်နေဟန် ရှိလေ၏။

မကြာမကြာ အိမ်နှင့် ခပ်လှမ်းလှမ်း ကွင်းစပ်တွင်ရှိသည့် ဓာတ်မီးတိုင်ဖြင့် အလင်းရောင်ထွက်နေသော လမ်းမကြီးဆီသို့ လည်ပင်းများကို ဆန့်မျှော်ကာ ကြည့်ရှုနေသဖြင့်လည်း ၎င်းတို့မှာ တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာ စောင့်မျှော်နေကြောင်း သိသာနိုင်လေ၏၊ မိုးကြီးလေကြီးလည်း တိုးတက်ပြင်းထန်လာလေ၏၊ လေသံတဝုန်းဝုန်းနှင့် မိုးသံတဗျောင်းဗျောင်း ဆူညံနေသည်မှလွဲ၍လည်း အခြားမည်သည့် အသံကိုမျှ မကြားရတော့ပေ၊ တစ်ရပ်လုံးမှာလည်း တစ်အိမ်တစ်လေတွင်မှာ မီးရောင်အလင်းမရှိတော့ဘဲ မှောင်နှင့်မဲမဲဖြစ်ကာ လူသံသူသံလည်း ပျောက်ကွယ်တိတ်ဆိတ်ခဲ့လေပြီ။

ထိုအခိုက် “ဂျိုင်း . . . ဂျိုင်း” ဟူသော ပြင်းထန်သည့် အသံကြီးနှစ်ခုထွက်ပေါ်လာကာ “ဂျောင်း” ကနဲ တစ်စုံတစ်ခုကျသွားသကဲ့သို့ အသံကြီးအိမ်ခန်းတွင်း မှောင်နှင့်မဲမဲထဲဆီမှ ရုတ်တရက်ထွက်ပေါ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ချင် ယခင်ဝရုံတာဆီမှလည်း "အမလေး" ဟု ငယ်သံပါအောင် လန့်အော်လိုက်သည့် မိန်းမတစ်ယောက်၏အသံ ထွက်ပေါ်၍လာလေ၏၊ ဒီအသံများကို မိုးသံလေသံများကြောင့် အိမ်နားနီးချင်းမည်သူမျှ ကြားနိုင်မည်မဟုတ်သော်လည်း . . .

"ညီးလင်လားအေ့ . . . ဒါလောက်တောင်ပဲ အော်ရသလား၊ ငါတို့ အသည်းတွေဘာတွေတုန်လို့ . . . ထိတ်လန့်သွားတာပဲ"

ဟူသော အသံတစ်ခုသည် မိန်းမပျိုသုံးယောက် အထဲမှ ထွက်ပေါ်၍လာပြန်လေ၏။

"မိရွှေကျော့ရှာ ဒီလိုဘဲအေ့ . . . သိပ်အအော်သန်တယ်၊ သူဒီအော်မှုတွေနဲ့ အဲ . . . လန့်ပြီး အဆော်ခံရတာလဲ များလှပြီ . . . ဒါပေမယ့် မမှတ်သေးဘူး"

"အို . . . အော် အောင်လုပ်ရင် အော်မှာပေါ့၊ ဆော်ရုံမကလို့ တစ်ပစ်ပစ် . . . ဒါကြောင့်အခု သေနာကောင်ကြီးမသာဖြစ်နေပြီ . . . အတက်ကို ဆော်အုံးမလား . . . ချက်ချင်း ဘုရားတ,မှာပဲ"

"ဟော့ . . . မိရွှေကျော့ ညည်းဒီလိုမပြောနဲ့အေ၊ ဒီစကားဟာကောင်းတာမဟုတ်ဘူး . . . သက်သက် သူများကြားသွားရင် အထင်လွဲပြီး ညည်းကို အမှုပတ်နေအုံးမယ်"

"အလို . . . ဘုရားရေ . . . မလုပ်ပါနဲ့ . . . မရွှေသောင်းရယ် ပေါ်အားနောက် တရားပါ၊ ကျုပ်ဟာကျုပ်ပြောတာနဲ့ ဘာမှမဆိုင်ပါဘူး၊ ညည်းပါလား . . . ဟိုမိခင်မြင့်က ဘာတွေများသဘောကျပြီး ရယ်နေတာလဲအေ့၊ ညည်းလင် ကပွလီကို သံတိရလို့လား"

"တော်စမ်းပါအေ . . . အဲဒါ ကျုပ်လင်မဟုတ်ဘူး . . . ညည်းနဲ့ချတဲ့သတ္တဝါ၊ ဒီကသူအော်တာကို တွေးရယ်တာပါ"

"ဟုတ်ပါရဲ့ . . . ညည်းကတော့ ဘာကြောင့် ဒါလောက်ဖြစ်ပြီးနေရတာလဲ . . . ပါးစပ်ကြီးကို"

"ညည်းတို့ လင်လားအေ့၊ မကြားကြဘူးလား . . . အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ဂျုံးဂျုံးဒိုင်းဒိုင်းနဲ့"

"ဒါ ဘာဖြစ်သလဲ၊ ဒါလောက်တောင်ဘဲ အော်စရာလား၊ လေတွေတိုက်နေလို့ ပြတင်းတံခါးပိတ်ပြီး တစ်ခုခုပြုတ်ကျတဲ့အသံပဲ"

"တချပ် ကြောက်တာကိုတော့"

"ကြောက်ပါ . . . နေရာတကာ ညည်းတစ်ယောက်ပဲ ကြောက်နေ-အလို"

ဟုဆိုကာ သောင်းစိန်ဆိုသော မိန်းမပျိုလည်း ရှေ့သို့ စကားမဆက်နိုင်တော့ပဲ မိမိမျက်စိရှေ့တူရူရှိ အိမ်ငယ်ကလေးဘက် လမ်းကြားမှောင်ရိပ်ထဲသို့ မျက်လုံးများ ပြူးလျက် အံ့အားသင့်စွာနှင့် လှမ်းကြည့်ပြီးလျှင် . . .

"အို . . . အမလေး"

ဟု အသံတုန်အော်လိုက်သော မယ်ကျော့ဆိုသည့် မိန်းမပျိုကလေးနှင့် ခင်မြင့်ဆိုသော မိန်းမပျိုကလေးတို့အား အတင်းဆွဲ၍ ဖက်ထားလိုက်ပြန်လေ၏။

သုံးယောက်စလုံးပင် အလန့်ကြီး လန့်သွားကြပြီးလျှင် မျက်နှာများပျက်လျက် ခင်မြင့်က သောင်းစိန်၏ ပခုံးကိုကိုင်လှုပ်ကာ . . .

"ညည်းလင်မှာဘဲ အေ့ . . . လုပ်ပြန်ပြီ တစ်ယောက်က ဘာဖြစ်ရတာလဲ တွန့်နာ ထလို့လား"

ဟု မေးလိုက်ပြန်၏။

သောင်းစိန်တွင် ရင်ကလေးတစ်ဆက်ဆက် တုန်လျက် . . . လက်တစ်ဖက်ဖြင့်ဖိကာ လှမ်းကြည့်မိသော အိမ်ငယ်ဘက်လမ်းကြားဆီသို့ လက်တစ်ဖက်ဖြင့် ညွှန်ပြလျက် . . .

"ဟို . . . ဟို . . . ဟိုမှာ ညည်းတို့ လင်ကြီး မတွေ့ဘူးလား"

ဟုပြောလိုက်သဖြင့် အားလုံးပင် စိတ်လောကြီးစွာနှင့်ပုံနေရာဆီသို့ လှမ်းကြည့်လိုက်မိကြပြန်လေ၏။

တွေ့မြင်ရသော သဏ္ဍာန်ကား အရပ်ခပ်ပုပုနှင့် မှောင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



နေတတ်လျက် ကုန်းကွကွကြီး ထရံသို့ အသာကပ်ကာ တစ်လှုပ်လှုပ်ထွက်လာနေသည့် သတ္တဝါကြီးတစ်ကောင်ဖြစ်နေသဖြင့်လည်း သုံးယောက်စလုံးပင် မျှားစွာထိတ်လန့်သွားကြကာ အသက်ရှူမျှားပင် မှားလျက် တစ်ယောက်ကိုတစ်ယောက် ပူးကပ်မိကြပြီးလျှင် မကြည့်ရဲသည့် အလျောက်မျက်စိမျှားက မှိတ်ထားလိုက်ကြလေ၏။

"ဘုတ် . . . ဘုတ်" ဟူသော ရှူးဖိနပ်နှင့် ရင်းသွားသည့်ခြေသံကို ကြားလိုက်ရသောအခါတွင်မှ ရုတ်တရက် မျက်စိမျှားအသာဖွင့်၍ ကြည့်လိုက်ကြရာ အိမ်ဝင်းအပြင်ဘက်သို့ ရိပ်ကနဲ ထွက်သွားသည့် ထိုမဲမဲအထွာန်ကြီးကို နောက်ဆုံးတွေ့လိုက်ရပြီးလျှင် မကြာမီ လမ်းတစ်ဖက်ခြံခေါင်ကြီးမျှားရှေ့မှောင်ရိပ်ထဲမှ မော်တော်ကားတစ်စီး စက်နှိုးထွက်သွားသည်ကို မသဲမကွဲ ကြားလိုက်ကြရပြန်၏။

သုံးယောက်သားမှာလည်း အံ့အားသင့်လျက်ပင် ကြောက်အားကြီးစွာနှင့် မလှုပ်ဝံ့ကြသေးပေ၊ မည်သူမျှလည်း အသံမပြုဝံ့ဘဲရှိနေကြရာ အတန်ကြာလျှင် ယခင် ရင်းတို့မကြာခဏ မျှော်ကြည့်နေကြသည့် ခြင်းစပ်ရှိ ဓာတ်မီးတိုင်နှင့် လမ်းဘေးတွင် ထိုးရပ်လိုက်ပြန်ကာ . . . အိမ်ဘက်သို့ အားကောင်းသော လက်နှိပ်ဓာတ်မီးရောင်တစ်ခု မိုးရေထဲမှ ဓာတ်ထွင်း၍ ထိုးလိုက်သည်ကို တွေ့မြင်ရပြန်လေ၏။

သုံးယောက်စလုံးပင် ဝမ်းသာအားရ ဖြစ်သွားကြတာ . . .

"ဟော . . . လာကြပြီဟေ့၊ ရာဇဝတ်အုပ်တွေ ပါလာတယ် ထင်တယ်"

ဟု ခင်မြင့်က ပြောလိုက်လေ၏၊ ထိုနောက် သုံးယောက်သားထိတ်ဆိတ်သွားကြကာ လေ့ကားဝတွင် မတ်တပ်ရပ်၍ မျှော်ကြည့်နေကြပြန်လေ၏။

လက်နှိပ်ဓာတ်မီးရောင်လည်း တဝင်းဝင်းနှင့် ထိုးကာ မိုးရေထဲတွင် လူသုံး,လေးယောက် ကွင်းကလေးကို ဖြတ်လျက်လျှောက်လာနေသည်ကို တွေ့ရပြီးလျှင် အိမ်ရှေ့ဘက်သို့ လျှောက်လာသောအခါ၌ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှ လမ်းပြလာသည့် မိန်းမတစ်ယောက်တာ အိမ်ပေါ်သို့ လှမ်းကြည့်ကာ

"အို . . . တစ်အိမ်လုံးလဲ မှောင်လို့ပါလား၊ ကောင်မလေးတွေ မီးငြိမ်းတာကို ပြန်မထွန်းကြဘူး ထင်တယ်"

ဟုပြောလိုက်လေ၏။

ထိုနောက် မိမိ အနောက်သို့ ပြန်ကြည့်ကာ

"ကြွပါ . . . ကြွပါ အိမ်ပေါ်ကို တစ်ခါတည်း ကြွပါ"

ဟု နောက်က လူများကို ပြောကာ ထီးကို ပိတ်လျက်အိမ်ပေါ်သို့ တက်လာသဖြင့် မိုးကာအကျီကိုယ်စီနှင့် လူသုံးလေးယောက်လည်း ဆလုံ ကားထိပ်ဝရံတာ မှောင်ရိပ်တွင် စုရပ်နေကြသည့် ခင်မြင့်တို့ သုံးယောက် အား အကဲခတ်ကြည့်ရင်း အိမ်ပေါ်သို့ တက်လိုက်သွားကြလေ၏။

မိုးကြီးမှာလည်း မစဲသေးဟု ဆိုရစေကာမူ . . . လေများငြိမ် သက်လျက် စောစောကလောက် အလွန်အကျူးမသည်းတော့ပေ၊ မှောင် နှင့် မဲမဲဖြစ်နေသည့် အိမ်ခန်းမှာလည်း လသာမှန်အိမ်ငယ်ကလေး၏ အရောင်ဖြင့် အသင့်အတင့်လင်း၍ လာလေ၏၊ အိမ်ရှေ့ဝရံတာ မှောင် ရိပ်မှ ခင်မြင့် သောင်းစိန်နှင့် မယ်ကျော့တို့ သုံးယောက်မှာကား . . . အိမ်ထဲသို့ မဝင် ကြသေးဘဲ အပေါက်ဝမှ အသာထွက်ကာ ချောင်းကြည့် နေကြလေ၏။

အသင့်ရှိသော ကုလားထိုင်များတွင် ထိုင်နေကြသူ သုံးယောက် ကား . . . တစ်ယောက်မှာ ရာဇဝတ်အုပ် ကိုစံထွန်းဖြစ်၍ကျန်နှစ်ယောက် မှာကား အမှုထမ်းရဲသားများ ဖြစ်ကြလေ၏၊ နောက်ဖေးခန်းတွင် မီးခွက် ဝင်ထွန်းပြီး၍ ထွက်လာသည့် အသက်သုံးဆယ်ကျော်ခန့် မိန်းမလည်း ရွှဲရွှဲစိုနေသည့် မိမိကိုယ်မှ ပဒုမ္မာအကျီနှင့် သရက်ထည်ထမီများကိုပင် မလဲနိုင်သေးဘဲ မျက်လုံးတွင် မျက်ရည်များ ပြည့်လျှံလျက် အိမ်ရှေ့သို့ လှမ်းကြည့်ကာ . . .

"ဟို . . . ကောင်မလေးတွေကလဲ တစ်ခါတည်းကို အိမ်ထဲ ဝင်မကြည့်ကြဘူး၊ မီးခွက်တွေငြိမ်းလို့ မှောင်ပြီး မိုးကာထားတာတောင်

www.burmeseclassic.com

www.burmeseclassic.com



မသိကြဘူးထင်ပါရဲ့၊ ဒါလောက်တောင်ဘဲ အကြောက်ကြီးရသလား"

ဟုပြောဆိုမြည်တွန်တောက်တီးကာ မျက်ရည်များကို သုတ်ပြန်လေ၏။

ရာဇဝတ်အုပ်လည်း အပြင်သို့ လှမ်းကြည့်လိုက်ပြီးမှ အခန်းတွင်းသို့ တစ်ဖန်စောင်းကြည့်ပြန်ကာ . . .

"ကဲ . . . မအေးကြည် ဘယ်မှာလဲ ခင်ဗျားလင်အလောင်း" ဟု မေးလိုက်လေ၏။

"ရှိပါတယ် . . . ရှိပါတယ် . . . သူ သေဆုံးတဲ့ နေရာမှာ သူ့အတိုင်းဘဲဘာမှမကိုင်တွယ် စမ်းသပ်မကြည့်ရသေးပါဘူး၊ တွေ့တွေ့ချင်း ကျမလဲ မိုးရေထဲမှာ . . . ထီးတစ်ချောင်းနဲ့ . . . ဂတ်ကို ပြေးလာခဲ့တာပဲ၊ တောင်မလေးတွေလဲ ကြောက်ကြလွန်းလို့ တစ်ယောက်မှ အိမ်ထဲ ဝင်ရဲကြမှာ မဟုတ်ပါဘူး၊ ကျမဂတ်ကို ထွက်လာကတည်းက သူတို့အပြင်မှာ ဒီအတိုင်းပဲ နေခဲ့ကြပါတယ်"

"အင်း . . . သူ့အတိုင်း ထားတယ်ဆိုရင် နဲနဲစုံစမ်းရေးလုပ်တာပေါ့၊ ဘယ်မှာလဲဗျ အလောင်း"

"ဟော ဟိုအလယ်ခန်းထဲမှာ . . . စာအုပ်ကို စားပွဲပေါ်တင်ပြီး ကုလားထိုင်နဲ့ ထိုင်စာဖတ်ရင်း ခုလိုသေဆုံးနေတာ တွေ့ရတာပါပဲ ရာဇဝတ်အုပ်မင်းရယ်"

"သေတာ ဘယ်လောက်ကြာပြီလဲ ဒဏ်ရာရှိသလား"

"ကျမလဲ တစ်ခါတည်းမွှန်ထူပြီး ငယ်ထိပ် မြွေတိုက်သလိုဖြစ်နေလို့ သေသေချာချာမကြည့်မိသေးပါဘူး၊ ကြည့်လဲမကြည့်ရက်တော့ဘူး၊ ကိုယ်တိုင်ဘဲ ဝင်ကြည့်ကြပါ၊ စောစောက မိုးလဲအေးတာနဲ့ ဟောဒီ အပြင်ခန်းက ပက်လက်ကုလားထိုင်ပေါ်မှာ ကျမလဲ ခဏလှဲနေပြီး အိပ်ပျော်သွားပါတယ်၊ သူဘယ်အချိန်မှာ . . . ဘာဖြစ်ပြီး ခုလိုသေနေတယ်ဆိုတာလဲ ခပ်စောစောကပဲ အဲဒီအပေါက်ဝနားမှာ ဖျာခင်းပြီး စီအိပ်နေကြလို့ ဘယ်သူမှ မနိုးဘူး၊ ကျမလန့်အော်ပြီး ငိုပြေးလာတော့မှပဲ သူတို့လဲ သိကြ



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်"

"အင်း . . . ဝင်ကြည့်မယ်နော်"

"ကြည့်ပါ . . . ကြည့်ပါ . . . ဟောဟို အလယ်ခန်းကြီးထဲမှာ လက်ဝဲဘက် အိမ်ခန်းကလေးထဲမှာ ရှိပါတယ်၊ မီးအိမ်ကလေးလဲ စောစောက သူထွန်းထားတဲ့ အတိုင်းရှိပါသေးတယ်"

ရာဇဝတ်အုပ်လည်း အမှုထမ်းနှစ်ယောက်ကို ခေါ်ကာ အလယ်ခန်း၏ လက်ဝဲဘက်အတွင်းတွင် သီးသန့်ထားသော အိမ်ခန်းငယ်ကလေးတစ်ခုမှာ . . . တံခါးကို စေ့ထားသဖြင့် ခပ်ဟဟကလေး ဖြစ်လျက်အတွင်းမှ မီးရောင်ကလေးတံခါးကြားသို့ ထွက်နေသည်ကို တွေ့ရသဖြင့်လည်း ရာဇဝတ်အုပ်မှာ . . . အသာလက်နှင့် တွန်းဖွင့်လိုက်ရလေ၏။

တံခါးလည်းအတွင်းဘက်သို့ ကျွီကနဲ မြည်ကာ . . . အသာကလေးပွင့်သွားလေရာ . . . နှစ်ယောက်အိပ်ကုတင် တစ်ခု၏ မနီးမဝေးတစ်ဖက်ထရံတွင် ပွင့်နေသည့် ပြတင်းပေါက်ဘက်သို့ နောက်ခိုင်းလျက် ကုလားထိုင်တွင် ထိုင်၍မှီကာ ဇက်ကျိုးနေသည့် လူတစ်ယောက်ပုံသဏ္ဌာန်ကို မလင်းတလင်း မီးရောင်ဖြင့် မထင်မရှား မြင်တွေ့ရပြန်လေ၏။

သုံးယောက်စလုံး အခန်းထဲသို့ ဝင်သွားကြကာ . . . တိုင်ကပ်မီးအိမ်ကို မီးမြှင့်လိုက်ပြီးလျှင် . . . ထိုလူ၏ ရှေ့တွင်ရှိသော စားပွဲငယ်ပေါ်သို့ ရွှေ့တင်လိုက်လေ၏၊ ထို့နောက် အိမ်ရှေ့မှလသာမှန်အိမ်ကလေးကိုလည်း ရွှေ့ယူလာပြန်သဖြင့် အခန်းထဲတွင် ထိန်ထိန်လင်းသွားကာ ထိုလူအား ကောင်းစွာ ကြည့်မြင်နိုင်လေ၏။

စားပွဲပေါ်ရှိသော စာအုပ်ကား သမီးရည်းစား လင်မယားစသည်တို့ တစ်ဦးကိုတစ်ဦး အချစ်မေတ္တာ ပွားလျက်စွဲစွဲမြဲမြဲကြီး ချစ်ခင်နှစ်သက်စေနိုင်သည့် နိသျှည်းများ ရေးထားသော စာအုပ်များဖြစ်နေ၍ စာ သုံးလေးရွက်ခန့် လှန်လှောဖတ်ရှုနေရာမှ စားပွဲပေါ်တွင် မှောက်လျက် ချထားသည်ကို တွေ့မြင်ကြလေ၏၊ ရာဇဝတ်အုပ်လည်း ထိုစာအုပ်ကို အသာ



www.burmeseclassic.com

တိုင်ကြည့်လျက် ပြန်ချထားလိုက်ပြီးနောက် ထိုလူ၏ ကိုယ်တွင် ဒဏ်ရာများကို စုံစမ်းကြည့်ရှုပြန်လေ၏။

တစ်ကိုယ်လုံးတွင် ပေါက်ကွဲထိခိုက်သည့် ဒဏ်ရာတစ်ခုမှ ရှာမတွေ့ပေ၊ သွေးစ၊သွေးနလည်း မတွေ့ရဘဲ လည်မျိုတွင်သာ ညိုမဲဖူးရောင်ကာ . . . မျက်နှာတွင် အကြောများ ပြိုင်းပြိုင်းထလျက် မျက်စိတစ်ဖက်လုံး၊ မပွင့်တပွင့်ဖြစ်ပြီး ပါးစပ်အနည်းငယ် ပြနေသည်ကို တွေ့မြင်ရလေ၏။

အလောင်းကို ကိုင်တွယ်စမ်းသပ်ကြည့်ရမှာကလည်း မတော်သဆ ပုံစံပျက်သွားမည်စိုး၍ မကိုင်ဝံ့တော့ပေ၊ အခြားသဲလွန်စများကို ရှာဖွေကြည့်ရှုပြန်လေ၏၊ ပြတင်းပေါက်တံခါးပွင့်နေသည်ကို တွေ့ရ၏၊ ထိုပြတင်းပေါက်အပြင်ဘက်အောက်တွင် အိမ်ရှေ့မျက်နှာစာလမ်းသို့ထွက်နိုင်သည့် လူတစ်ကိုယ်စာမျှ ကျယ်သော လမ်းကြားကလေးတစ်ခုကိုလည်း တွေ့မြင်ရလေ၏၊ လက်နှိပ်ဓာတ်မီးနှင့် သေသေချာချာ ထိုးကြည့်ပြန်သောအခါ၌ ထိုပြတင်းပေါက် ဘောင်တန်းပေါ်တွင် ရွှံ့ပေနေသော ရှူးဖိနပ်ခြေရာကြီးတစ်ခုကို တွေ့ရပြီးလျှင် . . . လူသေ၏ အနီးကြမ်းပြင်ပေါ်တွင်လည်း ထိုကဲ့သို့ပင် ရှူးဖိနပ်ရာကြီး နှစ်ခုကို တွေ့ရပြန်လေ၏၊

ရာဇဝတ်အုပ်မှာ . . . ထိုအရာများကို သေချာစွာ ကြည့်ရှုလတ် ထိုလူအား . . . ပြတင်းပေါက်မှ တစ်စုံတစ်ယောက်သော ရန်သူက ...၍ လည်ပင်းညှစ်ကာ သတ်သွားသည်ဟူ၍ အမှုတွဲရေးရန် မှတ်တမ်း...ပြီးနောက် စုံစမ်းမှု ဖြစ်နေ၍ ဝတ္တုရားအတိုင်း ဂတ်သို့ပြန်ကာ... လက်ရာ၊ စစ်ဆေးသည့် အသုံးအဆောင်ကရိယာများယူဆောင်... ရာဇဝတ်မှူး တာဝန်ခံ အထူးစုံထောက် ရာဇဝတ်အုပ်ကလေး မောင်...အား အမြန်လာရောက်ရန် တယ်လီဖုန်းဖြင့် အကြောင်းကြားဖို့ ...တစ်ယောက်ကို လွှတ်လိုက်ရလေ၏။

× × ×

www.burmeseclassic.com

## လူနတ်မင်းကြီး

နာရီဝက်ခန့်ကြာလျှင် လိုအပ်သော ကရိယာများနှင့်တ
မောင်ညွှန့်လွင်နှင့်အတူ သူငယ်ချင်းဖြစ်သော မောင်လှအေးပါ ရော
၍လာကြလေ၏၊ ချက်ချင်းပင် မအေးကြည်ဆိုသော မိန်းမနှင့် မိန်း
ဍယောက်တို့အား ခေါ်၍ လိုအပ်သော အချက်များကို မေးမြန်းစုံ
ပြီးလျှင် . . . သေဆုံးသော "ကိုဖိုးချို"၏ အလောင်းကို ကျ
ကိုင်တွယ် စုံစမ်းကြည့်ရှုပြန်လေ၏။

"အင်း . . . ခင်ဗျားထင်သလိုပဲ၊ ဟောဟို ပြတင်းပေါ
တစ်စုံတစ်ယောက် ကျော်ဝင်ပြီး ဒီလူကို နောက်ကလည်ပင်းညှစ်သ
တာ အမှန်ဖြစ်မှာပဲ" ဟု ရာဇဝတ်အုပ်အား . . . လှမ်းပြောလိုက်
"ဒါတော့ . . . သေသေချာချာ ထင်ရှားနေတာပဲဗျာ"
"ထင်ရှားဆို . . . အလို . . . ဟိုစားပွဲထောင့်နားမှာ ဘာပ

www.burmeseclassic.com

www.burmeseclassic.com



ကလေးပါလိမ့်၊ ဟော့လှအေး . . . ဆွဲလိုက်စမ်းကွာ"

"အော် . . . လက်စသတ်တော့ . . . ဟား-ဟား"

"ဘာလဲကွဲ့ . . ."

"ပဋိသန္ဓေ တားဆေးတဲ့"

"ဟင် . . . ဒီလူ ဒါမျိုးသုံးတယ်ထင်ပါရဲ့၊ ဒါကြောင့် သူ့မယား လဲ အခုကိုယ်ဝန်ကြီးနဲ့ဗျို့"

ဟု ရာဇဝတ်အုပ်က ပြောလိုက်ရာ ညွှန့်လွင် လှအေးနှင့် ရဲသား တို့မှာ ဝါးကနဲ ပွဲကျ၍ သွားကြလေ၏၊ ထိုနောက် ညွှန့်လွင်လည်း ပုလင်း ကလေးကို ကိုင်ကာ အနည်းငယ်တွေတောပြီးလျှင် . . .

"ဒီဆေးပုလင်းဟာ . . . နဲနဲစဉ်းစားစရာ အချက်ပဲ"

ဟု အစ်လိပ်လို ပြောလိုက်ပြန်လေ၏။

လှအေးလည်း တန်းပေါ်တွင် တင်ထားသော အခြား ဘမ်းပရုပ် ဆီပုလင်း သဏ္ဍာန်ရှိသည့် ဆေးပုလင်းငယ်တစ်လုံးနှင့် လေးထောင့်ဖြူဖြူ ဆေးမှုန့်များ တစ်ဝက်နီးပါးခန့် ထည့်ထားသော အခြားပုလင်းကြီး တစ်လုံးကို တွေ့ရပြန်၍ . . .

"ဟော . . . ဒီပုလင်းတွေကကော . . . ဘာပုလင်းတွေလဲ ကူညီပါအုံး"

ဟုပြောပြောဆိုဆိုနှင့် လှမ်းယူ၍ ညွှန့်လွင်၏ လက်သို့ ကမ်းပေး လိုက်၏။

ပုလင်းများကို သေချာစွာကြည့်လျက် ညွှန့်လွင်အံ့အားသင့်သွား ၏၊ နောက်မှ အနည်းငယ်ပြုံးကာ . . .

"ဟာ ဒီလူ တယ်ရှော်တဲ့လူပဲဗျို့၊ ဒီမှာ ကြည့်ကြပါအုံး"

ဟုပြောလျှက် ထိုပုလင်းများတွင် ကပ်ထားသည့် ပုလင်းပတ်များ ကို မီးရောင်တွင် ထောင်၍ပြလိုက်လေ၏။

ဘမ်းပရုပ်ဆီဘူးကဲ့သို့ ပုလင်းကလေးတွင် (အသား ၆ဝအမယ် ကြီး ငယ်မှုပြန်သော ကွင်းဆေး)ဟူသော စာလုံးများကို တွေ့ရသဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် အံ့အားသင့်သွားကြကာ ဝါးတနဲ ရယ်လိုက်မိကြပြန်လေ၏။

သို့သော် ညွှန့်လွင်တွင် များစွာ ဣန္ဒြေကောင်းလျက် . . . မျက်မှောင်ကုတ်ကာ တစ်စုံတစ်ခုကို တွေးနေပြီးမှ ပြုံးလျက် ဦးခေါင်းညိတ်၍

"ဒီလိုကိုး . . . တုတ်ပါပြီ"

ဟု ဝါးစပ်မှ အသံထွက်သွားလေ၏၊ ထိုနောက် ရာဇဝတ်အုပ်ကို ကြည့်၍ . . .

"ဒါထက် . . . ဒီ ကိုဖိုးချိုဆိုတဲ့လူဟာ ဘာအလုပ် လုပ်သတဲ့လဲ . . ."

ဟုမေးလိုက်ပြန်၏။

"သူ့ မိန်းမပြောတော့ ဘတ်စ်ကား မောင်းတယ်လို့ ပြောတာပဲ"

"ဘယ်သူ့ကား . . . မောင်းသတဲ့လဲ"

"အမှန်မရှိဘူး . . . ကြုံရာကားကို နေ့စားပေးပြီး မောင်းသတဲ့"

"သူ့ လိုင်စင်ကော"

"ရှိမှာပေါ့"

"ဒါဖြင့် ကြည့်ရအောင် . . . သူ့မိန်းမကို မေးကြည့်စမ်းဗျာ"

ရာဇဝတ်အုပ် အပြင်သို့ထွက်သွားပြီးနောက် မိန်းမကြီးနှင့် မိန်းမပျိုသုံးယောက်ကို ခေါ်လာသဖြင့် ညွှန့်လွင်လည်း အကဲခတ်ကြည့်တာ . . .

"ကဲ . . . အမကြီး အလုပ်ရှုပ်တယ်လဲ မအောက်မေ့နဲ့ဗျာ၊ ကိုဖိုးချိုရဲ့ ကားမောင်းလိုင်စင်ကလေး ခဏလောက်ကြည့်ပါရစေ"

ဟုပြောလိုက်လျှင် ထိုမိန်းမလည်း ရုတ်တရက် မျက်နှာပျက် ယောင်ယောင်ဖြစ်သွားပြီးမှ ပြန်၍ ပြင်လိုက်ကာ"

"သူ့လိုင်စင်လဲ . . . ဘယ်မှာထားမှန်းမသိပါဘူးရှင်၊ ကိုယ်နဲ့ မဆိုင်တဲ့အလုပ်မို့လို့ တခါမှလဲ ယူမကြည့်မိပါဘူး . . . တစ်ခါသော် အဲဒီမှာပဲ ရှာကြည့်ကြပါ"

ဟုပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ညွှန့်လွင်က ပြုံးကာ . . .

"အို . . . ဒီလိုဖြင့်လဲ ရှိပါစေတော့ . . . မရှာလိုပါဘူး၊ ကိုဖိုးချိုမှာတော့ ရန်သူကလေးဘာလေးများ ရှိချင်ရှိမှာပေါ့နော်၊ သူက မော်တော်ကား မောင်းစားတဲ့လူကိုးဗျ"

"ကျမတို့ သိရသလောက်တော့ . . . သူ့မှာ ရန်သူမရှိပါဘူး"

"အော် . . . ဟုတ်လား၊ ဒါထက် . . . ဒီအိမ်မှာ လူဘယ်နှစ်ယောက် နေကြပါသလဲ"

"ဟောဒီကလေးမသုံးယောက်နဲ့ ကျမတို့ လင်မယားနှစ်ယောက်ပဲ နေကြပါတယ်ရှင်"

"စားသောက်နေထိုင်ဖို့ စီးပွားရှာတော့ . . . ကိုဖိုးချိုတစ်ယောက်တည်းပဲ . . . ဟုတ်စ"

"ကလေးမတွေကလဲ . . . ဈေးရောင်းပါတယ်"

"ဘယ်မှာလဲ . . . ဘာများရောင်းပါသလဲဗျာ"

"ဟိုလမ်းမမှာ . . . လ္ဘက်၊ ဂျင်းသုတ်ဆိုင်ကလေး တည်ရောင်းပါတယ်"

"အင်း . . . အင်း . . . ကောင်းပါပေတယ် ခင်ဗျာ၊ နို့ . . . သူတို့က ဘယ်လိုတော်ကြပါသလဲ"

"သူတို့ကတော့ . . . အင်း . . . ကျမညီမ ကလေးတွေ . . . တူမကလေးတွေပဲ ဆိုပါတော့လေ"

"ဟုတ်ကဲ့ . . . တော်ပါပြီခင်ဗျာ၊ အထူးမေးစရာ မရှိတော့ပါဘူး အမကြီးနေလိုရာမှာ နေနိုင်ပါပြီ၊ ကျွန်တော်တို့ဒီမှာ နဲနဲစုံစမ်းလိုက်ပါအုံးမယ်"

ဟု ညွှန့်လွင်က ပြောလိုက်သဖြင့် မအေးကြည်လည်း မိန်းခလေးများကိုခေါ်ကာ အခန်းပြင်သို့ ထွက်သွားကြပြန်လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသော စာရွက်

"ဒင်" ကနဲ အစချီ၍ ထွက်ပေါ်လာသော နာရီသံကား ၁၂ချက် ဖြစ်၏၊ ညွန့်လွင်၊ လှအေးနှင့် ရာဇဝတ်အုပ်တို့လည်း ထိုအချိန်တွင် အိမ်သာလမ်းကြားနှင့် အိမ်ဝင်းထဲတွင် လိုက်လံစုံစမ်းနေကြပြန်လေသည်၊ လမ်းကြားထဲတွင် အိမ်ပေါ်၌တွေ့ရသည့် ဖိနပ်ခြေရာကြီးများကိုလည်း တွေ့ကြရပြန်လေ၏၊ ခြံပေါက်မှအပြင်သို့ ထွက်သွားသဖြင့် မြောင်းအုတ်နှုတ်ခမ်းတွင် နင်းထားခဲ့သည့် ခြေရာများကိုလည်း တွေ့ရပြန်၏၊ ခပ်လှမ်းလှမ်းရှိ လမ်းပေါ်မှ မော်တော်ကားတစ်စီးထွက်သွားသည်ဆိုသော နေရာ၌လည်း လမ်းဘေးမြက်ခင်းနားတွင် ထိုခြေရာကြီးများကို တွေ့ရကာ မော်တော်ကားဘီးရာများကိုလည်း တွေ့ရပြန်လေ၏။

ညွန့်လွင်လည်း ထိုမော်တော်ကားဘီးရာများကို သေချာစွာ မီးဖြင့်ထိုး၍ကြည့်ပြန်၏၊ တစ်စုံတစ်ခုကိုတွေ့ရသဖြင့် အိုသာဒိုင်ယာမီး



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွင် ရေးမှတ်ထားပြီးလျှင် အိမ်ဆီသို့ ပြန်သွားကြပြန်လေ၏၊ လမ်းကြားထဲမှ ဝင်လျက် အိမ်နောက်ဖေးဘက်သို့ စုံစမ်းရန် သွားကြပြန်လေ၏။

နောက်ဖေးလမ်းကြားတွင် ဘာကိုမျှ မတွေ့ကြရပေ၊ ထိုအိမ်မှ အိမ်သာအောက် မြောင်းနှုတ်ခမ်းတွင် အစိတ်စိတ်အမွှာမွှာဆုတ်၍ ချထားသည့် ရေများစိုရွှဲနေသော စာရွက်စုတ်များကို တွေ့ရလျှင် ညွန့်လွင်လည်း . . .

"ဟို ဖြူဖြူဟာ ဘာလဲဗျို့"

ဟု ပြောပြောဆိုဆိုနှင့် မီးဖြင့် လှမ်းထိုးကြည့်လိုက်ပြန်လေ၏။

"စာရွက်စုတ်တွေပါဗျ"

ဟု ရာဇဝတ်အုပ်ကလည်း အမှတ်မဲ့ကြည့်၍ ပြောလိုက်၏။

"ဒီဟာ အိမ်သာတက်ရင်းဖတ်ပြီး ဆုတ်ချထားတဲ့ စာရွက်ပဲဗျ၊ အိမ်ပေါ်က ကောင်မလေးတစ်ယောက်ယောက်ရည်းစားထားပြီး ခိုးဖတ်ပြီထင်တယ်"

ဟုပြောကာ ညွန့်လွင်လည်း အသာထိုင်၍ ထိုစာရွက်များကို အားလုံးကုန်အောင် ကောက်ယူနေပြန်ရာ လှအေးနှင့် ရာဇဝတ်အုပ်လည်း နှာခေါင်းရှုံ့လျက် . . .

"ထွီး . . . ရွံစရာကောင်းလိုက်တာဗျာ၊ ဒီအိမ်သာအောက်က စာရွက်တွေ ဘာများလုပ်ဖို့ ကောက်နေရပြန်တာလဲ"

ဟု ပြောလိုက်ကြလေ၏။

သို့သော် ညွန့်လွင်မှာ ၎င်းတို့ပြောစကားကို အရေးမလုပ်ဘဲ စာရွက်များကို ကုန်အောင်ပင် ကောက်ယူပြီး အသာလက်တွင်ကိုင်၍ . . .

"ကိုယ့်လူတို့ရဲ့ ရွံစရာဆိုတာ အမြဲလို ဟုတ်ဘူးဗျ၊ ဆေးကြောပစ်ရင် သန့်ရှင်းတာပဲ၊ ဒီကိစ္စမျိုး ကြုံနေတဲ့ အခါမှာ ကတ်ကတ်သတ်သတ် သဲလွန်စ ဆိုတာမျိုးကို ရအောင်ရှာရတယ်"

ဟုပြန်ပြောကာ အရှေ့မှထွက်သွားသဖြင့် လှအေးနှင့်ရာဇဝတ်အုပ်တို့လည်း အသာပြုံးလျက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်

www.burmeseclassic.com



ကာ . . . အနောက်မှ လိုက်၍ သွားကြလေ၏။

အိမ်ပေါ်သို့ ရောက်ကြပြန်လေပြီ၊ ကိုဖိုးချို၏အလောင်းကိုလည်း လည်ပင်းတွင်ရှိသော လက်ရာများကို ပေါ်လွင်အောင်လုပ်၍ ကူးယူရန် စီစဉ်ပြီးလျှင် ဂတ်မှထရပ်ကားဖြင့် တင်ကာ ဆိုင်ရာသို့ ပို့လိုက်လေ၏၊ ထိုနောက် အခန်းငယ်ထဲသို့ မည်သူမျှဝင်လာရန် ခွင့်မပြုဘဲ ရဲသားနှစ်ယောက်ကို အပေါက်ဝတွင် စောင့်ခိုင်းကာ ညွန့်လွင်လည်း လှအေးနှင့်ရာဇဝတ်အုပ်တို့ ရှေ့တွင်ပင် အိမ်နောက်ဖေးမှ ကောက်ယူခဲ့သည့် စာရွက်စုတ်များကို တစ်ခုစီ ဆက်စပ်လျက် ဖတ်ရှုနေပြန်၏။ သို့သော် စာရွက်စုတ်များမှာ စာတစ်စောင်လုံး အပြည့်အစုံမဟုတ်သည့်အပြင် တချို့မှာလည်း ရေများစိုနေသဖြင့် ပွန်းကာ စာများဖတ်မရအောင် ပျက်နေပြီဖြစ်၍ အောက်ပါအတိုင်းသာလျှင် ဆက်စပ်၍ ရရှိလေတော့၏။

". . . တိထားပြီး . . . စိုက်ပါ၊ ကိုယ့်ကိုလဲ လုံးလုံးမထိနိုင်အောင် ကာကွယ်ကြိုးစားရမယ်၊ သူဟုတ်မဟုတ် . . . ချာသိ . . . ကြိုးတယ်နော်၊ မဟုတ်လို့ . . . ကြာကြာ . . . နဲ့၊ ဟုတ်ရင် . . . . . . ကြာနှောင့်နှေး . . . ဝှကျ . . . တခါထဲ . . . လိုက်ကိစ္စအေး . . . အကြောင်း . . . ပြန်ခဲ့သည်၊ ကိုယ့်ကိုတော့ . . . အောင် ကြိုး စား . . ."

လှအေးနှင့် ရာဇဝတ်အုပ်တို့မှာ ထိုစာကိုဖတ်ရှုပြီးလျှင် ဘာကိုရည်ရွယ်လျက် . . . ဘာတွေ ရေးထားသည်ဟု အဓိပ္ပါယ် ကောက်မရနိုင်သဖြင့် . . . ကျိတ်လျက်ရယ်မောနေကြရပြန်လေပြီ . . . ထိုလက်ရေးမှာ ယောကျာ်းလက်ရေး မဟုတ်နိုင် မိန်းမတစ်ယောက်ယောက်၏ လက်ရေးဖြစ်လိမ့်မည်ဟူ၍ကား အားလုံးပင် အတတ်တွေးမိကြလေ၏။

ညွန့်လွင်မှာ ဆေးတံကို အငွေ့တထောင်းထောင်းထအောင် အားရစွာ ဖွာရှိုက်လျက် . . . မျက်မှောင်ကုတ်ကာ အတွေးနက်နေခဲ့သည်၊ ဤတွင် . . . ရာဇဝတ်အုပ်က သူ၏ကျောကို လက်နှင့်ပုတ်လျက် "ဟား . . . ဟား . . . ဒီအိမ်က ကောင်မလေး တစ်ယောက်ယောက် ရည်းစားထားပြီး . . . အကောင်ဆီက ပေးတဲ့စာကို အိမ်သာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖတ်ဆုတ်ပစ်ခဲ့တဲ့ စာပါဗျ . . . ဟိုမှာမတွေ့ဘူးလား (နှောင့်နှေး . . . ဝွကျ . . . တခါတည်း . . . လိုက် . . . ကိစ္စအေး) ဆိုတဲ့ စာလုံးတွေဟာ အစိပ္ပါယ်အရှင်းကြီးပဲ . . . နှောင့်နှေးနေရင် ဂွကျတော့မတဲ့ . . . ဒါကြောင့် မင်းငါနဲ့ တခါတည်းသာ လိုက်ခဲ့မှ ကိစ္စအေးမယ်) ဆိုတာ အထူးတွေးနေဖို့ မလိုပါဘူး" ဟု ပြောကာ တဟားဟား ဆက်၍ ရယ်နေပြန်၏။

ညွှန့်လွင်ကား . . . သူတို့အား ဂရုမစိုက်ပေ၊ စကားတစ်ခွန်းမှ လည်း ပြန်မပြောဘဲ စာရွက်စုတ်များကိုသာ အကြိမ်ကြိမ်ပြန်လှည့် စတ်ရှုလျက် အတော်ကြာမှ . . . "အင်း" ဟု ပါးစပ်မှ အသံထွက်လျက် . . . ဦးခေါင်း ကို ခပ်ဖြည်းဖြည်းညိမ့်ပြီးလျှင် . . .

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒီစာဟာ သဲလွန်စဘဲ"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်ပြန်၏။

"လက်ရေးက မိန်းကလေးလက်ရေးမို့လို့ အထက်က မိန်းမတစ် ယောက်ရေးပို့တဲ့ စာဆိုတာကိုတော့ တွေးသင့်ပါတယ်ပဲ ထားပါအုံးဗျာ၊ ဒီစာကိုလက်ခံရယူတတ်တဲ့ လူကိုတော့ ခင်ဗျားကဘာကြောင့် မိန်းမဘဲ ဖြစ်တယ်လို့ အတတ်တွေးနိုင်သလဲ"

"တွေးဖို့အချက်တွေ အများကြီးရှိနေတာ ခင်ဗျားမှ မသိဘဲ . . . အစ်အချက် . . . ဒီကိုဖိုးချိုဆိုတဲ့လူဟာ မော်တော်ကား မောင်းစားတယ် လို့ ဆိုပေမယ့် အတည်တကျအခြေအမြစ်နဲ့ မပြနိုင်ဘူးဗျ၊ နှစ်အချက်. . . မော်တော်ကားမောင်းတဲ့လိုင်စင်ကို အစပျောက် ပြောထားတယ်၊ လိုင်စင် ပျောက်နေတယ့်ဆိုရင်လဲ ဘာမှမခတ်ဘူးဗျ၊ မော်တော်ပီကယ်မှာ . . . (ရီဂျစ္စတာ)တွေကို သွားစုံစမ်းကြည့်ရင် အတတ်သိမှာပဲ . . . ကျုပ်တော့ ဘယ်နည်းနဲ့မှ ဒီလူ့ရုပ်ပုံနဲ့ လက်ခံလိုင်စင်ကို တွေ့လိမ့်မယ် မထင်ဘူး၊ ဒါ . . . တစ်ခါတလေ . . . လူမြင်အောင်တော့ မော်တော်ကားကလေး ဘာလေး အသိမိတ်ဆွေတွေဆီမှာ ဟန်ဆောင် တက်မောင်းပေလိမ့်မယ် ဆိုတာတော့ ကျုပ်ယုံကြည်တယ်၊ နောက်ပြီး သူ့ခြေလှမ်းတွေကို ကြည့်ရ၊



www.burmeseclassic.com

www.burmeseclassic.com



တာလဲ မော်တော်ကား မောင်းစားတဲ့ ခြေလှမ်းမျိုးတွေ မဟုတ်ဘူး၊ဒါတွေ ခင်ဗျားသတိပြုမိရဲ့လား"

"အင်း . . . မပြုမိဘူး . . . ဆိုပါအုံး"

"သုံးအချက် . . . တကယ်ပဲ ဒီလူ မောင်းစားတယ်ဆိုဦးတော့ သူ့အိမ်အခြေအနေ သူ့မယားနဲ့ ကောင်မလေးတွေ ဝတ်စားထားတဲ့ အခြေအနေဟာ ဒီလိုမော်တော်ကားအလုပ် လုပ်တဲ့ အခြေအနေနဲ့ အင်မတန်ကွာခြားနေတယ်၊ ကျုပ်သိရသလောက် (လခ-သုံးရာ)ကျော် ရတဲ့ စာရေးကြီးတွေ တောင်မှ ဒီလိုအခြေအနေမျိုးနဲ့ မနေနိုင်ကြပါဘူး၊ ဒီလူ မော်တော်ကားမောင်းလို့ တစ်နေ့တစ်ဆယ်စီပါ့မလား"

"ဟာ . ဒါလောက်ကားတွေ ပေါများနေတာဗျာ ခဲယဉ်းသားပဲ"

"ဟုတ်ပြီ . . . သူ့အလုပ်က ကြုံရာဘတ်စ်ကားကို တက်မောင်းတယ်ဆိုပြန်တော့ အခက်သားပဲ၊ အလုပ်ရှိချင်တဲ့ နေ့မှရှိမှာပါ၊ ဒီတော့ သူ့ငွေဝင်လမ်းနဲ့ အခြေအနေဟာ မတန်အောင် ဖြစ်မနေဘူးလား"

"အင်း . . . ဒါပေမယ့် ဟိုကောင်မလေးတွေ ဆိုင်ထွက်သေးတယ်ဆိုတာကိုးဗျ"

"အဲဒါလဲ တွေးအုံးလေ . . . တစ်နေ့မှ တစ်ကျပ် ငါးမတ်အများဆုံးစီမှာပါ၊ တစ်လခြောက်ဆယ်ဘဲထားပါတော့ ဒီအခြေမျိုးနေနိုင်ပါ့မလား အခုကောင်မကလေးတွေ ကိုယ်မှာဆင်ထားတဲ့ ပစ္စည်းဟာ အနည်းဆုံး တစ်ယောက်ကို တန်ဘိုးငွေ နှစ်ရာကျော်မယ်၊ သူ့မယားမှာဆင်ထားတာက လက်ကောက်တွေတွင်ဘဲ ရွှေဒင်္ဂါးဆယ်ပြား မကနိုင်ဘူး၊ ဆွဲကြိုးက သုံးလေးပြားအနည်းဆုံးရှိမယ်၊ ဇာရံ နားကပ်လဲစိန်အစစ်မဟုတ်နဲ့ဦး ရှစ်ဆယ်လောက်တော့ . . တန်လိမ့်မယ်၊ တစ်တန်းသွားလက်စွပ်ကလေး တွေကလဲ သုံးကွင်းလောက် ရှိသေးတယ်၊ ပါးစပ်မှာလည်း ရွှေသွားကလည်း လေးချောင်းတောင် လက်ပတ်နာရီကလေးတွေလဲ အနည်းဆုံး တစ်ရာကျော်တန်မှာဘဲ၊ လက်ပတ်ကြိုးကတော့ နီလာကျောက်ကလေးတွေ စီလို့ ရွှေဒင်္ဂါး နှစ်ပြားမကဘူး၊ နောက်ပြီး ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေသတင်းစာတောင်မှ နာမည်ကျော် သတင်းစာသုံးမျိုး စလုံး ဖိုင်လုပ်ထားတာမြင်ရဲ့လား အခန့်စား လပိုင်းနှစ်ပိုင်းနဲ့ မှာယူတာ ဖြစ်ရမယ်၊ သူ့အခြေအနေက လူဂုဏ်တန် အထက်တန်းစားမျိုး ဖြစ်နေတယ်"

"တော်တယ်ဗျာ . . ခင်ဗျားဒီအထိအောင် စေ့စေ့စပ်စပ်မြင်ပြီး၊ တွေးပြီးပြီကိုးဗျ၊ ကျုပ်တော့ ဒါတွေကို မဆိုင်ဘူးထင်လို့ ဂရုကို မစိုက်မိပါဘူး. . . "

"ဆိုင်ပါသော်ကောဗျာ၊ ဒီအချက်တွေဟာ ကျွန်တော်တို့ ထောက်မှုတွေမှာ အရေးကြီးဆုံးပေါ့၊ ခုလိုအလုပ်အကိုင်ဝင်ငွေနဲ့ သူ့အခြည် မျိုးနေနိုင်တယ်ဆိုတာ စုံစမ်းဖို့ အချက်ပေါ်တယ် မဟုတ်လား"

"ဒါဖြင့် ခင်ဗျား ဘယ်လိုထင်သလဲ"

"လေးအချက်တွေကို ဆက်တွေးလေ. . . ဟိုမိန်းမပြောပုံ အရိပ်အခြေကိုထောက်ရင် ဒီကောင်မလေး သုံးယောက်ဟာ သူတို့လင်မယားနဲ့ ရင်းရင်းနှီးနှီး သွေးသားတော်စပ်တယ် မထင်ဘူး၊ ငါးအချက် . . . ဒီကောင်မကလေး သုံးယောက်အနက် ညိုညိုကလေးတစ်ယောက်ကို ဖယ်ပြီး ကျန်တဲ့နှစ်ယောက်ဟာ သူတို့ပြောပုံဆိုပုံ အနေအထိုင်နဲ့ရုပ်ဆွေဏာ ဣန္ဒြေကို ကြည့်ရတာ တယ်ပြီးမဟန်ဘူး . . . ၊ ယောကျ်ားတွေအပေါ်မှာ အရှက်အကြောက်နည်းနည်းမှ မထားကြောင်းကို ဖော်ပြနေကြတယ်၊ ကျုပ်ရှင်းရှင်းပြောမယ်၊ သဘင်သည် မိန်းကလေးတစ်ယောက်ကို ဘယ်နေရာမှာမဆို အကဲခတ်ပြီး သေချာချာ ကြည့်ရင် သူ့ရဲ့အပြောအဆို အမူအရာ မျက်နှာပေးနဲ့ သူဟာ ကချေသည်ဖြစ်လိမ့်မယ်ဆိုတာ အမြန်လူများရှောင် တွေးတော ရိပ်မိနိုင်ပါတယ် ဟုတ်ရဲ့လား . . . "

"အင်း . . ဆိုပါဦး"

"အဲဒီလိုဘဲ ဈေးရောင်းစားတဲ့ မိန်းကလေး ၊ ဆေးလိပ်လိပ်စားတဲ့ မိန်းကလေး၊ စာရေး စာချီ ဇလုပ်စားတဲ့ မိန်းကလေး၊ ကျောင်းသူမလေး ဘာမှမလုပ်ဘဲ မိဘအားကိုးပြီး အငြိမ်းနေတဲ့ မိန်းကလေး . . . အားလုံးတို့တိုလည်း သူတို့ရဲ့ (ကာရိုက်တာ) စာရိတ္တကို ကြည့်ပြီး အမှန်အထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ပြီးအကဲခတ်သိဖို့ မခဲယဉ်းပါဘူး၊ အဲဒါတွေက လွဲရင် ကိုယ်ကျင့်တရား ပျက်ပြားပြီး မိမိကိုယ်ကိုမိမိမတော်တရော် အသုံးချလို့ ကာမဆိုတဲ့ အမူအရာ၊ အကျင့်စာရိတ္တဟာ ဆိုခဲ့တဲ့ မိန်းကလေးများထက် ပေါ်လွင်ထင်ရှားပြီး လူတိုင်းဘဲအကဲခတ်နိုင်အောင် အစဉ်အမြဲဖော်ပြနေထိုင်လေ့ရှိကြပါတယ်၊ အခုလို ဒီကောင်မလေးတွေဟာလဲ ဟိုညီညို့ကလေးတစ်ယောက်ကလွဲပြီး ကျန်တဲ့ နှစ်ယောက်ဟာ အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေးတွေလို့ မဆိုနိုင်ဘူး"

"အဲဒါကိုတော့ . . . . ကျုပ်လဲထင်မိပါတယ်၊ ဒီထိအောင် ဒါမျိုးနဲ့အတိအလင်း စီးပွားရှာနေကြတဲ့ ဟာတွေလို့တော့ မထင်မိဘူး"

"ခင်ဗျား သေသေချာချာမှ ဆက်မတွေးဘဲကိုးဗျ၊ ဟောဒီ (ပဋိသန္ဓေ တားဆေး) ပုလင်းဟာ ဒီလူ့အတွက်ဆိုရင် ရိုးရိုးသားသမီး မလိုချင်တဲ့အတွက် သူ့မိန်းမကို တိုက်ဖို့ ဆောင်ထားတာ မဖြစ်နိုင်ဘူး အခု သူ့မိန်းမကိုယ်ဝန်အရင့်အမာကြီး ဖြစ်နေတာက သက်သေခံနေပြီ မဟုတ်လား"

"ဟုတ်ရင် ဟိုကောင်မကလေးတွေဖို့များလား၊ ဒီလူကောင်ကလေးတွေကို ကျွေးဘဲ၊ ကောင်မကလေးတွေကို ဗိုက်မကြီးအောင် ဒီဆေးနဲ့. . ."

"အေး ခင်ဗျာထင်တာ သိပ်မလွဲဘူး၊ ဒါပေမယ့် ဟောဒီကွင်ဆေးပုလင်းကလေးက ရှိသေးတယ်၊ နောက်ပြီး ဟောဒီကာလသားရောဂါ ဖြူးဆေးမှုန့်တွေကလဲ အများကြီး ရှိနေသေးလို့ ဟိုလိုလဲ ထင်စရာအကွက် ပေါ်နေသေးတယ်"

"ဘယ်လိုလဲ"

"တစ်အချက် ကောင်မလေးတွေ အမူအရာ 'မကောင်းဘ'ရင် နှစ်အချက် ပဋိသန္ဓေ တားဆေးရှိတာရယ်၊ သုံးအချက် ဖြူးဆေး အများကြီးရှိတာရယ်၊ လေးအချက် အလုပ်အကိုင် အခြေအမြစ်မမြဲဘဲနဲ့ အခုလိုအခြေမျိုးနေနိုင်တာရယ်၊ အားလုံးဆက်စပ်တွေးလိုက်ရင် တို



www.burmeseclassic.com

www.burmeseclassic.com



ဝန်အရင့်အမာရှိနေတဲ့ ဟောဒီ ပဋိသန္ဓေတားဆေးဟာ ကျွန်မတို့အဖို့ ဖြစ်ပါတယ် ဆိုတာကို အဲဟိုမိန်းကလေးများက မိမိတို့ရဲ့ မကောင်းသော အမူအရာအကျင့်စာရိတ္တနဲ့ အကြောင်းပြပြီး သက်သေခံနေကြပြန်တယ်၊ တုတ်ကဲ့လားဗျို့"

"ဟုတ်ပါပေတယ်ဗျာ"

"ဒါဖြင့် ဘယ်သူကမြင်းထလို့ သူတို့တစ်တွေ "ငပူတင်းမ" ဖြစ်မှာကို ကြောက်ပြီး ဒီဆေးကို ဆောင်ထားရသလဲ"

"ကိုဖိုးချိုပဲရှိတာပေါ့ သူဝယ်ထားတဲ့ဆေးပဲ"

"ကိုဖိုးချိုပဲဆိုရင် ဘာကြောင့် ဟောဒီကွင်းဆေးကို ဆောင်ရခလဲ၊ ဒီဆေးကို ဆောင်တာဟာ စင်စစ်ဒီဆေးမဆောင်ရင် ဒီကောင်မလေးတွေကိုယ်ဟာ ဘာမှအသုံးမကျလောက်အောင် ဖြစ်နေလို့ပေါ့"

"ဟုတ်မှာပေါ့ဗျ"

"ဟုတ်တယ်ဆိုရင် ကိုဖိုးချို တစ်ဦးတည်းနဲ့တော့ ဒင်းတို့ဘယ်ညီးနဲ့မှ ဒါလောက်အဖြစ်မဆိုးနိုင်ဘူး၊ နောက်ပြီးဖြူးဆေးတွေကိုလည်း ဆောင်ထားစရာ မလိုဘူး"

"ဒါကတော့ကိုဖိုးချိုအဖို့ ဆောင်တာပေါ့ဗျာ၊ ယောကျ်ားဆိုတာမျိုးက အခက်သား တော်ရာမှာ ဖြစ်ချင်တိုင်းဖြစ်လာတတ်တာဘဲ"

"ကိုဖိုးချို တစ်ယောက်တည်းအဖို့ဆိုရင် ဒါလောက်အများကြီးမလိုဘူးဗျ၊ ခုဟာက နှစ်ရှည်လများ အမြဲအစွဲအသုံးပြုဖို့ တင်ကြိုပြီး ဆော်စပ်ထားတာ ဖြစ်ရမယ်၊ တွေးမိပြီလား ဘွင်းဘွင်းကြီးပေါ်နေပြီ၊ ကိုဖိုးချိုဆိုတဲ့လူဟာ ဒီကောင်မလေးတွေနဲ့ စီးပွားရှာနေရလို့ ဒီလိုငွေဝင်လမ်းဖြောင့်ပြီး အခြေအနေဖြစ်တဲ့အတွက် ကောင်မကလေးတွေမှာ လူနစ်လူခင်များအောင် ဟောဒီကွင်းဆေးဘူးကလေးကိုဆောင်တယ်၊ ဒီဆေးက ဘယ်လိုပဲ စီးပွားရှာရှာ အနှောင့်အယှက်မဖြစ်နိုင်အောင် တားဆီးဖို့ဆောင်ထားတဲ့ ပဋိသန္ဓေတားဆေးဖြစ်ရမယ်၊ ဟောဒီ ဖြူးဆေးတွေကတော့ ကောင်မလေးတွေမှာ အန္တရာယ်ကပ်ရောက်လာရင် ကြာရှည်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကုစားရအောင် တမင်ဖော်စပ်ပြီး အသင့်ဆောင်ထားတာ ဖြစ်ရမယ်၊ ဟုတ်ကြပြီးလား၊ ဒီလူ့အသက်မွေးဝမ်းကျောင်း ကောင်းတဲ့လူ မဟုတ်ဘူး၊"

"ရှင်းပါပေရဲ့ဗျာ အစစ်ကိုဟုတ်ပါပြီ၊ ဒါဖြင့်အခုအမှုဖြစ်တာနဲ့ ဒါဘာဆိုင်သလဲ"

"ဒီအလုပ်လုပ်စားတဲ့ လူမျိုးဟာ အလွန်ရန်သူပေါတာပေါ့ဗျ ဒီအလုပ်နဲ့ပတ်သက်ပြီး လုပ်နေကြတဲ့ မိန်းကလေးတွေကလဲ မကျေမနပ် ဖြစ်ကြရင် ရန်ရှာတတ်တာ ရှိနေပါပြီ၊ သူတို့က တခြားဆက်သွယ်ပြီး ရန်ရှာခိုင်းတာလဲ ရှိနေပြီ၊ ဒီတော့ အခုဒီကိစ္စမှာလဲ ဒီလူကို မိန်းကလေး တွေထဲကပဲ မကျေနပ်လို့ဖြစ်စေ၊ တခြားမှာ အဆက်အသွယ် ရလို့ဖြစ်စေ အခုလိုကြံစည်တယ်ဆိုရင် မဖြစ်နိုင်ဘူးလား"

"ဟာ ဟုတ်ပြီဗျို့ အခုဟိုစာသဘောကို အဓိပ္ပါယ်ပေါက်လာ တယ်၊ ဒီအိမ်က မိန်းကလေးတစ်ယောက်ကို တခြားအဆက်က စာရေး ပေးပြီး ဒီလူကိုကိစ္စတုံး သတ်ပစ်ဖို့ အကြောင်းကြားတာနဲ့တူတယ်"

"ဒီလိုဘဲ တွေးသင့်ပါတယ်၊ ဒါပေမယ့် စာအဓိပ္ပါယ်က ကျွန် ဆက်တွေးမိသမျှ အကျဉ်းချုပ်တော့ ဒီလူကို မိန်းကလေးတစ်ယောက်က မကျေနပ်လို့ ကြံတာလဲ မဖြစ်နိုင်ဘူး၊ တခြားအဆက်ရှိလို့ ကြံတာလဲ ဖြစ်နိုင်စရာ အကြောင်းမရှိဘူး၊ အပြင်လူသက်သက်က လူတစ်စုံတစ် ယောက်အပေါ်မှာ အပြစ်အနာတစ်ခုရှိလို့ သတ်ချင်တယ်၊ အဲဒီအပြစ် ရှိတဲ့လူကိုလည်း ဘယ်သူဘယ်ဝါရယ်လို့ အတပ်မသိဘူး၊ ကိုဖိုးချိုကို မသင်္ကာဖြစ်နေတယ်၊ ဒါကြောင့် အခုကိုဖိုးချိုကိုဘဲ သူတို့ သတ်ချင်သူ ဟုတ်မဟုတ် အတပ်သိရအောင် အတွင်းသူလျှိုလွှတ်ပြီး စုံစမ်းခိုင်းတာ ဖြစ်ရမယ်"

"အဲဒါ ဘာကြောင့်တွေးမိသလဲဆိုတော့ စာထဲမှာ (သူဟုတ် မဟုတ် သေသေချာချာသိဖို့ အရေးကြီးတယ်) ဆိုတဲ့ အချက်ကိုတွေး ကြည့်လေ၊ နောက်ပြီးဒီလူဘဲအမှန်ဖြစ်ရင် သူ့ကိုအမြန် အကြောင်းပြန် ကြားလိုက် ဆိုတဲ့အချက်ကလည်း ဒီစာထဲမှာ အထော်ထင်ရှားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနားမှာ (ခဲ့မည်)ဆိုတာကတော့ (ချက်ခြင်းလာခဲ့မည်)လို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဘဲ အဲဒါကိုထောက်ရင် ဒီမှာရှိနေတဲ့အတွင်းလူက သတ်တာမဟုတ်ဘဲ ဟိုကလူကိုယ်တိုင်လာပြီး သတ်တာမဖြစ်နိုင်ဘူးလား၊နောက်ပြီးတိုဘက်အိမ်ကြီးက (မဲမဲ)ကြီး ထွက်သွားတာကို တွေ့လိုက်ကြရတယ်ဆိုတဲ့အချက်နဲ့ဖိနပ်ခြေရာကြီးတွေ တွေ့တဲ့အချက် ဟိုမှာမော်တော်ကားဘီးရာတွေ့တဲ့အချက်တွေကလဲ ဒီလူကိုအပြင်က တစ်စုံတစ်ယောက်လာပြီး သတ်သွားကြောင်း သိပ်ပြီးထင်ရှားနေပြီ ဟုတ်ကဲ့လား"

" ဟာ အဲဒါတွေ အားလုံးဟုတ်နိုင်တယ်ဗျို့"

"ဟုတ်နိုင်တယ်လုပ်မနေနဲ့ ဟုတ်နေတာမှရေမရောဘူး"

"ဒါဖြင့် အခုဘယ်လိုလုပ်မလဲ"

"ခင်ဗျားတို့ အသာကြည့်နေကြ၊ ကျုပ်မျက်လှည့်ပြမယ်၊ ဒီအခန်းက တံခါးဖွင့်လိုက်ပေတော့"

ရာဇဝတ်အုပ်လည်း ၎င်းပြောသည့်အတိုင်းပင် အခန်းတံခါးကိုဖွင့်လိုက်၏၊ အိမ်အပြင်တွင် ထိုညအဖို့ မိုးလည်းအနည်းငယ် စဲသွားပြီးမှတဖန် ပြင်းထန်စွာ သဲသဲမဲမဲရွာသွန်းနေပြန်ပြီဖြစ်၍ တရှဲရှဲ တဟဲဟဲဆူညံသော လေသံများလည်း တဝုန်းဝုန်းနှင့် ဆူညံဓနလျက် အိမ်တွင်းသို့ပင်တစ်ချက်တစ်ချက် ဝှေ့တိုက်ဝင်ရောက်လာသဖြင့် ၎င်းတို့တံခါးဖွင့်လိုက်သည့်အခိုက်တွင်အပေါက်နှင့်တည့်တည့်တစ်ဖက်တွင်ရှိသောအခြားအခန်းငယ်၌ တပ်ဆင်ထားသည့် ခန်းဆီးကြီး တလူလူလွင့်နေသည်ကို တွေ့ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်းထဲမှအော်သံ

ထိုအခန်းငယ်မှာ အပေါ်၌တံခါးမရှိဘဲ ခန်းဆီးကြီးသာလျှင် တပ်ဆင်ထားသဖြင့်လည်း ထိုသို့လေတိုက်၍ခန်းဆီးလွင့်တက်သွားသော အခါ၌ အခန်းတွင်းဘက်သို့ ကြည့်မြင်နိုင်ကာ ထိုအခန်းထဲရှိ တစ်ဘက် ဘေးထရံ မှန်ပြူတင်းတွင် အပြင်ဘက်မှ လျှပ်ရောင်များ ဝင်းကနဲလက် သွားသည်ကိုလည်း တွေ့မြင်ကြရပြန်လေ၏။

ညွှန့်လွင် ထိုင်ရာမှထကာ အပြင်သို့ ထွက်သွားပြီးလျှင် မိန်းမ ကြီးကို ခေါ်လျက်တစ်ဖက်တွင် တွေ့ရသော အခန်းငယ်အကြောင်းကို မေးပြန်လေ၏။ ထိုအခန်းမှာ မိန်းမပျိုများ အိပ်ရန်အတွက် သီးသန့်ထား သော အခန်းဟုဆို၏။ သို့သော် အခန်းတွင်းသို့ ဝင်ကြည့်ပြန်သောအခါ ၌ ပေါင်ဒါဘူး၊ တို့ပတ်ပုဝါ၊ ကော့စမတစ်၊ အင်္ဂလိပ်ဆံကောက်ဖီးသောဘီး တန်း၊ ဆံပင်သပ်သော(ဘရပ်ရှ်ဝက်မှင်ဘီး)များ တင်ထားသည့် မှန်ထောင်

www.burmeseclassic.com



ဘီရိုတစ်လုံး၊ ကုလားထိုင်နှင့်စားပွဲငယ်တစ်လုံး၊ ကြိုးတန်းလျက် တင်ထားသော ယောက်ျားချည်လုံချည် အဟောင်းနှစ်ထည်၊ မျက်နှာသုတ် ပုဝါကြီးတစ်ထည် စသည်များနှင့် တစ်ယောက်အိပ် ကျွန်းကုတင်အဟောင်းတစ်လုံးတွင် မွေ့ရာခင်းကာ ခေါင်းအုံးကြီးနှစ်လုံးယှဉ်လျက် အထက်မှပိတ်ခြင်ထောင်ကိုပင့်တင်ထားကာ တွေ့မြင်ရပြန်၍စေ့စေ့စပ်စပ်ပင်ကြည့်ကာ ညွှန့်လွင်မှာ ပြုံး၍ဦးခေါင်းညိတ်လျက် မိန်းမကြီး၏ မျက်နှာကိုအကဲခတ်ကြည့်လိုက်လေ၏။

ထို့နောက်

"အင်း သူတို့သုံးယောက်ဟာ ဒီတစ်ယောက်အိပ်ကုတင်ကလေးတစ်လုံးပေါ်မှာ အတော်ဘဲ ကျဉ်းကျဉ်းကျပ်ကျပ် အိပ်ကြရရှာမှာဘဲနော်"

ဟုပြောလိုက်၍ မိန်းမကြီး ရုတ်တရက်မျက်နှာပျက်သွားသဖြင့် ထဖန် မျက်နှာကိုပြင်၍ပြုံးကာ . . .

"ဒီလိုပေါ့လေ မိန်းကလေးတွေချည်းပဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက်ပူးကပ်ပြီး ထပ်အိပ်ကြရပေမယ့် ကိစ္စမရှိဘူးပေါ့"

ဟုညွှန့်လွင်ကပင် ထပ်၍ပြောပြီးမှ . . .

"ကဲ အမကြီးကို ဟောဒီရာဇဝတ်အုပ်မင်းများက နည်းနည်းပါးပါး မေးစရာကလေးများရှိသေးတဲ့အတွက် တဆိတ်သည်းခံပြီး ပြောလိုက်စါဦးခင်ဗျား၊ အပြင်ခန်းမှာ သွားမေးကြပါ၊ ဒီအခန်းကိုတော့ မိန်းကလေးတစ်ယောက်လောက် လွှတ်လိုက်ပါ၊ နည်းနည်းစစ်မေးစရာရှိလို့ပါ"

ဟုပြောရင်း ရာဇဝတ်အုပ်အား အမှတ်မဲ့ မျက်စေ့မှိတ်ပြလိုက်သဖြင့် ရာဇဝတ်အုပ်နှင့် လုအေးတို့လည်း မိန်းမကြီးကို အပြင်ခန်းသို့ခေါ်သွားကာ ထွေရာလေးပါးအကွက်ဆိုက်အောင် စကားရှာ၍မေးမြန်းနေကြလေ၏။

ခင်မြင့်ဆိုသော ကောင်မလေးကို အခန်းတွင်းသို့လွှတ်လိုက်သဖြင့်လည်း ညွှန့်လွင်သည်မီးအိမ်ကလေးကို ခပ်မှိန်မှိန်ထွန်းထားလျက် ကုတင်ပေါ်၌ ခြင်ထောင်ချကာ တက်အိပ်စောင့်နေလေရာ ခင်မြင့်အခန်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရပ်လျက် ခပ်အမ်းအမ်းဖြစ်နေသည့် [illegible] ကြွက်တစ်ကောင်သည် သူ၏ခြေဖမိုးပေါ်မှဖြတ်၍ [illegible] အကြီးအကျယ် ထိတ်လန့်သွားကာ . . .

"အမယ်လေး "

ဟု ငယ်သံပါအောင် အော်လျှက် ခုန်လိုက်ပြီးလျှင် ညွန့်လွင်တို့ အမှတ်မဲ့ အတင်းပင်ဖက်ထားလိုက်မိလေ၏၊ ညွန့်လွင်ကား အံ့အားသင့်ကာ ငိုင်နေမိလေပြီ။

ထိုအခါ၌ ဘာဖြစ်မှန်းမသိသဖြင့် အပြင်ခန်းမှရာဇဝတ်အုပ်နှင့် လှအေးတို့လည်း အခန်းပေါက်သို့ အပြေးအလွှားရောက်လာကြတော မေးတော့ မယ်ကျော့တွင် ညွန့်လွင်ကိုလွှတ်၍ခွာသွားကာ . . .

"အို ကြွက်ကြွက် ကျမခြေထောက်ပေါ်ကို ကြွက်ဖြတ်ပြေးလို့ လန့်သွားတယ်၊ ကျမကြွက်ကို သိပ်ကြောက်တာ"

ဟုပြောလိုက်မှ အားလုံးပင် "ဟင်း"တနဲ့သက်ပြင်းချကာ ရယ်မိကြတော့၏။

ညွန့်လွင်လည်း မှန်အိမ်ငယ်ကို မီးမြှင့်လိုက်ပြန်လျှင် ရာဇဝတ်အုပ်က ပြုံး၍မယ်ကျော့နှင့် ၎င်းအားအကဲခတ်ကြည့်ကာ . . .

"ဘယ့်နှယ်လဲ ကိုယ်တော် မော်ရုံတောမှာ"

ဟုပြောလိုက်သဖြင့် လှအေးကလည်းပြုံး၍

"ဘယ်မှာလဲကွ မင်းမျက်လှည့်ပြတာလဲ ကြွက်တက်ရုံပဲလား"

ဟုမေးပြန်တာ တဟားဟားရယ်လိုက်ကြလေ၏။

သို့သော် ညွန့်လွင်ကား မျက်နှာခပ်တည်တည်နှင့်ပင် ၎င်းတို့ကို ကြည့်ကာ . . .

"အေး ငါမျက်လှည့်ပြလိုက်တာလေ အခုဒီအမှုမှာ အားပေးကူညီလုပ်တဲ့ လူကိုမိပြီ"

ဟု ပြန်ပြောလိုက်တော့၏။

"ဟင် ဘယ်မှာလဲ အဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အို အစစ်ပါ၊ အပြင်ကမိန်းမတွေအားလုံး ဒီအခန်းထဲကို ခေါ်သွင်းလိုက်စမ်းပါ၊ အခုဆွဲပြပါမယ့်"

ရာဇဝတ်အုပ်လည်း အထဲမှပင်နေ၍ လှမ်းခေါ်လိုက်သဖြင့် မအေးကြည်နှင့်ခင်မြင့် ၊ သောင်းစိန်တို့ပါ၊ အခန်းတွင်းသို့ရောက်၍လာကြလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# အချက်ပြသော မီးနီရောင်

ထိုအချိန်တွင် အပြင်ဘက်၌မိုးကြီးမှာလည်း မစဲသေးဘဲ သဲသဲ ညံလျက် ရှိနေသည့်အလျှောက် များစွာမဲမှောင်ကာ ရှိနေလေပြီ၊ ထိုအခန်း ငယ်၏အပြင်ဘက်၌ ကွင်းတစ်ခုရှိလေ၏၊ ထိုကွင်းတစ်ဖက် အတော်လှမ်း လှမ်းတွင်သစ်စက်ဂိုဒေါင်များ မိုးမိုးမဲမဲရှိနေလျက်၊ ထိုအခန်းငယ်မှ မှန်ပြူ တင်းနှင့် မျက်နှာချင်းဆိုင် ဆောက်လုပ်ဆဲ ဂိုဒေါင်ကြီးတစ်ခု၏ တံစက် မြိတ်အောက်မှောင်ထဲတွင် မိုးကာအင်္ကျီကြီးကိုဝတ်၍ ဆက်လျှက်ရှိသော ခေါင်းကို ဦးခေါင်းစွပ်အုပ်ထားသည့် လူတစ်ယောက်ထိုင်နေလေ၏ မိုးကြီးများစွာသည်းထန်လျက် အကာလဖြစ်၍လူများသွားလာရန် မသင့် သည့် ဤအချိန်၌ ထိုကဲ့သို့ မဲမှောင်နေသော ဂိုဒေါင်ထဲတွင် ၎င်းအား မည်သူတစ်ဦးတစ်ယောက်မှမြင်နိုင်မည် မဟုတ်သော်လည်း ထိုသူမှာကား မိမိမျက်နှာ တူရူတွင်ရှိနေသော အမှုဖြစ်သည့်အိမ်ကြီး၏သာ နားစွင့်လျက်



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကာ ကြည့်နေသူဖြစ်သည့်အလျှောက် ထိုအခိုက်တွင် ညွန့်လွှင်စုံစမ်းနေသည့် အခန်းငယ်အတွင်းမှ မယ်ကျော့လန့်အော်လိုက်သည့်အသံကို သဲ့သဲ့မျှကြားလိုက်ရကာ မီးအိမ်မှမီးကိုမြှင့်တင်လျက် တဖန်ပြန်၍မှိန်ချလိုက်သည်ကိုလည်း မှန်ပြူတင်းတွင် သေချာစွာ (လင်းကနဲ မှိန်ကနဲ) ဖြင့်တွေ့မြင်လိုက်ရလေပြီ။

ဤတွင် ထိုလူရုတ်တရက် အံ့အားသင့်သကဲ့သို့ ဖြစ်သွားပြီးလျှင် မိုးရေထဲတွင် ဂိုဒေါင်ဘေးဘက်မှ တပ်ဆင်ထားသည့် ငြမ်းများကို ဆွဲခိုလျက် အထက်သို့ တက်သွားပြန်လေ၏၊ အထက်ခေါင်မိုးအနီးသို့ ရောက်လျှင် . . . ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ပြန်ကာ တခေါ်သာသာလောက်ဝေးသော ဌာနရှိ အခြားလမ်းတစ်လမ်းမှ နှစ်ထပ်တိုက်တစ်လုံး၏ ဘေးဘက်တွင် မှန်အိမ်ကလေးတစ်လုံး ဆွဲချိတ်လျက် မီးထွန်းထားသည့် ပြူတင်းပေါက်ငယ်တစ်ခုကိုတွေ့မြင်ရလျှင် . . . မိမိမိုးကာအိတ်အတွင်းမှ လက်နှိပ်ဓာတ်မီးငယ်တစ်လုံးကို ထုတ်ယူကာ ဖွင့်ချည်ပိတ်ချည်ဖြင့် သုံးကြိမ်တိတိ မီးထိုးပြလိုက်လေ၏။

ထိုပြူတင်းပေါက်ဆီမှလည်း ချက်ချင်းပင် အဝါရောင်စူးရှသော မီးကလေးကို သုံးကြိမ်တိတိ ဖွင့်လိုက် ပိတ်လိုက်ဖြင့် ထွက်ပေါ်လာသည်ကို တွေ့ရလျှင် . . . ထိုလူလည်း မိမိလက်မှ ဓာတ်မီးထိပ်ကို တစ်ပတ်လှည့်လိုက်ကာ နီရဲသော မီးရောင်ကလေးဖြင့် သုံးကြိမ်ပင် ဖွင့်ပြလိုက်ပြန်လေ၏။

ပြူတင်းပေါက်ဆီမှ နောက်ထပ် မီးရောင်လည်း ထိုနည်းတူပင် အနီရောင်ဖြစ်လာပြန်၏၊ ထိုလူဘက်သို့ မထိုးတော့ပဲ အတော်ဝေးဝေးတွင် ရှိသည့် လမ်းကျယ်ကြီးဘေး၌ မဲမှောင်သော သစ်ပင်ရိပ်အောက်တွင် ရပ်ထားသည့် မော်တော်ကားကလေးဆီသို့ ဝင်းကနဲ သုံးကြိမ်တိတိပင် ဖွင့်ပြကာ မီးအနီကွင်းကြီးဖြစ်အောင် တစ်ချက်သာ ဝိုင်း၍ ပြလိုက်လေ၏။

ချက်ချင်းပင် ထိုမော်တော်ကားဆီမှလည်း 'ဂွီ' ကနဲ စူးရှစွာ



www.burmeseclassic.com

www.burmeseclassic.com



နှိပ်လိုက်သည့် (ဘက်ထရီဗူးခွံ)သံကို ကြားလိုက်ရပြီးလျှင် . . . အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွားသည့် စက်သံကို ကြားလိုက်သဖြင့် ပြတင်းပေါက်တံခါးတလေးလည်း ရုတ်တရက်ပိတ်သွားကာ အလင်းရောင်များ ပျောက်ကွယ်သွားလေတော့၏၊ ထိုအခါမှ ငြမ်းပေါ်တွင် တက်နေသူလည်း အောက်သို့ သွက်သွက်ပြန်ဆင်းလျက် ဂိုဒေါင်တွင်းသို့ ဝင်ကာ မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## မိုက်စက်ကွင်း

ထိုသို့ အပြင်ဘက်၌ ဖြစ်ပျက်နေသော ထူးထွေသည့်အချက်များကို ညွန့်လွင်တို့ လူသိုက်မှာ အခန်းငယ်တွင်း၌ ဘာမျှမမြင် မသိကြတော့ပေ၊ ရာဇဝတ်အုပ်လည်း အားလုံးတို့၏ မျက်နှာတို့ အကဲခတ်ကြည့်ရှုပြီးမှ . . .

"အားပေးကူညီလုပ်တဲ့လူမိပြီဆိုတာ ဘယ်မှာလဲဗျ . . . ဘယ်သူလဲ" ဟု မေးလိုက်၏။

ညွန့်လွင်ကား . . . ဆေးတံကို မီးညှိဖွာရှိုက်ပြီးမှ အေးဆေးစွာပြုံးလျက် ဦးခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ရင်း မအေးကြည်၏ မျက်နှာသို့ အစိပ္ပါယ်ပါသော မျက်လုံးများဖြင့် အသာကြည့်လိုက်၏။

မအေးကြည်လည်း အကြီးအကျယ် မျက်နှာပျက်သွားလျက် . . တစ်ကိုယ်လုံးပင် သိသိသာသာကြီး တုန်သွားကာ မျက်လုံးမျက်ဆံ ပြူးပြူး



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာနှင့် ညွန့်လွင်အား ကြည့်၍ . . .

"အလို . . . ကျမကိုတော့ အထင်မလွဲပါနှင့်ရှင် . . . ဘယ်သူစွာပေးပေး ကျမသောက်ဖြားကို ချစ်လွန်းလို့ အခုလိုဖြစ်ရတဲ့ အတွက်တောင် ရင်ထဲမှာ တမ္ဘာမီးတောက်နေပါတယ်"

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၍ ရုတ်တရက်အားလုံးပင် အံ့အားသင့်သွားပြန်လေ၏။

ညွန့်လွင်တွင် အပြုံးမပျက်ဘဲ . . .

"မစိုးရိမ်ပါနဲ့ဗျာ . . . အမကြီးကိုလဲ ကျွန်တော်က မစွပ်စွဲသေးပါဘူး၊ ဒီမှာရှိတဲ့လူတွေထဲက ဘယ်သူဘယ်ဝါရယ်လို့လဲ အတပ်မပြောနိုင်သေးပါဘူး၊ ကျွန်တော့်ထက်အတပ်သိတဲ့ လူများက ပြောပြပါလိမ့်မယ်"

ဟု ပြောလိုက်မှ မအေးကြည်တွင် အနည်းငယ် စိတ်သက်သာရာရသည့် အမူအရာများ ပြောင်းသွားလျက် အထူးပင် စိတ်အားသန်စွာဖြင့် . . .

"စုံထောက်မင်းထက်ပိုပြီး သိတဲ့လူဆိုတာ ဘယ်သူပါလိမ့်"

ဟုမေးလိုက်ပြန်၏။

"ဟုတ်ကဲ့ . . . သူ့ကို ကျွန်တော်ရှာအုံးမယ်ခင်ဗျ၊ သူ့ကိုရှာလို့မတွေ့ရင် နဲနဲတော့ အခက်တွေ့အုံးမှာပဲ၊ တဆိတ် ကျွန်တော့ကို ခွင့်ပြုပါအုံး . . . ဟောဒီ မိန်းကလေးတွေရဲ့ (တိုလီမိုလီ) ပစ္စည်းများသိမ်းဆဲထားတဲ့ သေတ္တာဖြစ်စေပေါ့လေ . . . သားရေအိတ်တို့ ဖာတို့ဖြစ်စေ ကျွန်တော် ခေတ္တလောက်ဖွင့်ကြည့်ပြီး စုံစမ်းပါရစေအုံး"

"ရှာပါ . . . ရှာပါ . . . ဘယ်နေရာမဆို အလိုရှိတာ ရှာနိုင်စုံစမ်းနိုင်ပါတယ်၊ ကျမ သေတ္တာတို့ ဘီရိုတို့အထဲမှာလဲ ရှာသာ ရှာပါ၊ ဒီအမှုပေါ်ရင် ကျေနပ်ပါပြီ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ အဲဒီ မိန်းကလေးများရဲ့ . . . (စကားမဆုံးမှီ မအေးကြည်လည်း) ဟဲ့ ခင်မြင့်တို့ သောင်းစိန်တို့ ညည်းတို့ သေတ္တာကို ထုတ်ပြလိုက်ကြလေ . . . ဟို ကောင်မကလေးက ဘာငိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲ . . . ဟဲ့ မယ်ကျော့ ညည်းသေတ္တာတွေလဲ ဖွင့်ပြလိုက်"

ဟု ပြောလိုက်လျှင် -

(ညွန့်လွင်က လက်ကာပြ၍) "အို - နေပါစေ ရှိတဲ့နေရာ လိုက်သာပြ၊ ကျွန်တော့ဘာသာ ကျွန်တော်ကြည့်ပါမယ် . . . ဟုပြောလိုက်၏။

မိန်းမပျိုများလည်း ထိုအခန်းထဲတွင်ရှိသည့် ကုတင်အောက်သို့ လက်ညွှန်ပြကာ . . .

"ဟောဟို ကုတင်အောက်မှာ အားလုံးပဲရှိပါတယ်"

ဟု ပြောလိုက်ကြလေ၏။

ရာဇဝတ်အုပ်မှာကား ညွန့်လွင်ဘာတွေ လျှောက်လုပ်နေသည် ဟု အကဲခတ်၍မရ၊ နားလည်း မလည်နိုင်သဖြင့်ငေးစိုက်ကြည့်ရှုနေရာမှ အနားတွင်ရှိသော လှအေးအား အသာလက်တို့လျက် -

"ကိုယ့်လူ အချိန်လဲမရှိတော့ဘူးဗျ၊ ဒီလူကလဲ မဆိုင်တဲ့ဥစ္စာ ဘာတွေလျှာရှည်နေသလဲ မသိဘူး"

ဟု ခပ်တိုးတိုးပြောလိုက်၏။

သို့သော် . . . လှအေးက ဘာမျှပြန်၍မပြောဘဲ အလိုက်သင့် ပင် ဦးခေါင်းညိတ်ပြကာ ညွန့်လွင်ကိုသာလျှင် အကဲခတ်ကြည့်နေလေ၏၊ ထိုအခိုက်အိမ်နှင့် ခပ်လှမ်းလှမ်း ကွင်းစက်နားဆီတွင် "ဝူး" ကနဲ မော်တော်ကားတစ်စီး ထိုးရပ်လိုက်သည့် အသံလိုလို . . . မိုးသံ၊ လေသံများကြောင့် အခြားမည်သူမျှ မကြားလိုက်မိသော်လည်း လှအေးမှာ သတိထား နားစွင့်နေသူဖြစ်၍ ခပ်သဲ့သဲ့ ကြားလိုက်ရသဖြင့် ထပ်မံ ဂရုစိုက်ကာ နားစွင့်မိပြန်လေ၏၊ အိမ်ရှေ့ခန်း တံခါးပေါက်အပြင်ဘက်နားတွင်ကား ရဲသားနှစ်ယောက်မှာ ကုလားထိုင်တစ်လုံးစီဖြင့် မျက်နှာချင်းဆိုင်လျက် အိပ်ငိုက်နေကြလေ၏။

ညွန့်လွင်လည်း ကုတင်အောက်မှ အစဉ်လိုက်ထားနေသည့် သံသေတ္တာငယ်နှစ်လုံးနှင့် သားရေသေတ္တာငယ်တစ်လုံးတို့ကို မနေအားကြည့် အားဆွဲထုတ်စေကာ ခင်မြင့်၏ သံသေတ္တာကို ပထမဦးစွာ ဖွင့်၍မွှေ



www.burmeseclassic.com

www.burmeseclassic.com



နှောက်ကြည့်ရှုပြီးနောက် သောင်းစိန်၏ သေတ္တာကို ဖွင့်လိုက်ရာ . . . ရှေးဦးစွာ နှတ်ဆတ်ယူတ် ထိုးထွက်လာသော အနံ့ကား (အိုင်ဒိုဖောင်းခေါ်) လူပျိုနာဆေးနံ့တစ်မျိုးဖြစ်၍ "ဟာ . . ." ဟု ဆိုကာ နှာခေါင်းရှုံ့လိုက်သဖြင့် ရာဇဝတ်အုပ်နှင့် လှအေးတို့မှာ ဣန္ဒြေ မဆောင်နိုင်ကြတော့ပဲ "ဝါး" တနဲ့ အသံထွက်အောင် ရယ်လိုက်မိကြလေ၏၊ မအေးကြည်နှင့်သောင်းစိန်တို့မှာကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဣန္ဒြေပျက် နေကြလေ၏။

နောက်ဆုံးတွင်ကား မယ်ကျော့၏ သားရေသေတ္တာငယ်ကို ဖွင့်လေပြီ ဖွင့်သွားသည်နှင့် တပြိုင်နက်လည်း လှအေးက "ရှူး . . ." ကနဲ ရှုပ်လိုက်သဖြင့် ညွန့်လွင် အံ့အားသင့်သွားကာ သူ့မျက်နှာကို မော့ကြည့်လိုက်လေ၏။

"ဟော့ . . . ဘာလုပ်တာလဲကွ . . . လှအေး"

"မင်း မြွေအလပ္ပါယ် ပြမယ် မှတ်လို့ . . . ပချုပ်ထဲက မြွေထွက်လာတဲ့ အသံလေ"

ဤတွင် ရာဇဝတ်အုပ်မှာ တံတွေးများ သီးအောင်ရယ်လိုက်၍ လှအေးလည်း ရောရယ်ကာ သောင်းစိန်နှင့် ခင်မြင့်တို့ပါ အသံထွက်သွားသဖြင့် မယ်ကျော့က ရှူးသိုးသိုးနှင့် လှည့်ကြည့်လိုက်မှ နှစ်ယောက်သား မျက်နှာပိုးသတ်လိုက်ကြလေ၏။

သေတ္တာထဲမှ . . . ထမီ၊ အင်္ကျီ၊ ဂျာကစ်၊ ဇာဘော်လီနှင့် လက်ကိုင်ပဝါ၊ ပေါင်ဒါဘူး၊ ရေမွှေးပုလင်း၊ နှုတ်ခမ်းဆိုးဆေး၊ ဆံပင်အုပ် ပိုက်စသည့် အသုံးအဆောင်များကို တစ်ခုစီဆွဲ၍ ထုတ်ယူပြီးနောက် သံစီးကရက်ဘူး အလွတ်တစ်ခုကို အဖုံးဖွင့်ကာ ကြည့်လိုက်ပြန်ရာ . . . အထဲတွင် စာရွက်ခေါက်ကလေး နှစ်ခုနှင့် စာတိုက်တံဆိပ်ခေါင်း အသစ်ခြောက်ခုကို တွဲလျက်သား တွေ့ရပြန်၏၊ ညွန့်လွင်လည်း စာရွက်တစ်ခုကို အသာဆွဲထုတ်ကာ ဖွင့်၍ကြည့်ပြန်လေ၏၊ အထက်နားတွင် "ဤစာရွက် မပျောက်စေနှင့်" ဟူသော စာလုံးသေးသေးကလေးများကို တွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



…စွာ စိတ်အားထက်သန်စွာနှင့် အောက်တွင်ရှိသော စာကြောင်းကလေး …တို့ လျှင်မြန်စွာ ဖတ်ရှုပြန်လေ၏။

"ဒီကနေ့ပဲ ပြောင်းလိုက်ပြီ"

"အကြောင်းထူးရင် ထွက်ခဲ့၊ ခုနှစ်မိုင် . . . ယာယီ"

ဤမျှသာ ဖတ်လိုက်ရ၏၊ ရှေ့သို့ဆက်၍ မဖတ်ရခင်ပင် …နှံ့လွင်လည်း ဖြတ်ကနဲ မိမိမျက်နှာကို အထက်သို့ မော့လိုက်ပြီးလျှင်

"ဟော့ . . . ဒီဉာဏ်မျိုးနဲ့ ငါ့ကို မရဘူးကွဲ့"

ဟု ပြောပြောဆိုဆို လက်တွင်ဆုပ်ထားကာ အပေါက်ဝမှ အပြင် …တ်သို့ အမှတ်တမဲ့ ထွက်သွားတော့မည့်ဆဲဆဲ ရှိနေသည့် မယ်ကျော့ …အား လျှင်မြန်စွာ ပြေး၍ ရှေ့မှကာဆီးထားလိုက်လေ၏။

အားလုံးလည်း အံ့အားသင့်သွားကြတော့သည်၊ သို့သော် မယ် …ကျော့မှာ ဣန္ဒြေအနည်းငယ်မျှ မပျက်ဘဲ မျက်နှာခပ်တင်းတင်းနှင့် …နှံ့လွင်ကို ကြည့်၍ . . .

"ဒါ . . . ဘာလုပ်တာလဲ၊ ရှင်က လူတိုဘာမှတ်လို့လဲ . . ."

ဟု ခပ်ထန်ထန် မေးလိုက်လေ၏။

"ဟား . . . ဟား"

ညွှန့်လွင် အော်၍ ရယ်လိုက်ပြီးမှ . . .

"ဘာလုပ်ရမှာလဲ . . . မင်းကို ဖမ်းမလို့"

ဟု ပြန်ပြောလိုက်တော့သည်။

"အလို . . . ရှင်က ကျမကို ဘာအပြစ်နဲ့ ဖမ်းရမှာလဲ"

"မင်းအပြစ်မင်းသိမှာပေါ့"

"မသိဘူး . . . ဘာမှ အပြစ်မရှိဘူး . . . အူကြောင်ကြောင် …လုပ်နဲ့"

"အင်း . . . တော်တော်သတ္တိကောင်းတဲ့ ဟာတွေဘဲနော်၊ ငါ့ကို …ခ်လို့မရဘူးကွဲ့၊ နိုင်ငံကျော် စုံထောက်ကြီး ဦးထွန်းပေါ်ရဲ့ ညာလက်ရုံး …ညွှန့်ညွှန့်လွင်ဆိုတာမှတ်ထား . . . တစ်ယောက်တည်းရှိတယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးချိုသေရတဲ့အမှုမှာ မင်းလဲကြံ့ရာပါပေါ့၊ မင်းအခါပေးပဲ၊ ဘာပြောချ
သေးသလဲ"

"ရှင့်မှာ သက်သေရှိသလား"

"အရှည်ကြီးပြောမနေနဲ့ မမ၊ ဟောဒီမှာ တွေ့လား . . . မင
တော်ပြီး အိမ်သာအောက်ကို ဆုတ်ချထားတဲ့ စာရွက်ရယ်၊ ဟောဒီ အ
တွေ့ရတဲ့ စာရွက်ရယ် လက်ရေးတစ်မျိုးတည်းပဲ၊ တစ်ဦးတည်း ရေး
စာရွက်တွေမဟုတ်လား၊ အဲဒါသက်သေဘဲ၊ နောက်မှ မင်းကိုငါရှင်းပြမ
အခု ဂတ်တဲကို လိုက်သွားပေတော့"

"မလိုက်ဘူးရှင်"

ထိုအခိုက် အိမ်ပြင်တွင် လျှပ်စီး လက်သကဲ့သို့ ဝင်းကနဲဖြစ်သွ
သော မှန်ပြတင်းတွင် လူတစ်ယောက်၏ ပုံသဏ္ဌာန်သည် တစ်ဖက်
ရုတ်တရက် ပုန်းကွယ်လိုက်သည်ကို ရိပ်ကနဲမြင်လိုက်မိသဖြင့် ညွှန့်လွ
လည်း . . .

"ဟော့ . . . ဒီကောင်မလေး ထွက်မသွားစေနဲ့"

ဟု အော်ပြောခဲ့ကာ . . . ထိုမှန်ပြတင်းဆီသို့ အမြန်ဆုံးပြေ
သွားလျှင် ဖွင့်၍ အပြင်သို့ကြည့်လိုက်လေ၏။

လှအေးကား . . . မယ်ကျော့အား အပြင်သို့မထွက်နိုင်ရ
အပေါက်ဝမှ ကာဆီး၍ ထားလိုက်လျှင် . . . ရာဇဝတ်အုပ်လည်း အပြ
ခန်းအဝတွင် စောင့်နေကြသော ရဲသားဆီသို့လှမ်း၍ . . .

"ဟော့ . . . စိုးရင်တို့ . . . အေးမောင်တို့ . . . အိမ်ခြေရင်းဘ
ဘေးကို မြန်မြန်ဆင်းကြည့်လိုက်ကြစမ်း၊ ဘယ်သူပဲတွေ့တွေ့ပစ်သ
ဖမ်းဟေ့"

ဟု အော်ပြောလိုက်သဖြင့် ရဲသားနှစ်ယောက်လည်း အပြိုင်
နေကြရာမှ ဘုမသိ ဘမသိထိတ်လန့်တစ်ကြားပင် အိမ်အောက် မှောင်
မဲမဲ မိုးရေထဲသို့ ဆင်းပြေးကြရလေ၏။

အိမ်အောက် ခပ်လှမ်းလှမ်းတွင် ခြံဝင်းခတ်ထားသော အပေါ


www.burmeseclassic.com

www.burmeseclassic.com



ဝ၌ အကိုင်းအရွက်တို့ဖြင့် ပိတ်ဖုံး မဲမှောင်နေသော ပန်းအိပင် အုပ်ကြီး ကြားသို့ဝင်ကာ . . . အသာကလေး ခိုကပ်နေသည့် မဲမဲသဏ္ဍာန်တစ်ခု ကိုကား . . . ရဲသားများမှာ အိပ်မှုန်စုံမွှားဖြင့် ဆင်းပြေးလာရ၍ မမြင် မိကြပေ၊ နှစ်ယောက်သား မိုးကာအကျႌများ ဖိုးရိုး ဖားရားနှင့် ဝင်းအပြင် သို့ ထွက်မိသောအခါတွင် ပန်းခြုံထဲမှ မဲမဲသဏ္ဍာန်ထွက်ပေါ်လာကာ

"ဟေ့ အကောင်တွေ ရပ်လိုက် . . . မလှုပ်ကြနဲ့"

ဟု နောက်ကနေ၍ ပြောလိုက်သည့်အသံကို ကြားရမှ ရုတ် တရက် ထိတ်ကနဲဖြစ်သွားကာ အံ့အားသင့်စွာဖြင့် နှစ်ယောက်စလုံးပင် အနောက်သို့လှည့်ကြည့်လိုက်မိကြတော့၏။

"ဟား . . . ဟား . . . ဒါ ဘယ်ကိုသွားကြမှာလဲ၊ အရှေ့က ရန်ဆူးကိုသာမြင်ပြီး နောက်က ရန်ခြောင်တိုတော့ မမြင်ဘဲတိုး . . . မလှုပ်ကြနဲ့နော် . . . တစ်ခါတည်း ထုတ်ချင်းပေါက်သွားကြမယ်"

ဟု နောက်ထပ်ပြောလိုက်သည့်အသံ ထွက်ပေါ်လာမှ ထိုအသံ ရှင်အား . . . သေချာစွာကြည့်မိပြီးလျှင် နှစ်ယောက်သား အံ့အားကြီး သင့်ကာ ကြက်သေ သေသွားကြပြန်လေ၏။

အထက်ကောင်းကင်မှ မကြာခဏ ထွက်ပေါ်လာသည့် လျှပ် ရောင်များကြောင့် ထိုမဲမဲသဏ္ဍာန်မှာ မိုးကာအကျႌဝတ်ထားသည့် လူတစ် ယောက်ဖြစ်လျက် . . . လက်တွင် စတင်းဂန်းတစ်လက်ကိုင်ကာ မိမိတို့ အား ချိန်ရွယ်ပြီး ရှိနေသည်ကို သေချာစွာ တွေ့မြင်ကြသဖြင့်လည်း . . . နှစ်ယောက်သားမှာ တိုး၍ အံ့ဩစွာဖြင့် မိမိတို့လက်မှ . . . ရိုင်ဖယ် သေနတ်ကြီးများကိုပင် မလှုပ်ရှားဝံ့တော့ဘဲ . . . ကြက်သေ သေနေကြ တော့၏။

ထိုလူမှာ ဦးခေါင်း၌ (ဂါတာပရ) ရေစိုခံ ဖုံးအုပ်ထားသည့် ဦးထုပ်ကို ဆောင်းထားကာ မျက်စိနှစ်လုံးတွင်လည်း မျက်မှန်အညိုရောင် အဝိုင်းကြီးကို တပ်ထားသဖြင့် ၎င်းအား ရုပ်ရည်မည်သို့ရှိသည်ဟု မီး အလင်းရောင်အောက်တွင်ပင် ခန့်မှန်းနိုင်ရန် ခဲယဉ်းနေလေရာ . . .

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့မှောင်ထဲတွင် တွေ့ရသောအခါ၌ကား . . . ၎င်းအားရဲသားတို့ သိရှိမှတ်မိနိုင်ရန် အလွန်ခဲယဉ်းနေတော့သည်။

မိုးကြိုးမှာလည်း အရှိန်ပြင်းစွာ မြည်ဟီး၍ သည်းလျှက်ပင် အိမ်အပြင်ပတ်ဝန်းကျင်တစ်ပိုက်၌ မှောင်နှင့်မဲမဲရှိနေလေရာ . . . ရဲသားများထိုသို့ဖြစ်နေသည့်အခိုက်တွင်ပင် အိမ်ခန်းတွင်းမှ မှန်ပြတင်းကိုဖွင့်၍ . . . အပြင်သို့ ကြည့်ရှုနေသည့် ညွန့်လွင်မှာလည်း . . . မိမိမျက်နှာသို့ မိုးများကပက်နေပြန်၍ ရုတ်တရက်အားဖြင့် အပြင်တွင်ဘာကိုမှကြည့်၍ မမြင်နိုင်တော့ပေ၊ ချက်ချင်းပင် မိမိခါးကြား၌ ထိုးထားသောလက်နှိပ်မီးကို ဆွဲနှုတ်ယူကာ ထိုးကြည့်လိုက်သော အခါတွင်မှ ပြတင်းပေါက်မှန်ဖုံခါး၏ လက်ဝဲဘက်ဘေး အိမ်ထရံတွင်ကပ်ကာ မိမိမျက်နှာအထက်နားထင်ဆီသို့ ချောက်လုံးပြူးသေနတ်ပြောင်းနှင့် နီးကပ်စွာချိန်ရွယ်ပြီးရှိနေသော မိန်းမတစ်ယောက်ပုံသဏ္ဍာန်ကို သေချာစွာ တွေ့မြင်ရပြီးလျှင် . . . အံ့အားသင့်၍ သွားလေ၏။

နောက် သတိရသဖြင့် ဓာတ်မီးကိုပိတ်ကာ မိမိဦးခေါင်းကို အထဲသို့ ပြန်၍ရုပ်လိုက်တော့မည် ပြုသောအခါ၌ကား . . . ချောက်လုံးပြူးသေနတ်ပြောင်းကလေးသည် များစွာလျှင်မြန်ဖြတ်လတ်သော အရှိန်ဖြင့် မိမိ "နားထင်"တည့်တည့်သို့ ထိတိုက်ပြီးနောက် . . .

"ဟား . . . ဟား . . . ဒီလိုမလုပ်နဲ့လေ စုံထောက်မင်းရဲ့ . . . ဒီတလဲ အင်မတန်လျှင်တာပဲ . . . ဘာရမလဲ တခါတည်း ဦးနှောက်ထွက်သွားမှာပေါ့"

ဟူ၍ လေအေးကလေးနှင့်ပြောလိုက်သော အသံကိုကြားရသဖြင့် . . . အသာကိုယ်ရှိန်သတ်ကာ မိမိဦးခေါင်းကိုလည်း အထဲသို့ မသွင်းရဲတော့ဘဲ ခါးအနောက်တွင် . . . ခါးပတ်အိတ်နှင့်ချိတ်ထားသော မိမိချောက်လုံးပြူးသေနတ်ကို ဆွဲကိုင်လိုက်မိတော့၏။

သို့သော် သူ့မှာ သေနတ်ကို ဆွဲယူခွင့်မရတော့ပေ၊ မိမိနားထင်သို့ ထိထားသော ချောက်လုံးပြူးပြောင်းကြောင့် မလှုပ်ရဲတော့သော မိမိ

www.burmeseclassic.com



မျက်နှာမှ နှာခေါင်းသို့ တစ်စုံတစ်ရာပြင်းထန်စူးရှသည့် အနံ့များပါရှိ သော လက်ကိုင် ပဝါတစ်ထည်ဖြင့် ခပ်ကြမ်းကြမ်း ဖုံးအုပ်ထိကပ် လိုက်သဖြင့် ရုတ်တရက် အကြီးအကျယ် မွန်သွားလျက် . . . အသက်ရှူ၍ မရတော့ဘဲ ချက်ချင်း မူးမေ့၊ ဇက်ကျိုးကာ အခန်းတွင်းသို့ ခွေလဲကျလာရှာလေတော့၏။

မိုးသံ လေသံများကြောင့် . . . ၎င်း၏အဖြစ်ကို မသိရှာဘဲ စိတ်အားထက်သန်စွာ ပြတင်းပေါက်ဆီသို့သာ အကဲခတ်ကြည့်ရှုနေကြသည့် လှအေး၊ ရာဇဝတ်အုပ်နှင့် မိန်းမများမှာလည်း ထိုသို့ညွန်လွင်ဇက်ကျိုးကာ ရုတ်တရက်ပျော့ခွေလဲကျလာသော အခါတွင်မှ အားလုံးပင်များစွာ အံ့အားသင့်သွားကြကာ . . .

"အလို . . . အလို . . . ဘယ့်နှယ် ဖြစ်သွားတာလဲ"

ဟု ပြောပြောဆိုဆိုနှင့်အနီးသို့ ပြေးလာကြလေ၏။

ထိုအခါ မယ်ကျော့လည်း အလစ်တွင် အပြင်ခန်းဘက်သို့ ထွက်ပြေးတော့မည်ပြုသဖြင့် လှအေးက လျှင်မြန်စွာပင် . . .

"ဟော့. . . အောင်မာ . . . ဒီလိုအလစ်သုတ်လို့ ဘာရမလဲကွာ"

ဟုပြောကာ ၎င်း၏အကျီစကို လှမ်းဆွဲထားလိုက်၍ . . . မလွတ်သာတော့ဘဲ . . . မျက်နှာပျက်ပျက်နှင့်ပင် အသာကိုယ်ရှိန်သတ်နေလိုက်ရပြန်လေ၏၊ သို့သော် လှအေးလည်း ၎င်းအားကြာကြာ ဆွဲမထားနိုင်တော့ပေ၊ ထိုအတောအတွင်းပင် ပြတင်းပေါက်မှ လွှားတနဲ ကျော်ဝင်လာသည့် မိန်းမတစ်ယောက်ကို အံ့အားသင့်စွာ တွေ့မြင်ရကာ ၎င်း၏လက်တွင် အသင့်ချိန်ရွယ်လျက် ပါလာသည့် ခြောက်လုံးပြူးသေနတ်ကြောင့် ကြက်သေသေကာ ငိုင်ကြည့်နေမိလေ၏။

ထိုမိန်းမကား . . . ဆံပင်ကို နောက်တွဲ ကျစ်ကျစ်လျစ်လျစ် ထုံးထားလျက် ပိုးလက်ကိုင်ပဝါအပြာရောင် အကြီးစားကြီးကို သုံးမြှောင်ပုံသဏ္ဍာန်နှစ်ခေါက် ခေါက်၍ ဦးခေါင်းမှ မေးစေ့အထိ သိုင်းအုပ်ကာ စည်းထားသည့် အပြင် အထက်မှ (ဝါတာပရု) ရေစိုခံ (ရော်တာ) ခေါင်းစွပ် ကိုလည်း

www.burmeseclassic.com



ဦးခေါင်းရေမစိုရန် အုပ်စွပ်ထားကာ မျက်စိနှစ်လုံးတွင်လည်း မျက်မှန်အညိုရောင်အဝိုင်းကြီးကို တပ်ဆင်ထားလျက် ကိုယ်တွင် မိုးကာအကျႌကြီး ဝတ်ထားသဖြင့်လည်း သူ၏ မျက်နှာကို မည်သူမျှ မမှတ်မိနိုင်တော့ပေ။

အားလုံးပင် အံ့အားကြီးသင့်ကာ မျက်လုံး၊ မျက်ဆံပြူးတူးပြဲတဲနှင့် ငိုင်၍ကြည့်နေကြသဖြင့် ထိုမိန်းမကြီးသည် ပြုံးရယ်လျက် ရှေ့နားသို့ အနည်းငယ်တိုး၍ လာလေ၏။

"ဟဲ . . . ဟဲ ဟိုရှေ့က သူငယ် သတိထားနော် . . . ဒီဟာ မိန်းမပျိုကလေးတွေကွဲ့၊ လက်ရောက်ကျူးလွန်မှု ဖြစ်သွားမယ်၊ ငါတို့ကတော့ လွတ်လပ်တဲ့ ဗရုတ်သုတ်ခခေတ်ကြီးထဲမှာ (မိုက်စက်ကွင်း)ထဲက မိန်းမလူစွမ်းကောင်းတွေ မို့လို့ သူ့ခေတ်နဲ့ ထိုက်တန်တဲ့ ပေါဒီလက်နက်တို့ပဲ အားကိုးရတယ်၊ ငါတို့က ဥပဒေအပြင်ဘက်က (မိုက်စက်ကွင်း)ထဲမှာ နေကြတဲ့အတွက် မောင်မင်းကို လက်ရောက်ကျူးလွန်မှု တရားစွဲခွင့်မရှိဘူး၊ ငါတို့ဥပဒေအတိုင်း ပေါဒီခြောက်လုံးပြူးနဲ့ပဲ အပြစ်ပေးရလိမ့်မယ်၊ မောင်မင်းအပြစ်ပေးမခံလိုရင် နောက်ဆုတ် ဟိုကောင်မလေးကို လွှတ်လိုက်"

ဟု ထိုမိန်းမက ခပ်တည်တည်ပြောလိုက်မှ လှအေးတွင် မျက်နှာပျက်ပျက်နှင့် မကြဲသာတော့ဘဲ ရာဇဝတ်အုပ်အား တစ်ချက်စောင်း ကြည့်ကာ မယ်ကျော့ကို လွှတ်လိုက်ရလေ၏။

ခင်မြင့်၊ သောင်းစိန်နှင့် မအေးကြည်တို့လည်း ထိုမိန်းမအား မြင်ကာ အသားတဆိတ်ဆိတ်တုန်အောင်ပင် ကြောက်ရွံ့နေကြလျက် ကုတင်ဘေးမှောင်ရိပ်တွင် သုံးယောက်စုကာ ကုပ်နေကြသဖြင့် ထိုမိန်းမလည်း ၎င်းတို့အား အကဲခတ်ကြည့်ကာ . . .

"ဟိုကောင်မ သုံးယောက်ကကော ဘာငေးနေကြတာလဲ . . . နင်တို့လင်နောက်ကို လိုက်ချင်ကြပြီ ထင်တယ်၊ တက် . . . ကုတင်ပေါ်ကို အားလုံးခြင်ထောင်ထဲဝင်ပြီး အိပ်နေကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ငေါက်ကာ ပြောလိုက်၍ သုံးယောက်စလုံးပင်ချက်ချင်း ထက်ငါဦးအောင် ကုတင်ပေါ်သို့အလုအယက် တက်ကြလျှင် ထက်မှခြင်ထောင်ကိုဆွဲယူ၍ ချလိုက်ကြရလေ၏။

ဤတွင် ထိုမိန်းမလည်း ညွန့်လွင်အား ပွေ့ထူနေရာမှ မိမိအား အားသင့်စွာ မလှုပ်မရှားဝံ့ဘဲ ကြည့်နေသည့် ရာဇဝတ်အုပ်အား ခေါင်းတွင် ဆောင်းထားသည့် ဦးထုပ်ကို သေနတ်ပြောင်းဖြင့် ကော်၍ လိုက်ပြီးလျှင် သေချာစွာကြည့်၍ . . .

"အို . . . ဒီကိုယ်တော်မြတ်ကကော ဘာလုပ်နေတာလဲ၊ ဒီဟာ မောင်မင်းအလုပ်မဟုတ်ဘူးကွ၊ ဒီစုံထောက်စုတ်ကလေးက နဲနဲ လူလည် လုပ်ချင်တဲ့သူမို့လို့ သူ့မျက်နှာကို (ကလိုရိုဖောင်း)ဆိုတဲ့ မေ့ဆေးဆွတ်ထား တဲ့လက်ကိုင်ပဝါနဲ့ အကြောင်းပြုပြီး ခဏကလေးသိပ်ထားလိုက်တာပါ၊ ဘာမှ ပူစရာမလိုဘူး၊ မင်ဘာသာမင်း အေးအေးထပြီး လက်မြှောက် ဟို ဘက်ကိုလှည့်"

ဟု ပြောလိုက်၍ ရာဇဝတ်အုပ်လည်း မကြံသာတော့သဖြင့် အေးကဲ့သို့ပင် မျက်နှာပျက်ပျက်နှင့် အသာထိုင်ရာမှထ၍ တစ်ဘက် လှည့်ကာ လက်မြှောက်လိုက်ရလေ၏၊ ထိုမိန်းမလည်း ၎င်း၏ခါးမှ ခြောက် လုံးပြူသေနတ်ကို နှိုက်ယူလိုက်ပြန်လေပြီ။

. "ဟား . . . ဟား . . . ဒီလိုမှပေါ့ကွ၊ သေမှာတော့လဲမောင်မင်း တို့ကြောက်ကြသားပဲ၊ ခြောက်လုံးပြူး . . . ခြောက်လုံးပြူ စင်စစ် မောင် မင်းတို့ ငါ့ကို ကြောက်တာမဟုတ်ဘူး"

ထိုအခိုက် အပေါက်ဝတွင်ရှိသော လှအေးလည်း ရုတ်တရက် လစ်တွင် မိမိကိုယ်ကို နောက်သို့ဆုတ်၍ အခန်းပြင်သို့ လှည့်အထွက် တွင် အလွန်မျက်စိလျှင်သော ထိုမိန်းမလည်း . . .

"ဟာ . . . ခွေးကောင် ဒီလိုဘာရမလဲ"

ဟုပြောပြောဆိုဆိုနှင့်ပင် လက်ရှိသေနတ်ဖြင့် လျှင်မြန်စွာ "ဒိုင်း . . ဒိုင်း"ဟု နှစ်ချက်မျှဆင့်လျက် လှမ်းပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လှအေးမှာလည်း မူလကပင် များစွာသတိထားရှိနေ လျက် လျှင်မြန်ဖြတ်လတ်သူ တစ်ယောက်ဖြစ်၍ ရုတ်တရက် တစ်ဟုန် ထိုးပင် အနီး၌ရပ်နေသည့် မယ်ကျော့အား လှမ်းဆွဲကာ မိမိကိုယ်ကို ကွယ် လိုက်သဖြင့် သေနတ်ကျည်ဆံများမှာ ၎င်းအားမထိတော့ပဲ မယ်ကျော့ အားထိမှန်သွားကာ . . .

"အမလေး . . . အမရယ်"

ဟု ငယ်သံပါအောင် အော်လျက် . . . ကြမ်းပေါ်သို့ ပုံကျသွား ရှာလေတော့၏။

လှအေးကား အခန်းပြင်သို့ ရောက်သွားလေပြီ၊ တစ်အိမ်လုံး လည်း ဆူညံသွားလေတော့၏၊ ထိုအခိုက် အိမ်ရှေ့ခြံဝင်းမှောင်တည်းမှ

"ဟော့ . . . ဒီကိုထွက်မလာခဲ့နဲ့"

ဟူသော အသံတစ်ခုရုတ်တရက် ထွက်ပေါ်လာကာ "ဒက် ဒက်"ဟု စတင်းဂန်းတစ်ချက်ဆွဲသည့်အသံ ထွက်ပေါ်လာပြန်၍ လှအေး တွင် "အလို" ဟု ယောင်ယမ်းအော်မိလျက် မိမိကိုယ်ကို လှဲချလိုက်မိ၍ သာ ကျည်ဆံများဘေးမှ သီသီကလေး ထွက်သွားကာ အိမ်ခန်းအထက်၌ ချိတ်ထားသည့် လသာမှန်အိမ်ကို ထိမှန်ကွဲသွားသည်ကို တွေ့မြင်လိုက်ရ လေ၏။

အိမ်ရှေ့ခန်းတွင်လည်း မှောင်မဲသွားလေပြီ၊ လှအေးလည်း လျှင်မြန်စွာ တံခါးအကွယ်ကို ပြေးကပ်ရပြန်လေ၏၊ ထိုအခိုက် အခန်း တွင်း၌လည်း -

"ဟော့ . . . အားလုံး ငြိမ်ကြနော် . . . တို့လူတစ်ယောက်ကျ ရင် မင်းတို့တစ်ပြုံကြီး ပြုတ်ရမယ်မှတ်လိုက်၊ ခု မင်းတို့ မိုက်စက်ကွင်းထဲမှ ရောက်နေတာ သတိထား "ဘွဲ့ဖြူမ" တဲ့ဟော့ မိုက်စက်ကွင်းထဲမှာ ဒေါ်ပွင့် ထက်တဲ့ "ဘွဲ့ဖြူ" လက်နက်ကွဲ"

ဟူ၍ ထိုမိန်းမက ခက်ထန်စူးရှသော အသံကြီးဖြင့်ကျယ်လောင် စွာ အော်ပြောလိုက်ပြီးလျှင် မိမိလက်ရှိ သေနတ်ဖြင့် စားပွဲပေါ်၌ တင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော မှန်အိမ်ကလေးကိုလည်း "ဒိုင်း" ကနဲ တစ်ချက်မျှ ပစ်ခွဲလိုက်ပြန်လေ၏။

အိမ်အပြင်တွင် မိုးလည်း သည်းနေသေး၏၊ တစ်အိမ်လုံးတွင်လည်း မှောင်နှင့်မဲမဲဖြစ်ကာ ဘာကိုမျှကြည့်၍ မမြင်နိုင်တော့ဘဲ တစ်ယောက်တစ်ခွန်းဆူညံစွာ အော်ဟာစ်လျက် ဝုန်း-ဝုန်း ဒိုင်းဒိုင်းဖြင့် ပြေးလွှားသံများ ဆူညံ၍ သွားပြန်လေ၏၊ တစ်အောင့်လောက်ကြာလျှင် အိမ်ပေါ်မှအသံများအနည်းငယ် တိတ်ဆိတ်ကာ အိမ်ရှေ့ခြံဝင်းအပြင်ဘက်တွင် မဲနေသေးသော မိုးရေထဲ ခပ်လှမ်းလှမ်းဆီမှ ဆူညံသော သံချောင်းခေါက်သံများ ရုတ်တရက်ထွက်ပေါ်၍ လာပြန်လေ၏။

တစ်ရပ်လုံးလည်း အကြီးအကျယ် လန့်ဖျန့်ဆူညံသွားကာ မိုးသည်းနေသည့်အထဲတွင်ပင် ဟိုမှသည်မှ လက်နှိပ်မီးရောင်များ တဝင်းဝင်းထွက်ပေါ်လာကြပြီးလျှင် . . . အိမ်ဆီသို့ လူများစိုင်းအုံလာကြပြန်လေ၏။

ထိုအခိုက် အိမ်နှင့်ခပ်လှမ်းလှမ်း ကွင်းစပ်တွင် လမ်းဘေးနား၌ ရပ်ထားသော ပုလိပ်မော်တော်ကားကြီး၏ အနောက် မနီးမဝေး၌ မော်တော်ကားငယ်တစ်စီး ရပ်လျက် ရှိနေလေရာ . . . ထိုမော်တော်ကားကလေးဆီသို့ မဲမဲ မဲမဲနှင့် အပြေးအလွှား ရောက်သွားကြသည့် မိုးကာအင်္ကျီနှင့် မိန်းမတစ်ယောက်၊ ယောကျာ်းတစ်ယောက်တို့ကိုကား မည်သူမျှမမြင်လိုက်မိကြပေ၊ ၎င်းတို့၏အရှေ့ ဘေးဘက်ဆီမှ ပန်း၍ အကြိုပြေးနှင့်လျက် လမ်းထောင့်ကွင်းစပ် မော်တော်ကား အနောက်နား တွင် မှောင်ထဲ၌ မိုးရေများ ရွှဲရွှဲစိုခံကာ . . . ဝပ်၍ စောင့်နေသည့် လှအေးတိုလည်း ၎င်းတို့ မမြင်မိကြတော့ပေ။

အိမ်ဆီ၌လည်း လူများဆူဆူညံညံဖြစ်နေလျက်ပင် ရေနံဆီမီးခွက်ကြီးတစ်ခုကို ထွန်းညှိလိုက်သဖြင့် အနည်းငယ်လင်းလာသည်ကို လှအေးလှမ်း၍ ကြည့်ရှုမိလေ၏။

လှအေး၏မျက်စိများမှာ မိမိစောင့်နေသည့် မော်တော်ကားထဲသို့ ပြေးလာလျက် နီးကပ်လာပြီ ဖြစ်ကြသော မိန်းမနှင့် ယောကျာ်းတို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အလစ်မပေးတော့ပေ၊ သို့သော် လှအေးမှာ အဆိုပါ မော်တော်ကား ကလေးပေါ်အရှေ့ဘက် ကားမောင်းသူထိုင်သည့် နေရာတွင် မိုးကာအကျီ နှင့် အခြားမိန်းမတစ်ယောက် ခပ်ကုပ်ကုပ်ကလေး ထိုင်လျက်ရှိနေသည် ကို ထိုနေရာတွင် များစွာ မှောင်မဲနေသဖြင့် လုံးလုံးပင် မမြင်မိနိုင်တော့ပဲ၊ ပြေးလာနေသည့် နှစ်ယောက်ဆီသို့သာ များစွာ စိတ်စောနေသဖြင့် လည်း ထိုမော်တော်ကားပေါ်သို့အမှတ်တမဲ့ပင် နေလိုက်မိခြင်း ဖြစ်ပေ၏။

မကြာမီ ပြေးလာသူ နှစ်ယောက်လုံး ကားအနီးသို့ ရောက်လာ ကြလေပြီ၊ လှအေးလည်း ရုတ်တရက်မှောင်ရိပ်မှ ထလိုက်ကာ မော်တော် ကားကို မိမိကျောနှင့် ပြေးကပ်လျက် လက်တွင် ကိုင်ထားသော ခြောက် လုံးပြူးသေနတ်ဖြင့် အဆင်သင့်ချိန်ရွယ်လိုက်ပြီးလျှင် အသံ ခပ်တည် တည်ဖြင့်-

"ကိုင်း ဒီတစ်ခါ ဘယ်ပြေးကြမလဲ၊ ဟား-ဟား- မိန်းမ လူစွမ်း ကောင်း . . . ရပ်လိုက်စမ်း၊ ဟိုလူ . . . လက်ကစတင်းဂန်းကို လွှတ်ချပြီး အားလုံးလက်မြှောက်၊ ငါက မင်းတို့ထိတ်ရက်စက်တယ်၊ အားလုံး အသက် ထွက်ကုန်ကြမယ်"

ဟုပြောလိုက်သဖြင့် ပြေးလာသည့် မိန်းမနှင့်ယောကျ်ားလည်း ရုတ်တရက်အံ့အားကြီးသင့်သွားကြကာ ကိုယ်ရှိန်သတ်လိုက်ပြီးလျှင် ၎င်းအား မှောင်ထဲမှ အကဲခတ်၍ ကြည့်ကြပြန်လေ၏၊ လှအေးလည်း ၎င်းတို့အား အနည်းငယ်မျှ အလစ်မပေးတော့ပေ၊ မိမိကိုယ်ကို ရှေ့သို့ အနည်းငယ်တိုးလျှက် . . .

"ဟေ့ လက်မြှောက်လိုက်ကြလေ ဘာငေးနေတာလဲ"

ဟုပြောပြောဆိုဆိုနှင့်ဒိုင်းကနဲ သေနတ်ဖြင့်တစ်ချက်မျှ ကျော်၍ ပစ်လိုက်လေတော့၏၊ ထိုသို့ပြုလုပ်ခြင်းများမှာ ၎င်းတို့ကိုလည်း လှန့်ရင်း အိမ်ဆီမှ လူများလည်း ကြားသိအောင် ဖန်တီးလိုက်ခြင်းပင် ဖြစ်ပေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## ဘွဲ့ဖြူမ

ရှေ့မှ ပြေးလာသည့် မိန်းမလည်း ရုတ်တရက် လန့်ဖျန့်သွားကာ
"အမလေး"

ဟု ပါးစပ်မှပင် ယောင်ယမ်း အော်မိလျက် . . . ထိုနေရာတွင် အနည်းငယ်မျှ မလှုပ်ရဲကြတော့ဘဲ လက်များကို မြှောက်၍ ရပ်နေကြရလေတော့သည်၊ လှအေးလည်း အသံမာမာနှင့်ပင် . . .

"သိပ်အစွမ်းကောင်းတဲ့ မိန်းမ၊ အခုန "ဘွဲ့ဖြူမ"ဆိုတာ ဘယ်သူလဲကွဲ့ . . . ဟား-ဟား- သူဗိုလ်ဘဲ ထင်တယ်၊ ကိုင်း . . . မင်းတို့ နှစ်ယောက်အခုချက်ချင်း အိမ်ဆီကို ပြန်လှည့်လိုက်ကြစမ်း မိုးလဲ လင်းတော့မယ်၊ ဘွဲ့ဖြူမတော့ ဝရဇိန်မောင်နဲ့ တွေ့ရပြီသာ မှတ်ပေတော့"

ဟုပြောလိုက်သဖြင့် နှစ်ယောက်သားမှာလည်း ဘာမျှပြန်မပြောရဲတော့ဘဲ ၎င်း၏အမိန့်အတိုင်းပင် အိမ်ဘက်သို့ လှည့်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆီမှ လတ်နှိပ်မီးရောင်အချို့ မော်တော်ကားဆီသို့ ထိုးကြည့်လိုက်သည်ကိုလည်း တွေ့ရလေ၏၊ လှအေးလည်း ထိုမော်တော်ကားအနီးမှ ခွာတာ . . . ရှေ့သို့တိုးလိုက်လေပြီ၊ ထိုအခိုက် ၎င်း၏အနောက်ဘက် မော်တော်ကားထဲမှ . . .

"ဟား . . . ဟား . . . တကဲ့ပိုင်တဲ့ မောင်ပိုင်ပဲ၊ ဒီမှာဟော့ ဘွဲ့ဖြူ"

တစ္ဆေ သာယာချိုအေးစွာပြောလိုက်သည့် မိန်းမသံတစ်ခု ထွက်ပေါ်လာတာ . . . မိမိ လည်ကုပ်ပေါ်သို့ အေးစက်သော အရာတစ်ခု ထိတပ်လာသဖြင့် လှအေးတွင် ရုတ်တရက်ထိတ်ကနဲ ဖြစ်သွားကာ . . . ထိုနေရာတွင်ပင်ရပ်လျက် တွန့်ကနဲ ဖြစ်သွားလေ၏။

အနောက်သို့လှည့်ကြည့်လိုက်မည်ကြံသောအခါ၌လည်း . . .

"ဟေ့ . . . မောင်ပိုင် ဒီမယ် ဘွဲ့ဖြူမက် မင်းထက်ပိုင်နေပြီ၊ နနဲမှ မလှုပ်နဲ့ လည်ကုပ်ထဲကို ကျည်ဆံဖောက်ဝင်သွားမယ်၊ မင်းလက်ထဲက သေနတ်ကို လွှတ်ချလိုက်"

ဟူသော အသံကို နောက်ထပ်ကြားလိုက်ရပြန်သဖြင့် ထိုနေရာတွင် မလှုပ်ရဲတော့ပေ၊ မိမိသေနတ်ကလေးကိုလည်း လွှတ်ချလိုက်ရလေပြီ၊ ရှေ့မှ မိန်းမနှင့် ယောကျ်ားလည်း မော်တော်ကားဆီသို့ ပြန်ပြေးလာပြန်လေ၏။

ထိုအခိုက် လှအေးလည်း ရုတ်တရက် လျှင်မြန်စွာ မိမိကိုယ်ကိုအောက်သို့ ထိုင်ချလိုက်သဖြင့် မိမိ၏ လည်ကုပ်ပေါ်တွင် တေ့ထားသည့် သေနတ်ပြောင်းကလေးနှင့် လွဲသွားသည့်အခိုက်တွင် ဆုတ်ဆိုင်းခြင်း မရှိတော့ဘဲ ရှေ့မှလျှောက်လာကာ . . . လွှတ်ချခဲ့သည့် စတင်းဂန်းကို ပြန်ကောက်မည်ပြုနေသော ယောကျ်ား၏ ခြေထောက်ကိုအောက်မှ ချော်၍ဆောင့်ဆွဲလိုက်ပြန်လေ၏၊ ထိုလူလည်း စတင်းဂန်းကို မကောက်နိုင်ပင် တစ်ဖက်သို့ ပက်လက်လန်လဲကျသွားလျှင် . . . အနီးမှ မိန်းမက ချက်ချင်း ပင် လှအေးအား . . . ခြောက်လုံးပြူးသေနတ်ဖြင့် ဆွဲထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မလွှပ်နဲ့"

ဟု ပြောကာ ချိန်ထားလိုက်ပြန်လေ၏။

လှအေးလည်း အလစ်မပေးတော့ပေ၊ ထိုမိန်းမ၏ သေနတ်ကိုင်ထားသော လက်ကိုလည်း ဖျတ်လတ်စွာ ဖမ်းဆွဲလိုက်မိသဖြင့် နှစ်ယောက်သားမှောင်မဲမဲ မိုးရေထဲတွင် ထွေးလုံးသွားကြပြန်လေ၏၊ ပက်လက်လဲကျသွားသည့်လူလည်း ပျာပျာသလဲ ထ၍ စတင်းဂန်းကို ကောက်ယူပြန်ရာလှအေးက တွေ့မြင်ရ၍ မိန်းမကို လွှတ်ကာ ထိုလူ၏လက်ကို ခြေနှင့်လှမ်းခတ်ပစ်လိုက်ပြန်၏၊ ထိုအခိုက် ကွင်းကလေးဆီမှ ဝင်းကနဲ ထိုးလိုက်သည့် လက်နှိပ်ဓာတ်မီးရောင် တစ်ခု မော်တော်ကားဆီသို့ လင်းထိန်လာပြီးလျှင် . . . ဒိုင်းကနဲ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် မော်တော်ကားပေါ်မှ . . .

"ဟော့ တော်တော့၊ ကားပေါ်ကို မြန်မြန်တက်ကြ"

ဟူသည့် အသံထွက်ပေါ်လာလေရာ မိန်းမနှင့်ယောကျ်ားလည်း လှအေးအား အတင်းဆောင့်တွန်းပစ်ခဲ့ပြီး မော်တော်ကားပေါ်သို့ ပြေးတက်ကြပြန်လေ၏။

လှအေးအတင်းထ၍ လိုက်မည်ပြုသောအခါ၌ ကွင်းဆီမှ လက်နှိပ်ဓာတ်မီးရောင် ထိုးထားသည့် အထဲတွင် မော်တော်ကားအရှေ့ဘက်မှ ဖြူဖွေးနုထွတ်သော မိန်းမလက်ကလေးတစ်ခုသည် မီမီဆီသို့ မဲနက်သောပစ္စတိုသေနတ်ကြီးတစ်ခုဖြင့် ချိန်ရွယ်ထားရှိသည်ကို တွေ့ရ၍ မလိုက်ရဲတော့ဘဲ ထိုနေရာတွင်ပင် အသာပြန်ထိုင်နေလိုက်ရလေ၏။

ထိုမိန်းမ၏ လက်ကောက်ဝတ်အဆစ်နားတွင်လည်း တစ်စုံတစ်ခုထူးခြားသော အရာကို တွေ့မြင်ရသဖြင့် လှအေးတွင် သေချာစွာကြည့်ရှုမှတ်သားထားလိုက်လေ၏။

လက်နှိပ်ဓာတ်မီးဖြင့် ပြေးလာသူကား ရာဇဝတ်အုပ်ပင်ဖြစ်၍နောက်တစ်ချက် သေနတ်နှင့် လှမ်းပစ်လိုက်ပြန်သေး၏၊ သို့သော် မော်တော်ကားကလေးမှာ ထိုနေရာမှ အရှိန်ပြင်းစွာ မောင်းနှင် ထွက်ခွာသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ အနည်းငယ်မျှ မထိလိုက်တော့ပေ၊ လှအေးလည်း ထိုအခါမှ လျှင်မြန်စွာထ၍ မိမိသေနတ်ကလေးကို ရာဇဝတ်အုပ် မမြင်အောင် အမှတ်မဲ့ ကောက်ယူကာ ပုလိပ်မော်တော်ကားပေါ်သို့ ပြေးတက်ပြန်လျှင် ရာဇဝတ်အုပ်လည်း အနောက်မှ ပြေးတက်လျှက် . . .

"တိုလှအေး . . . မြန်မြန် မောင်းဗျို့၊ သူတို့ကား ကလေးဟာ ကျုပ်တို့ ကားကြီးကို လွတ်အောင်မပြေးနိုင်ပါဘူးဗျ"

ဟု ပြောလိုက်သဖြင့် လှအေးလည်း ဘာမျှ ပြန်မပြောတော့ဘဲ ကားကြီးကို အမြန်ဆုံးမောင်း၍ လိုက်သွားပြန်လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်လုံးပေါ်မင်းသား

ကမ်းနားဘက်ဆီမှ ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင် ဟူ၍ လေးနာရီသံချောင်းခေါက်သံကိုလည်း ကြားလိုက်ရပြန်လေပြီ၊ မိုးလည်းတဖြည်းဖြည်းစဲသွားကာ အရှေ့ဘက်ကောင်းကင်မှ နီကျင့်ကျင့် အရောင်ကလေးများ သမ်းစပြုလာ၏။

ထိုအခိုက်တွင် အိမ်တွင်း၌ ညှိနှင့်လွင်လည်း ကောင်းစွာ သတိရလာပြီဖြစ်၍ ကဗျာကယာ လူးလဲထကာ အခန်းငယ်ထဲတွင် မှောင်နှင့်မဲမဲဖြစ်နေသဖြင့် မိမိခါးတွင် ရှိသေးသော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ကိုင်ပြီးလျှင် မီးရောင်ရှိသော အိမ်ရှေ့ခန်းသို့ ပြေးထွက်သွားလေ၏။

နောက်ထပ် ကားနှင့်ရောက်လာသော အရာရှိနှင့် ရဲသားများကား သေနတ်ဒဏ်ရာဖြင့် ညည်းညူနေသော မယ်ကျော့အား စစ်မေးလျက်ရှိနေ၏၊ သို့သော် . . . မယ်ကျော့မှာလည်း "ဘူး" တစ်လုံး ဆောင်

www.burmeseclassic.com



နေသဖြင့် ဒဏ်ရာကို ငုံ့ကာ ကြာရှည်စစ်ဆေး မနေနိုင်တော့ဘဲ ဆေးရုံသို့ ပို့ရန် စီစဉ်နေကြ၏၊ အိမ်ရှေ့ဝင်းအပြင်ဘက်တွင်လည်း လူအများ ဆူညံကာ ဝိုင်းအုံနေကြလေ၏။

ညွန့်လွင်လည်း အပြင်ခန်းတွင် အကြောင်းစုံ မေးမြန်းသိရှိရသောအခါ၌ မျက်စိမျက်နှာပျက်လျက် အိမ်အောက်သို့ ပြေးဆင်းသွားပြန်လေ၏၊ လူများ တရုန်းရုန်းနှင့် တစ်အုန်းအုန်းဖြစ်ကာ ကျွတ်ကျွတ်ညံနေသည့် နေရာသို့ ရောက်လျှင် လူတစ်ယောက်ထိုးပြသည့် လက်ညှိုးမီးရောင်အောက်တွင် တစ်စုံတစ်ခုကို တွေ့မြင်ရကာ . . . ညွန့်လွင် အံ့အားကြီးသင့်သွားပြန်လေ၏။

စိတ်ထဲတွင် မသင်္ကာသဖြင့် ရှေ့နားသို့တိုး၍ သေချာစွာကြည့်ရှုပြန်ပြီးလျှင် . . . "ဟင်" ဟု ပါးစပ်မှ အသံထွက်သွားပြီးနောက် . . .

"ဟော့ . . . မင်းတို့နှစ်ယောက် ဒီမှာ ဘာဖြစ်နေကြတာလဲ"

ဟု မေးလိုက်ပြန်လေ၏။

၎င်းတို့မှာ အခြားမဟုတ်ပေ၊ ရဲသားများဖြစ်လေရာ ၎င်းတို့လည်း ညွန့်လွင်မေးသည်ကိုပင် ပြန်၍ မဖြေနိုင်သေးဘဲ မိမိတို့၏ ဆိုးသွမ်းစွာ ကြုံတွေ့နေရသည့် အဖြစ်ကို များစွာ ရှက်လျက်နှင့်ပင် ရယ်စရာလည်း ကောင်းနေသဖြင့် မနဲအောင့်ကာ စိတ်ထဲမှ ကြိတ်လျက် ရယ်နေကြရရှာလေပြီ၊ ပါးစပ်မှ ပြန်ပြောရန် အသံမထွက်နိုင်ကြတော့ပေ၊ ထိုအခိုက် ညွန့်လွင်က ထပ်၍ . . .

"ဟော့ . . . မေးနေတာ မကြားကြဘူးလားကွ"

ဟု ပြောလိုက်မှ နှစ်ယောက်သား မျက်နှာပိုးသတ်လိုက်ကာ မနဲအောင့်အည်း၍ အသံကို ထုတ်လျက် . . .

"ကျွန်တော်တို့ ဖြစ်နေပုံကိုလဲ သေသေချာချာကြည့်ပါအုံး ဆရာ"

ဟု ပြန်ပြောလိုက်ကြ၏။

"တဆိတ်လောက် မီးထိုးပြပါအုံးဗျာ၊ ဒီကောင်တွေဘာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြာတာလဲ"

ဟု ညွန့်လွင်လည်း အနီးတွင်ရှိသော လူများကို ပြောလိုက်၍ မီးရောင်များ ထွက်လာမှ ၎င်းတို့အား သေသေချာချာ တွေ့မြင်ရကား ၎င်းအားထက် ရယ်အားသန်မိပြန်လေ၏၊ ပရိသတ်များလည်း မီးရောင်နှင့် ဆိုးကြည့်ကာ တဝါးဝါးနှင့် ပွဲကျနေကြ၍ ရဲသားများမှာ အထူးဒေါပွကာ လှုမ်း၍ မာန်မဲကြိမ်းမောင်းနေကြပြန်လေ၏။

၎င်းတို့ဖြစ်နေကြပုံများမှာလည်း ရယ်စရာပင်၊ နှစ်ယောက်စလုံး ကိုယ်တွင် အဝတ်မရှိဘဲ ဗလာကျင်းကာ လမ်းဘေးရေမြောင်း တစ်ခုထဲ တွင် ဆင်း၍ထိုင်ကာ ကိုယ်တစ်ဝက်သာ ဖော်လျက်ရှိနေပြီးလျှင် မိန်းမ ထမီအဟောင်းတစ်ထည်ကို တစ်ယောက်တစ်ဘက်စီကိုင်၍ သူ့ဘက်ကိုယ့် ဘက် လုယက်နေကြသည်ဖြစ်၍ သေချာစွာ တွေ့မြင်ရသော ညွန့်လွင် တွင် က္ကန္ဒြေမဆောင်နိုင်တော့ဘဲ . . . တဟားဟားနှင့်ပင် အော်၍ ရယ်မိ လေတော့၏။

ရဲသား နှစ်ယောက်မှာတား မိမိတို့ အဖြစ်ကို မိမိတို့ကိုယ်တိုင်ပင် မရယ်ဘဲမနေနိုင် သူများ ရယ်မောသည်ကို ဒေါပွ ကိုယ်တုံးလုံးဖြစ်နေ၍ မြောင်းထဲမှ ထကာ ဘယ်မှမသွားနိုင်သဖြင့်လည်း အခက်တွေ့ကြရ ရှာ လေပြီ၊ ထို့ထက် မိမိတို့လက်တွင်ရှိသည့် ထမီအဟောင်းတစ်ထည်ကို ခြည်သူကမျှ မလွှတ်နိုင်သည့်အဖြစ်ကြီးကား ၎င်းတို့အဖို့ ပို၍ဆိုးဝါးကာ များစွာရယ်ဖွယ်ဖန်တီးနေပေ၏၊ အတန်ကြာပြီးမှ ညွန့်လွင်လည်း ၎င်းတို့ အနားသို့ တိုးကပ်သွားလေ၏။

"နေပါအုံးကွ . . . ဘယ်ပုံဘယ်နည်းနဲ့များ မင်းတို့ သောက် တမြင်းထပြီး ခုလိုဖြစ်နေရတာလဲ ဖြစ်ပဲ ဖြစ်လွန်းလှသတ္တာ"

ဟု မေးလိုက်မှ . . . နှစ်ယောက်သား မျက်နှာကိုမဲ့ကာ

"ဟာ . . . ကျွန်တော်တို့အဖြစ်တော့ ပြောရမှာ ခပ်ရှက်ရှက် ဖဲ ဆရာ . . . သောက်ကန်းမ တော်တော်ရမ်းကား ရက်စက်တယ် ဒီလို မိန်းမကြမ်းမျိုးတော့ အံ့ရော . . . လန့်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလိုက်ကြလေ၏။

"ဘယ်လိုဖြစ်လို့လဲ . . . ငါ့လူတို့ရဲ့"

"ဘယ်လိုဖြစ်ရမှာလဲဆရာ . . . ကျွန်တော်တို့ကို အိမ်ဘက် မြန်မြန်ပြေးကြည့်ကြစမ်းဆိုလို့ နှစ်ယောက်ဆင်းပြေးလာရတာပေါ့ဗျ ခြံဝနားလဲရောက်ရော . . . လူတစ်ယောက်က ကျွန်တော်တို့ကို စတင်းဂန်းနဲ့ ဆီးချိန်ပြီး "ဟင်းဆပ်" လုပ်လိုက်တာ ကျွန်တော်တို့မှာ တခါတည်း "ဂစ်ပအပ်" ဖြစ်သွားတာပေါ့"

"ဒါနဲ့ . . . မင်းတို့သေနတ်တွေ သိမ်းသွားရောဆိုပါတော့ကွာ"

"သိမ်းရုံတင် ဘယ်ကမလဲဆရာ . . . သူ့နောက်က မိန်းမတစ် ယောက်ထွက်လာပြီး ကျွန်တော်တို့ကို တစ်ခါတည်းဒီအပြင်ရောက်အောင် ခေါ်ထုတ်လာပြီး တစ်ကိုယ်လုံး အရေခွာခိုင်းတော့တာဘဲ၊ ဒီနောက် ဟောဒီမြောင်းထဲကို ဆင်းထိုင်ခိုင်းပြီး ကျွန်တော်တို့ သေနတ်တွေနဲ့ ယူနီ ဖောင်းတွေကို ဟော ဟိုဘက်ခြံဝင်းထဲ လွှင့်ပစ်လိုက်တယ်ဆရာ"

"နို့ . . . ဒီထမိစုတ်က ဘာလုပ်ကြတာလဲ"

"အဲဒါဂျိုပေါ့ဆရာ . . . ကျွန်တော်တို့ ဒီမြောင်းထဲရောက်မှ မချောတ သူ့ခါးမှာ ဝတ်ထားတဲ့ အတွင်းခံထမီကို ချွတ်ပြီး ကျွန်တော်တို့ကို ပေးခဲ့တယ်၊ အဲဒါ ကျွန်တော်တို့ကို ဘယ်မှ မပြေးနိုင် မလိုက်နိုင်အောင် ပညာရှိသက်သက် ခြေချုပ်ပစ်ခဲ့တာပေါ့၊ သူတို့ အိမ်ပေါ်မှာ ထင်သလို လုပ်ပြီး ထွက်ပြေးကြတော့လဲ ကျွန်တော်တို့ အမြင်သားဘဲ၊ ဒီအဖြစ်ကြီးနဲ့ ဘယ့်နှယ်လုပ်ပြီး လိုက်ဖမ်းမလဲ . . . ဟိုမချောက ပြောတောင် သွားသေးတယ်"

"မောင်မင်းတို့အထဲက သောက်ရှက်မရှိတဲ့လူ အဲဒီထမီဝတ်ပြီး လိုက်ခဲ့တဲ့၊ နောက်တစ်ခါဆိုရင် ဘွဲ့ဖြူမက မောင်မင်းတို့ကို ဒီလိုမလုပ်ဘူး တစ်ခါတည်း မိန်းမဖြစ်အောင် လုပ်ပစ်မယ်တဲ့ ဆရာရဲ့၊ ကျွန်တော်တို့ တော့ တစ်ခါတည်းကို (စတွန့်) ဖြစ်ကျန်ရစ်ခဲ့တာပဲ"

ရဲသားတစ်ယောက်က အားရပါးရ ပြန်ပြောလေရာ . . .



www.burmeseclassic.com

www.burmeseclassic.com



ညွန့်လွင်လည်း တဟားဟား ရယ်လိုက်သဖြင့် လူစုကြီးလည်း ဝါးကနဲ ပြိုင်းရယ်လိုက်ကြပြန်၏၊ ထိုနောက် ရဲသားက ဆက်၍ . . .

"နောက် ဝွကျလိုက်တာဆရာရယ် . . . ဟောဒီလူကလဲ သိပ် ကပ်တာပဲ၊ ထမီကို ကျွန်တော့်ကိုပေးပါ ကျွန်တော်ဘဲ အရှက်ကွဲခံပြီး သူတို့နောက်ကို လိုက်ပါရစေဆိုတာ ပြောမရဘူး၊ ဒီတော့ ကျွန်တော်ကလဲ စိတ်ပေါက်ပေါက်နဲ့ ထမီစ တစ်ဖက်ကို မလွှတ်ဘဲ ဆွဲထားလိုက်ရတော့ တာပေါ့"

ဟု ပြောလိုက်၍ အခြားတစ်ယောက်က မခံချင်သော အသံ ဖြင့် . . .

"ဟာ . . . ခင်ဗျားက မဟုတ်တာ . . . ဘိန်းစားချင်းအတူတူ တစ်လုံးပိုရှုဆိုတာလို . . . အတူတူ ပလာကျင်းနေရာက ကျုပ်ကိုတော့ ကိုယ်လုံးတီးနဲ့ ထားခဲ့မယ် . . . ခင်ဗျားတစ်ယောက်တည်းကတော့ လုံလုံ ခြုံခြုံနဲ့ ဝတ်ပြီး ထွက်သွားမယ်ဆိုတာ . . . တရားသလားဗျ၊ ဒီတော့ ကျုပ်တလဲ ခင်ဗျားနေခဲ့ ကျုပ်ဝတ်ပြီး လိုက်သွားမယ်လို့ ပြောမရတော့ ဘယ်အလျော့ပေးမလဲ . . . ထမီစတစ်ဖက်ကို ခင်ဗျားလိုဘဲ ဆွဲထားရ တယ် . . . အလွှတ်မခံနိုင်ဘူးကိုယ့်လူ"

ဟု ပြန်ပြောလိုက်သဖြင့် ညွန့်လွင်နှင့် လူစုကြီးတ တဝါးဝါးနှင့် အူနှိပ်နေကြရပြန်လေ၏။

ထိုနောက် လူတစ်ယောက်က ခပ်လှမ်းလှမ်းရှိ အိမ်တစ်အိမ်မှ ပြောင်းထဲသို့ဝင်၍ ၎င်းတို့၏ အဝတ်အစားနှင့် သေနတ်များကို ယူပေး သဖြင့် နှစ်ယောက်သား လျှင်မြန်စွာ ပြန်၍ဝတ်ကြတာ ညွန့်လွင်တို့ ဆိုက်ကားနှင့်အတူ မော်တော်ကားများ ထွက်သွားသည့် လမ်းစောင်းဆီသို့ လိုက်သွားကြပြန်လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဝေ့လည်ကြောင်ပတ်

မော်တော်ကား နှစ်စီးတား ဗိုလ်တထောင် လမ်းကျယ်ကြီးတွင် အနောက်ဘက်သို့ တစ်စီးနှင့်တစ်စီး တစ်ဖာလုံသာသာခန့်ဝေးကွာကာ စက်တုန်မောင်းလျက်ရှိကြလေပြီ၊ ရှေ့နား၌ လက်ဝဲဘက်သို့ကွေ့သွားရသည့် လမ်းချိုးသို့ ရောက်လျှင် မီးရထားလမ်းဖြတ်ကူးသဖြင့် ပြုလုပ်ထားသည့် လမ်းပိတ်တံခါးကြီး တစ်ခုအနီး၌ အရှေ့မှ မော်တော်ကားကလေးသည် စက်အရှိန်ကိုရပ်လိုက်ရာ ကားပေါ်မှ ယောကျ်ားတစ်ယောက် လျှင်မြန်စွာ အောက်သို့ခုန်ဆင်းလျက် လမ်းဘေးသို့ ပြေးသွားကာ တံခါးပိတ်သော မောင်းတံကြီး ဆွဲဖြုတ်လိုက်လေ၏။

မော်တော်ကားကလေးမှာ ရှေ့သို့ဆက်၍ လက်ဝဲဘက်သို့ အရှိန်ပြင်းစွာပင် မောင်းနှင်သွားသဖြင့် အနောက်မှ ကားတက်ပါလာကြသည့် လူအေးနှင့် ရာဇဝတ်အုပ်တို့မှာ ထိုသို့ ရှေ့ကားပေါ်မှ လူဆင်းလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



တို မှောင်နေသဖြင့် မမြင်မိလိုက်ကြဘဲ မော်တော်ကားကလေး စက် အရှိန်သတ်ပြီးမှ ပြန်မောင်းသွားသည်ကို တွေ့မြင်ကြရ၍ မိမိတို့ မော်တော်ကားတိုသာ မီနိုင်သမျှမီရန် ကြိုးစား၍ မောင်းလိုက်ကြပြန်လေ၏။

သို့သော် မီးရထားလမ်း တံခါးကြီးမှာ တရှိန်တည်းပင် ပြုတ်ထွက်လာပြီဖြစ်၍ ၎င်းတို့မော်တော်ကားအနီးသို့ရောက်လျှင်ပင် အရှေ့မှ တာဆီးလျက် ပိတ်ဆို့နေသဖြင့် လျှင်မြန်စွာ မိမိတို့ကားကို ရပ်လိုက်ရပြန်လေ၏၊ ရာဇဝတ်အုပ်လည်း များစွာ ဒေါပွလျက် 'တောက်' ခေါက်လိုက်ပြီးလျှင် . . .

"တယ် . . . သောက်ကန်းတွေ အတော်ကို ဉာဏ်များကြတာပဲ၊ အခုန သူတို့မော်တော်ကားကလေးကို ရပ်ပြီး ဒီတံခါးကြီးကို ဆွဲဖြုတ်သွားကြပြီ"

ဟု ဆဲဆိုရေရွတ်ကာ ကားပေါ်မှ လျှင်မြန်စွာ ဆင်း၍ တံခါးကြီးကို ခပ်သုတ်သုတ်ဖွင့်လိုက်ရပြန်လေ၏၊ ထိုတံခါးကြီးနှင့် အိမ်တလေးအောက်တွင် အသာဝင်၍ ထိုင်ကျန်ရစ်ခဲ့သည့် ယောက်ျားကိုကား . . . ၎င်းတို့မမြင်မိကြတော့ပေ၊ တံခါးဖွင့်ပြီးသည်နှင့် ချက်ချင်းပင် ရှေ့သို့စက်ကုန်မောင်းကာ လိုက်ကြပြန်လေ၏။

ထိုအခါ၌ ရှေ့မော်တော်ကားကလေးမှာ အတော်ပင် ဝေးသွားပြီဖြစ်၍ ၎င်းတို့တွင် လုံးလုံးပင် ကြည့်၍မမြင်ရတော့ပဲ ရှေ့သို့သာ ရမ်းမောင်း၍ လိုက်ကြရလေရာ ပုဇွန်တောင် ဈောင်တန်းလမ်းမကြီးဘက်သို့ချိုးသည့်လမ်းထောင့်သို့ ရောက်မှ အရှေ့တော်တော်ဝေးဝေးတွင် လက်ဝဲဘက်သို့ ကွေ့မောင်းသွားသည့် မော်တော်ကားကလေးကို ရိပ်ကနဲမြင်လိုက်ရသဖြင့် စိတ်အားထက်သန်လာကာ အတင်းမောင်း၍ လိုက်ပြန်လေ၏။

ဈောင်တန်းကြီးသို့ ရောက်လေပြီ၊ အရှေ့မှ ကားကလေးကား အတော်ဝေးကွာကာ ပုဇွန်တောင်ဘက်သို့ မောင်းလျက်ရှိလေရာ အနောက်မှ ၎င်းတို့မှာ ကျိတ်မနိုင်ခဲမရဖြစ်လျက် . . . အမီလိုက်ကြပြန်

www.burmeseclassic.com



လေ၏၊ လူခြေတိတ်လျက် များစွာ ရှင်းလင်းနေသည့် လမ်းကျယ်ကြီးတွင် ထိုအချိန်၌ ၎င်းတို့၏ မော်တော်ကားသံမှာလည်း တဝှီးဝှီးဖြင့် လေယာဉ်ပျံနှင့် စက်ပြိုင် မောင်းသွားသကဲ့သို့ မှတ်ထင်ရလေ၏။

ပုဇွန်တောင် ရေကျော်လမ်းဆုံးသို့ ရောက်သောအခါ၌ ကားတလေးကို မျက်ခြေပြတ်သွားကြပြန်လေ၏။

မည်သည့်ဘက်သို့ မောင်းသွားသည်ဟု အတပ်မသိနိုင်ကြသဖြင့်လည်း လမ်းဆုံးတွင် မိမိတို့ကားကို အသာစက်ရှိန်သတ်လျက် အကဲခတ်ကြည့်ပြန်လေ၏၊ သို့သော် . . . ကားကလေးတား ၎င်းတို့လွှန်မောင်းလာခဲ့သည့် ညောင်တန်းလမ်းမကြီးပေါ်တွင် တစီတတန်းကြီး ရပ်ထားသော မြင်းရထားများ အကြားမှောင်ရိပ်ထဲသို့ အသာဝင်ထိုးကာ ရပ်နေသည်ကို ၎င်းတို့သတိပြု မကြည့်ခဲ့မိကြပေ၊ တအောင့်လောက် အကဲခတ်ပြီးလျှင် စိတ်အထင်ဖြင့် မိမိတို့ကားကို ပုဇွန်တောင်လမ်းဘက်သို့ အနည်းငယ်မောင်းမိသောအခါတွင်မှ အနောက်ဘက်ဆီမှ ဝူးကနဲ စက်နှိုးထွက်သွားသည့် မော်တော်ကားသံကို ကြားရ၍ ရာဇဝတ်အုပ်က မိမိဦးခေါင်းကိုအပြင်သို့ ထွက်လှည့် ကြည့်လိုက်လေ၏။

မော်တော်ကားမှာ မြင်းရထားများကြားထဲမှာ ထွက်လျက် . . . တောင်တက်သို့ အရှိန်ပြင်းစွာ ပြန်လည်မောင်းနှင်သွားသည်ကို သေချာစွာတွေ့ရပြန်မှ . . . ဟာ သိပ် လည်တဲ့ ကောင်မတွေဘဲကိုး . . . ဟိုအနောက်က မြင်းရထားတွေကြားထဲမှာ ဝင်ခိုနေပြီး အခုမှဟိုဘက်ကို ပြန်မောင်းပြေးပြီဗျို့"

ဟု ဒေါပါပါ အော်ပြောလိုက်သဖြင့် လှအေးလည်း များစွာ ဒေါပွသဖြင့် . . .

"အို . . . ဒင်းတို့ဘဲ လည်နိုင်မလား . . . ကျုပ်တို့ဘဲ လိုက်နိုင်မလား . . . ဒီမနက် မိုးမလင်းခင်သိရောပေါ့"

ဟု ပြောပြောဆိုဆိုနှင့် မိမိကားကို တရှိန်တည်းပြန်ကွေ့လိုက်ပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိုးကနဲ မြည်သွားသော အသံကြီးမှာလည်း အနီးအပါးတွင်ရှိသည့် အိမ်များမှ အိပ်ပျော်နေကြသည့် လူများကိုပင် လန့်နိုးစေသဖြင့် အချို့မှာ အထိတ်တလန့်နှင့် ထွက်ကြည့်ကြလေ၏။

အတော် ဝေးဝေးတွင် မြင်နေရသည့် မီးနီကလေးကို ကြည့်လျက် အမီလိုက်ပြန်လေပြီ၊ သို့သော် ၎င်းတို့မှာ မြင်းရထားများကြားထဲတွင် နောက်ထပ် မိန်းမတစ်ယောက်ဆင်းနေရစ်ကာ ခိုကပ်နေသည်ကို မမြင်ကြရော့ပေ၊ ကားငယ်ပေါ်တွင် မောင်းသည့် မိန်းမတစ်ယောက်ထဲသာပါသွားတော့သည်။

သို့ဖြင့် ဟိုလမ်းဝင် သည်လမ်းချိုးကာ ရှေ့မှ ကားကလေးသွားရာသို့သာ အတင်းလိုက်၍ မောင်းနေရခြင်းဖြင့် နီးလာလိုက် ဝေးသွားလိုက်ဖြစ်လျက် . . . နံနက် ၅နာရီထိုးလုနီးသောအခါ၌ ကန်တော်ကြီးလမ်းကို သိမ်ဖြူကွင်းဘေး (ကနေဒီ) လမ်းဘက်မှ ချိုးဝင်ကာ လက်ျာဘက်သို့ ကွေ့လျက် ကျိုက္ကဆံလမ်းမကြီးသို့ ရောက်သွားကြပြန်လေ၏၊ ထိုအချိန်တွင် တစ်လမ်းလုံးမှာလည်း လူအချို့ တုန်းကြောင်းဖြင့်လည်းကောင်း၊ မော်တော်ကား ဆိုက်ကားများဖြင့်လည်းကောင်း၊ ခရီးသွားနေကြပြီဖြစ်၍ မော်တော်ကားကို သတိထား မောင်းရပြန်လေပြီ၊ မကြာမီကျိုက္ကဆံလမ်းမှ ကျောက်မြောင်းဈေးအနီး ဘိုလိမ်းလမ်းသို့ ချိုးကာ တာမွေဘက်သို့ ရောက်သွားလျက် (မဂျစ်လမ်း) အဆုံး အဝိုင်းကြီးကို ရောက်သောအခါတွင် ကား . . . မော်တော်ကားကလေးမှာ ရွှေဂုံတိုင်လမ်းကြီးသို့ ကွေ့ကောက် မောင်းသွားလျက် မျက်ခြေပြတ်သွားပြန်လေတော့၏။

သို့သော် . . . ထိုအနီးတဝိုက်မှာ မိမိတို့နေသော အိမ်နှင့် နီးကပ်လျက် . . . သွားနေ လာနေကျလမ်းများသာ ဖြစ်၍ လုအေးတွင် စိတ်အားထက်သန်စွာနှင့် ရှေ့သို့ ဆက်လက်၍လိုက်ပြန်ရာ မကြာမီ မိမိတို့နေသည့် ကွက်သစ်အိမ်စုကလေးများနှင့် လမ်းသစ်ကလေးများဆီသို့ ရောက်သွားကာ မော်တော်ကားကလေးကို ခြံဝင်းနှင့် အိမ်တစ်အိမ်ရှေ့တွင် ရပ်ထားလျက် ကောင်းစွာ တွေ့မြင်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . မော်တော်ကားတော့ ရပ်နေပြီဗျို့"

"ဒီအိမ်ကို ကျွန်တော်သိတယ်၊ တစ်နေ့က မိန်းကလေး တစ်ယောက် ဒီအိမ်ထဲ ဝင်သွားတာကို ကြည့်ရ"

လှအေးက လှမ်းကြည့်၍ ပြောလိုက်လျှင် . . .

ရာဇဝတ်အုပ်လည်း စိတ်အားထက်သန်စွာ ကုန်းကြည့်စဉ် လှအေးမှာ တားကြီးကို ထိုလမ်းဘက်သို့ ကွေ့ကောက်မောင်းလိုက်ပြန်လေ၏။

ထိုအခိုက် . . .

"ဟော . . . ဟိုမှာ ဆင်းပြေးပြီ . . . ကိုလှအေး"

ဟူ၍ အရေးတကြီး အော်ပြောလိုက်သည့် ရာဇဝတ်အုပ်၏ အသံကို ကြားလိုက်ရသဖြင့် လှအေးလည်း လှမ်းကြည့်လိုက်မိပြန်ရာ . . ထိုကားပေါ်မှ မိုးကာအကျီခေါင်းစွပ် မျက်မှန်နှင့် ရုပ်ဖျက်ထားသော (ညက တွေ့မြင်ရသည့်မိန်းမ) ဆင်းလျက် ထိုအိမ်ဝင်းထဲသို့ ဝင်ပြေးသည်ကို သေချာစွာ တွေ့မြင်လိုက်ရပြန်လေ၏။

ထိုအချိန်တွင် အထက်ကောင်းကင်၌ အလင်းရောင်များ အတော်အတန် ပေါ်ပေါက်လာပြီ ဖြစ်သော်လည်း တစ်ခွင်လုံး မိုးရိပ် မိုးသားများ ဖုံးအုပ်မှောင်မဲနေသဖြင့် ထိုရပ်ကွက်ကလေးတစ်ဝိုက်တွင် မှောင်လင်းလင်းကလေး ဖြစ်နေသေးလေရာ အချို့တံခါးဖွင့်လျက် လူများ နိုးနေကြသည့် အိမ်များတွင်ပင် မီးခွက်များ ထွန်းညှိထားရသေးသည်ကို တွေ့မြင်ရလေ၏။

၎င်းတို့မော်တော်ကားလည်း . . . မကြာမီ ထိုအိမ်ရှေ့၌ ထိုး ရပ်လိုက်မိလေပြီ၊ လှအေးနှင့် ရာဇဝတ်အုပ်တို့လည်း လျှင်မြန်စွာ တံခါး ကလေးအနီးသို့ ရောက်သွားကြကာ အတွင်း၌ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ကျန်ရှိနေဦးမည်အထင်ရှိကာ ကြည့်ရှုကြပြန်လေ ၏။ မည်သူ့ကိုမျှမတွေ့ရသောအခါတွင်မှ . . .

"ဟင် . . . ကောင်မတစ်ယောက်နဲ့ . . . အကောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဘယ်ပျောက်သွားကုန်ကြပြီလဲ . . . တစ်ယောက်တည်း ဆင်းသွားတာတွေ့ရတယ်၊ အံ့ဩစရာပဲ"

ဟုပြောပြောဆိုဆိုနှင့် အိမ်ဝင်းထဲသို့ ဝင်လိုက်သွားကြပြန်လေ၏။

ဝင်သွားသည့် အိမ်မှာလည်း . . . တံခါးများ ဖွင့်ထားကာ လသာမှန်အိမ် မီးထွန်းထားသည်ကို တွေ့မြင်ရရုံမက . . . မီးရောင်အောက်၌ ထိုအိမ်မှ အခိုင်းအစေဖြစ်သော မိန်းမကြီးကိုပင် ကားပေါ်မှ ဆင်းသွားသော မိန်းမက ခြောက်လုံးပြူးနှင့် ချိန်ရွယ်ထားသည်ကို တွေ့ကြရပြန်လျှင် ရာဇဝတ်အုပ်လည်း မိမိလက်တွင် ကိုင်ထားသည့် သေနတ်ကို အသင့်ချိန်ရွယ်ကာ နှစ်ယောက်သား အိမ်ဆီသို့ ပြေးသွားကြပြန်လေ၏။

သို့သော် ထိုမိန်းမကား . . . အလွန်ပင် လျှင်မြန်ပါးနပ်သူဖြစ်၍ ခြေသံကြားသည်နှင့် တစ်ပြိုင်နက် အပြင်ဘက်သို့ ဖြတ်ကနဲ လှည့်ကြည့်လိုက်ပြီးလျှင် . . .

"ဒီခွေးကောင်တွေ . . . ဒီထိအောင်လိုက်ပြီ . . . ရှုပ်ကြသလား"

ဟု အော်ပြောလျက် မိန်းမကြီးကို ဆွဲဖယ်ခဲ့ပြီးလျှင် . . . အိမ်ခန်းတွင်းသို့ ဝင်ပြေးပြန်လေ၏။

လှအေးတို့လည်း အိမ်ပေါက်သို့ရောက်လျှင် ရုတ်တရက်အံ့အားသင့်ကာ . . . ငိုင်ကြည့်နေမိကြပြီးမှ သတိရသဖြင့် . . . မိမိတို့အား အိမ်တွင်းသို့ ထိုမိန်းမကို ဝင်ဖမ်းခွင့်ပြုရန် မိန်းမကြီးအား ပြောရပြန်လေ၏၊ ထိုမိန်းမကြီးလည်း မျက်နှာတွင် သွေးမရှိတော့ သကဲ့သို့ များစွာကြောက်ရွံ့တုန်လှုပ်နေသူဖြစ်၍ ၎င်းတို့ကိုပင် လူဆိုးများမှတ်ထင်ကာ အပေါက်ဝတွင် ရှိခိုးတောင်းပန်နေပြန်၍ အချိန်ကြန့်ကြာသွားသလောက် ရာဇဝတ်အုပ်မှာ သည်းမခံနိုင်တော့ပဲ . . .

"အို . . . ဒီဟာ ဂတ်က အရာရှိတွေပါဗျ၊ လူဆိုးကိုဖမ်းမလို့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဖယ်စမ်းပါ"

ဟု ပြောပြောဆိုဆိုနှင့် အရှေ့က ဝင်သွားမှ လှအေးလည်း အနောက်မှဝင်၍ လိုက်သွားရပြန်လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဒါလား ဘွဲ့ဖြူမ

ငှင်းတို့ အတွင်းခန်း အပေါက်ဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက်လည်း ရုတ်တရက် အိမ်ခန်းတွင်းမှ ထိတ်လန့်တကြားပြေးထွက်လာသည့် မိန်းမပျိုတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလျက်ရှိနေကြကာ အားလုံးပင် အံ့အားကြီးသင့်၍ . . . ကြက်သေ သေသွားကြပြန်လေ၏။

များစွာ အံ့အားသင့်စွာဖြင့် အိမ်ရှေ့ခန်းသို့ တစ်ချက်မျှ လှမ်းကြည့်ပြီးလျှင် မိန်းမပျိုလည်း ငှင်းတို့ကို အကဲခတ်ကြည့်ကာ . . .

"ဘာလဲရှင့် . . . ဘာကိစ္စလဲ"

ဟု ထိတ်လန့်တုန်လှုပ်သော အသံဖြင့် မေးလိုက်လေ၏၊ ဤသွင်လှအေးတို့လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီးလျှင် . . . ပြိုင်တူပင် ငှင်း၏မျက်နှာကို လှမ်းကြည့်ကြကာ

"အော် . . . ဟိုဒင်း . . . ဘွဲ့ဖြူမဆိုတဲ့ မိန်းမလူဆိုး တစ်

www.burmeseclassic.com



ယောက် ဒီအိမ်ခန်းထဲ ဝင်ပြေးလို့"

ဟု နှစ်ယောက်စလုံးပင် ပြန်ပြောလိုက်ကြလေ၏။

ဤတွင် မိန်းမပျိုလည်း ပိုမိုအံ့အားသင့်စွာဖြင့်

"ဟင် . . . ဘွဲ့ဖြူမ . . . ဘယ်ကဘွဲ့ဖြူမလဲ ဒီအိမ်မှာ မိန်းမ နှစ်ယောက် ကျမနဲ့ ဟိုအပြင်က ဒေါ်ဖွားတို့ပဲရှိတယ်၊ တစ်ခြား ဘယ်သူမှမရှိဘူး . . . ကျမနာမည်က . . . မြမြမေ . . . တဲ့၊ ကြံကြံဖန်ဖန် ဘွဲ့ဖြူမရယ်လို့ . . . ကြားလဲမကြားဖူးပါဘူး"

ဟု ပြန်ပြောလိုက်ပြန်လျှင် လှအေးလည်း ဖြတ်ကနဲ . . . ဦးခေါင်းတိုင်ငဲ့လျက် အိမ်ခန်းတွင်းဆီသို့ လှမ်းကြည့်လိုက်ပြီးမှ . . . အနည်းငယ်ပြုံး၍ . . .

"ဒီမြမြမေက စိန်၊ ရွှေ ပွဲစား . . . ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားတဲ့ မြမြမေပဲ၊ ကိုယ်သိတာပေါ့၊ အခုလိုက်လာတဲ့ ဟာက ဘွဲ့ဖြူမ တဲ့ခင်ဗျ၊ မိန်းမလူဆိုးပဲ . . . ဗိုလ်တစ်ထောင်ဘက်မှာ လူတွေသတ်ပြီး ပြေးလာခဲ့တဲ့ တရားခံပေါ့"

ဟူ၍ ရှင်းလင်းကာ ပြောလိုက်မှ . . .

"အော် . . . ဒီလိုလား၊ ဖြစ်မှဖြစ်ရလေ၊ အတော်သတ္တိရှိတဲ့ မိန်းမပဲနော်၊ နို့ အခု ဘယ်လိုလဲ ဒီအိမ်နဲ့ ဘာများ သက်ဆိုင်လို့လဲ"

"ဒါတော့ မသိဘူးဗျာ၊ အခုဖြင့် ဘွဲ့ဖြူမဟာ ကျွန်တော်တို့ရှေ့က မော်တော်ကားနဲ့ ပြေးလာပြီး မျက်စိအောက်တွင်ပဲ ဒီအိမ်ထဲကို ပြေးလို့ အခုဝင်လိုက်လာကြတာပါ"

"ဟင် ကြံကြီးစည်ရာရှင်၊ မျက်စိများ မှောက်လာကြလို့လား၊ ဒီအိမ်ထဲမှာ ဘာကြောင့် ဝင်ပြေးရမှာလဲ"

"ကျွန်တော်တို့ အကန်းတွေမဟုတ်ပါဘူး၊ ဟောဟို ခင်ဗျားအိမ်က မိန်းမကြီးကိုတောင် ခြောက်လုံးပြူးသေနတ်နဲ့ ချိန်သွားပါသေးတယ်၊ ကျွန်တော်တို့ပြေးလာတာမြင်မှ ဒီအိမ်ခန်းထဲဝင်ပြေးတာပါ"

"အို ဟုတ်ကဲ့လား ဒါဖြင့် ကြာရှည်နေလို့ ဘာဖြစ်မလဲ မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဝင်ရှာကြပါရှင်၊ ကျမလဲ ဒေါ်ဖွားနဲ့ ခုမနက်စောစော ဘုရားသွားမလို့ ကျမအခန်းကလေးထဲမှာ အဝတ်အစားလဲနေရာက ရှင်တို့ဆူညံသံကြားလို့ ပြေးထွက်လာခဲ့ရတာပဲ၊ ဘာမှ သတိမထားလိုက်မိဘူး"

ဟု ပြောကာ မြမြမေလည်း မိမိအခန်းကလေးထဲသို့ ပြေးဝင်လျက် လက်နှိပ်ဓာတ်မီးကို ဆွဲယူလာကာ . . . အတွင်းခန်းရှိသမျှ လိုက်၍ ပြလိုက်လေ၏။

ရာဇဝတ်အုပ်မှာကား ဖျတ်လတ်ခြင်းမရှိတော့ပဲ မြမြမေ၏ မျက်နှာကို အတန်ကြာစွာ အကဲခတ်ကြည့်ပြီးမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်း ရမ်းလျက် . . .

ဒါလောက် အချိန်ကြာသွားမှတော့ဗျာ . . . ဒီအိမ်ခန်းထဲမှာ ဘယ်ရှိတော့မလဲ၊ တစ်နည်းနည်းနဲ့ ပျောက်သွားရောပေါ့၊ ဘွဲ့ဖြူမဆိုတာက လက်ဆုပ်လက်ကိုင်မိနေပေမယ့် ချက်ချင်းမုန်လာဥ ဖြစ်သွားမှာ ပါဗျာ"

ဟူ၍ စိတ်ပျက်သောအသံနှင့် ညည်းညည်းညူညူပြောလိုက်လျှင် . . . မြမြမေလည်းသူ့မျက်နှာကိုဖြတ်တနဲ မော့ကြည့်လိုက်ကာ . . . "စိတ်မရှိပါနဲ့ရှင် . . . ကျမလဲ ဘာအကျိုးအကြောင်းမှ မသိရလို့ စုံစမ်းမေးမြန်းနေမိတဲ့ အတွက် အချိန်နဲနဲလင့်ပြီး နှောင့်ယှက်နေသလို ဖြစ်ရတာပါ၊ ဒီအိမ်ခန်းထဲကို ဝင်လာရိုးမှန်ရင်တော့ ဒင်းဘယ်မှ မပြေးနိုင်ပါဘူး" ဟု ပြောလိုက်လေ၏။

"ဟာ ဒီလောက်ကြာမှတော့ ဒီအိမ်ထဲမှာ မရှိတော့ပါဘူး၊ ရှာနေလဲ အပိုပါပဲ" . . .

ဟုထပ်၍ ပြောလိုက်ပြီးလျှင် . . . ရာဇဝတ်အုပ်လည်း နောက်ထပ်အသံမထွက်လာတော့ပေ၊ နောက်ဖေး မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ အိမ်သာခန်းများ တွင်လည်း အနှံ့အပြားပင် လိုက်၍ ရှာကြပြန်၏၊ သို့သော် . . . ဘွဲ့ဖြူမ၏ အရိပ်အငွေ့ကိုမျှ မတွေ့ကြရတော့ပေ၊ အိမ်နောက်ဖေးဘက်မှ အပြင်သို့ ထွက်သော တံခါးကိုသာလျှင် ခပ်ဟဟ

www.burmeseclassic.com



ကလေး စေ့ထားလျက် တွေ့မြင်ကြရလေ၏။

"ဟော . . . တံခါးပွင့်နေပါလားဗျို့ နောက်ဖေးပေါက်က ဆင်းပြေးပြီထင်တယ်"

ဟု အံ့အားသင့်စွာ ကြည့်ရှုပြောဆိုလျက် လှအေးလည်း ထိုတံခါးကို ဆွဲဖွင့်ပြီးလျှင် . . . နောက်ဖေးအပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြန်လေ၏၊ မြမြမေမှာလည်း ၎င်းကဲ့သို့ပင် အံ့အားသင့်စွာဖြင့် . . .

"အို . . . ဟုတ်ပါရဲ့ ကြည့်စမ်း ဒီနောက်ဖေးတံခါးဟာ ကျမ ကိုယ်တိုင် သေသေချာချာ "ဂလန့်" ထိုးပြီး ပိတ်ထားတဲ့ တံခါးပဲ၊ အခု ပွင့်နေပုံထောက်တော့ ဒီက ဆင်းပြေးတာအမှန်ပါပဲ"

ဟုပြောပြီးလျှင် လှအေးအနီးသို့ တိုးကပ်လျက် အပြင်သို့ ကြည့်နေပြန်လျှင် . . . ရာဇဝတ်အုပ်မှာ မြမြမေအား မျက်လုံးစွေကြည့်လျက် ပါးစပ်ကို မသိမသာ မဲ့၍ ဦးခေါင်းညိတ်ကာ . . .

"ဟုတ်ပါတယ် တစ်နည်းနည်းနဲ့ ဒီအိမ်ထဲမှာ မရှိတော့ပါဘူးလို့ ကျုပ်ပြောသားပဲ၊ ခင်ဗျားတို့ ဘယ်လိုပဲ ရှာရှာ အပိုပေါ့" ဟု ပြောပြီးလျှင် အပြင်ခန်းဆီသို့ ချာကနဲလှည့်ထွက်သွားလေ၏။

ကျီးငှက်တို့၏ အသံများလည်း ဆူညံစပြုလာပြီ၊ အိမ်အပြင်ပတ်ဝန်းကျင်တွင်လည်း များစွာ လင်းလာပြီဖြစ်၍ ဘာမဆို ရှင်းရှင်းလင်းလင်းကြည့်မြင်နိုင်လေရာ . . . လှအေးတို့မှာ အိမ်နောက်ဘက်၌ ခြည်သူမျှ မရှိတော့သည်ကိုလည်း သေသေချာချာပင် သိကြရလေ၏၊ မြမြမေလည်း အိမ်ရှေ့ခန်းဘက်သို့ လှည့်ကြည့်ပြီးလျှင် မျက်နှာများ မကောင်းတော့ပဲ လှအေးကို တဖန်အကဲခတ်ကြည့်ကာ . . .

"ဒီမယ် . . . ရှင့်နာမည်လဲ ကျမမသိဘူး၊ ဟိုလူကြီးက ဘာလဲရှင့် ရာဇဝတ်အုပ်လား"

ဟုမေးလိုက်လေ၏။

"ကျွန်တော့်နာမည်က လှအေးတဲ့၊ ဟိုလူက ရာဇဝတ်အုပ်ပေါ့ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဒီလူ့အမူအရာနဲ့ ပြောပုံ ဆိုပုံ ကြည့်ရတာ ကျမအပေါ်မှာပဲ မသက်ာနေသလိုလို ဖြစ်နေလို့ပါ၊ ဟုတ်ပါရဲ့ရှင် . . . ဒီဘွဲ့ဖြူမဆိုတာ ကလဲ ကြုံကြုံဖန်ဖန်ဒီအိမ်ထဲကိုမှ စွပ်စွပ်ရွပ်ရွပ် ဝင်ပြေးလာတတ်လွန်းတယ်၊ သူမသက်ာဘူးဆိုလဲ . . . မသက်ာစရာဖြစ်နေပြီ၊ ဒါပေမယ့် စုံစမ်းကြပါရှင်၊ ကျမတော့ . . . ဘာမှ မသိရကြောင်း ကျမ်းကျိန်ပြောဝံ့ပါတယ်၊ နောက်ပြီး ကျမမှာလဲ ခုတလော အကုသိုလ်ဝင်နေတယ် ထင်ပါရဲ့ တစ်နေ့ကတစ်ခါ ကားတိုက်လို့ . . ."

မြမြမေ၏ အသံကား ကြေကွဲဝမ်းနည်းစွာ ထွက်ပေါ်လာသဖြင့် လှအေးတွင် နားထောင်ရင်း မြမြမေမျက်နှာကို ငေးစိုက်ကြည့်နေမိရာ မြမြမေက စကားအဆုံးတွင် မျက်လွှာကလေး အသာပင့်၍ ကြည့်လိုက်သောအခါတွင်မှ ရှက်ကိုးရှက်ကန်းဖြစ်သွားတာ မျက်နှာကို အသာပြင်လျက် . . .

"အို . . . ကျွန်တော်တို့ ဒီလိုအထင်မလွဲပါဘူး၊ မြမြမေစိတ်မကောင်းဘူးဆိုတာလဲ ကျွန်တော်တို့သိပါတယ်၊ မြမြမေ ကားတိုက်ခံရတာလဲ ကြာမှ မကြာသေးဘဲ . . . ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

ဟုပြောလိုက်လေ၏။

"ဟင် . . . ကျမ ကားတိုက်ခံရတာ ရှင်သိလို့လား"

ဟု မြမြမေက အံ့အားသင့်စွာ မေးလိုက်ပြန်၏။

"ဟုတ်ကဲ့ . . . သိတာပေါ့၊ မြမြမေကိုလဲသိပါတယ်"

"ဟုတ်လား . . . ကျမတော့ ရှင့်ကို မမှတ်မိဘူး၊ ဒီအိမ်ကို ရောက်ဖူးသလား"

"ရောက်ဖူးတာပေါ့ . . . မြမြမေ ကားတိုက်ခံရတဲ့ညက လူသုံးယောက် ဒီအိမ်ကို လိုက်ပို့တဲ့အထဲမှာ ကျွန်တော်ပါတယ်၊ မော်တော်ကားပေါ်ကို ကျွန်တော် ကိုယ်တိုင်ပွေ့တင်တာပဲ၊ ဒီအိမ်ရောက်တော့ . . . ဆရာဝန်ခေါ်ပေးပြီးမှ ကျွန်တော် နောက်ဆုံးပြန်သွားတာပေါ့၊ အဲဒီတုံးကတော့ ဘက်နားက နှစ်ထပ်တိုက်အိမ်မှာနေတဲ့ စုံထောက်ကိုဘွဲ့လွင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အတူနေပါတယ်"

မြမြမေအထူးပိုမို အံ့အားသင့်သွားပြန်ပြီးမှ လှအေး၏ မျက်နှာကို ခပ်တွေတွေ စိုက်ကြည့်ပြီးလျှင် မျက်နှာပေးလည်းတစ်မျိုးပြောင်းလျက်

"အော် . . . သိပြီ . . . သိပြီ . . . အခုမှပဲ သတိရတယ်ရှင်၊ စိတ်တလဲ မကောင်းတော့ ခုတလော သိပ်မေ့တတ်တာပဲ၊ ဟုတ်ပြီ ကိုလှအေး တို့ညက ကျမဒိုင်ယာရီစာအုပ်ကလေးထဲမှာတောင် နာမည်တွေ ရေးထားလိုက်သေးတာပဲ"

ဟုပြောကာ အိမ်ရှေ့ခန်းသို့ ထွက်သွားသဖြင့် လှအေးလည်း တစ်စုံတစ်ခုကို တွေးတောလျက် မျက်နှာရွှင်ပြုံးစွာဖြင့် အနောက်မှ လိုက်၍သွားလေ၏။

အိမ်အလယ်ခန်းသို့ရောက်လျှင် မြမြမေအိပ်သော အခန်းဝ၌ ရပ်ကာ အတွင်းသို့ သေချာစွာအကဲခတ်ကြည့်နေသော ရာဇဝတ်အုပ်ကို တွေ့ရသဖြင့် မျက်နှာပျက်ပျက်နှင့် မြမြမေလည်း လှအေး၏ မျက်နှာကို တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီးလျှင် တဖန်ရာဇဝတ်အုပ်ကိုကြည့်၍. . .

"ကြော် . . . အဲဒါ ကျမအခန်းလေ၊ မသင်္ကာတဲ့ အချက်များ ရှိလို့လားရှင်၊ ရှိရင်လဲ အထဲကိုဝင်ပြီး သေသေချာချာဘဲ စုံစမ်းနိုင်ပါတယ်" ဟု ပြောလျှက် ရှေ့မှ အခန်းထဲသို့ ဝင်သွားလျှင် . . .

ရာဇဝတ်အုပ်လည်း လှအေး မျက်နှာကို လှမ်းကြည့်လိုက်ပြီးမှ မျက်နှာခပ်တည်တည်နှင့်ပင် . . .

"မဟုတ်ပါဘူး၊ ကျုပ်က ဒီအခန်းထဲများ အွဲ့ဖြူမ ဝင်ခိုနေသလားလို့ပါ"

ဟုပြန်ပြောပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားပြန်လေ၏။

မိုးထိန်ထိန်လင်းသဖြင့် မှန်အိမ်မီးကိုငြိမ်းကာ အားလုံးပင် အိမ်ရှေ့ခန်းတွင် ကုလားထိုင်များဖြင့် ထိုင်ကြပြီးနောက် ရာဇဝတ်အုပ်လည်း အိမ်ရှေ့ဝင်းအပြင်ဘက်ဆီသို့ မျှော်ကြည့်ပြီးလျှင် . . .

"အားလဲနာစရာပဲ၊ ဒါပေမယ့် အစိုးရဝတ္တရားဆိုတာ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



[illegible]တ်တယ်ဗျ၊ ခုဒီကိစ္စကို ခင်ဗျားဘယ်လို သဘောရသလဲ"

ဟုလှအေးအား မေးလိုက်လေ၏။

"ဘာကို . . . ဘယ်လို သဘောရ ရမှာလဲဗျ၊ ဒီအိမ်ထဲကို [illegible]တ်ပြီး နောက်ဖေးပေါက်က ဆင်းပြေးတာ အမှန်ပေါ့"

"အင်း . . . ဒါပေမယ့် ကျုပ်တော့ မြမြမေ အပေါ်မှာ နဲနဲ [illegible]ဘဝန်မကောင်းဘူးထင်တာပဲ၊ စိတ်လဲမရှိပါနဲ့ဗျာ"

ဟု ရာဇဝတ်အုပ်လည်း မြမြမေ၏ မျက်နှာကို လှမ်းကြည့်ကာ [illegible]ပ်တည်တည်ပြောလိုက်ပြန်၏။

မြမြမေ မျက်နှာပျက်သွားလျှက် . . .

"အလို . . . အကိုကြီးက ဘယ်လို အချက်နဲ့များ ကျမကို [illegible]ထင်လွဲနေပါလိမ့်၊ မသင်္ကာရင်လဲ စုံစမ်းနိုင်ပါတယ်လို့ . . . ပြောပါ [illegible]တော"

"အထူးစုံစမ်းနေစရာတောင် မလိုပါဘူး၊ အခု တရားခံဟာ မိန်းမ [illegible]ခုဝင်ပြေးတဲ့အိမ်မှာရှိတာလဲ မိန်းမ ပျောက်သွားတာတာလဲ ဒီအိမ်ထဲမှာ"

"ဒါတော့ . . . မဆိုင်ပါဘူးရှင်၊ သူ့ဟာသူ မိန်းမဖြစ်လို့ ဒီအိမ် [illegible] ဝင်ပြေးလာတိုင်း ကျမပဲ ဖြစ်ရတော့မလား၊ ဒီအိမ်ထဲဝင်ပြေးတယ် [illegible]တာ နောက်ဖေးပေါက်က ထွက်သွားတာ အထင်အရှား ထုံးခြင်းကြီးက [illegible]တ်သေခံနေပါပကော"

"ဒါကတော့ ကိုယ့်ဟာကိုယ် ဖွင့်ထားရင်လဲ ဖြစ်ပါတယ်၊ ဒီမြင် [illegible]ားတွေအရှည်ကြီးပြောမနေပါနဲ့တော့လေ . . . ကျုပ်တို့လဲ တစ်ညလုံး [illegible]စ်ရေးမှ မအိပ်ရသေးဘူး၊ အိပ်ငိုက်လာပြီ ဟောဟို အိမ်ရှေ့ဝင်းအပြင် [illegible]တ် လမ်းစောင်းမှာရပ်ထားတဲ့ မော်တော်ကားကလေးဟာ ဘယ်သူ့ကား [illegible] ကြည့်စမ်းပါအုံး"

မြမြမေလည်း ထိုအခါမှ တံခါးပေါက်သို့ ထွက်၍ ဝင်းအပြင်သို့ [illegible]မ်းကြည့်ပြီးလျှင် အံ့အားသင့်သွားပြန်ကာ . . .

"ဟင် . . . ဒီဟာ ကျမ ကားကလေးပဲ"

www.burmeseclassic.com



ဟုပြောလိုက်၏

"အဲဒီကားဟာ ညက တစ်ညလုံး ဘွဲ့ဖြူမနဲ့ အဖော်မိန်းမ တစ်ယောက် ယောက်ျားတစ်ယောက်စီးပြီး ကျုပ်တို့ရှေ့က ပြေးနေတဲ့ကား တလေးပေါ့ ဘွဲ့ဖြူမ အခုဒီအိမ်ထဲကို ဝင်ပြေးတာလဲ . . . ဒီကားကလေး ပေါ်တယ် ကျုပ်တို့မျက်စိရှေ့မှာ ဆင်းပြေးတာ၊ ဒီကားကလေးစီးလာပြီး ဒီအိမ်ထဲ ဝင်ပြေးတာ လက်ပူးလက်ကြပ်မိနေတဲ့ ဘွဲ့ဖြူမဆိုတာ ဒီမြမြမေ မဟုတ်ဘူးဆိုရင် . . . ကျုပ်တို့အရူးလို့ ဆိုရမှာပဲ . . . ဘာပြောချင် သေးသလဲ"

မြမြမေလည်း မျက်စိကလေးများ ပြူးကြောင်ကြောင်ဖြစ်လာ တာ . . . လှအေးမျက်နှာဆီသို့ လှမ်းကြည့်လိုက်ပြန်သည်၊ လှအေးမျက် နှာတွင်လည်း ဝမ်းနည်းသည့်အရိပ်အရောင်ကလေးများ သန်းနေကာ မြမြမေအား မျက်တောင် စင်းစင်းနှင့် ခပ်တွေတွေကြည့်လျက် မိမိလည်း မည်သည့်နည်းနှင့်မျှဝင်၍ ကန့်ကွက် ငြင်းဆိုနိုင်ခွင့်မရှိတော့ဘူး ဟူသည့် အဓိပ္ပါယ်နှင့် ရှုံ့ကနဲ လေပြင်းကြီး မှုတ်ထုတ်လိုက်လေ၏။

ထိုအခိုက် အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ထိုးရပ်လိုက် သည့် အသံကြားလိုက်ရပြီးလျှင် အိမ်ဝင်းထဲသို့ ခပ်သုတ်သုတ်ဝင်လာ သည့် ညွန့်လွင်ကို တွေ့မြင်ရသဖြင့် ရာဇဝတ်အုပ်လည်း ထိုင်ရာမှထ၍ အားရဝမ်းသာစွာဖြင့် . . .

"ဟလို . . . ကိုညွန့်လွင်လိုက်လာတာ အဆင်သင့်ကိုဟန်ကျ တာပဲဗျို့ . . . ဒီတစ်ခါမှ မုံလာဥဖြစ်ရင်တော့ ကျုပ်တို့သေဖို့သာ ကောင်းတော့တာပဲ"

ဟု လှမ်း၍ ပြောလိုက်ရာ ညွန့်လွင်လည်း အနည်းငယ်ပြုံးလျက် ဦးခေါင်းညိတ်ကာ အိမ်ပေါက်သို့ဝင်ရင်း -

"ခင်ဗျားတို့ ဒီကို ရောက်နေကြပြီ ဆိုကတည်းက ကျုပ် တထစ်ချပဲ ကိစ္စအေးပြီလို့ မှတ်ပြီး ခပ်သုတ်သုတ်လိုက်ခဲ့တာပေါ့"

ဟုပြောပြောဆိုဆိုနှင့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"တို့ ဒီကိုရောက်လာတာ . . . မင်းဘယ့်နှယ်လုပ် သိလာသလဲ"

ဟု လှအေးက လှမ်းမေးလိုက်ပြန်၏။

"ငါ ဟိုမှာ . . . သေနတ်ထိပြီးလဲနေတဲ့ မယ်ကျော့ဆိုတဲ့ ကောင်မလေးကို စစ်ချက်ယူပြီး ဆေးရုံပို့နေရလို့ ကြာသွားတာကွ၊ ဒီနောက် အိမ်ကိုပြန်အလာမှာ 'တန်ပီ' ကို တာမွေကားဂိတ်မှာ တွေ့ရတယ် . . . သူပြောလိုက်လို့ သိတာပေါ့၊ တန်ပီကလဲ မင်းတို့ ဒီရောက်နေတာမြင်လို့ ငါ့ကိုသတင်းပေးရအောင် ထွက်လိုက်လာသတဲ့၊ အရေးထဲမှာ အိမ်ကတယ်လီဖုန်းကလဲ ဆက်မရဘူးကွ"

"အော် . . . ဟိုက ကောင်မလေး မသေဘဲကိုး ဘာအစစ်ခံသလဲ"

"ဘယ်သေမလဲ . . . နှစ်ချက်ပစ်တာ တစ်ချက်တည်း ပေါင်ကိုဖောက်ဝင်သွားတာပဲ၊ ဘာမှတော့ စစ်လို့မရဘူးကွ၊ အာဂသတ္တိမောင် တစ်ခါတည်းကို ဘူးခံနေတယ်၊ နို့ ဘယ့်နှယ်လဲ . . . မိထားပြီလား"

ဟု ညွှန့်လွင်လည်း ပြောပြီးမှ ဆက်၍ ဒေါတာ မြမြမေ၏ မျက်နှာကို အမှတ်မဲ့ လှမ်းကြည့်လိုက်မိလေ၏။

မြမြမေတွင် တစ်ကိုယ်လုံးဆတ်ကနဲ တုန်သွားသည် ဟူ၍လည်း လှအေးအကဲခတ်လိုက်လေ၏၊ စိတ်ထဲတွင်လည်း များစွာမတောင်းတော့ဘဲ မြမြမေအပေါ်တွင် သနားကြင်နာမိသလိုလို ဖြစ်လာသဖြင့် မျက်နှာတိုပင် ရဲရဲမကြည့်ဝံ့တော့ပေ၊ သို့သော် မကြည့်ဘဲလည်း မနေနိုင်သဖြင့် မသိမသာ တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်မိပြန်လေ၏။

မျက်ရည်များရစ်ဝဲကာ မိမိအား တွေဝေကြည့်ရှုနေသည့် မြမြမေ၏ မျက်နှာနှင့် ဆုံနေပြန်သည့်အပြင် ၎င်း၏ မျက်နှာအမူအရာသည်း "ကိုကိုရယ် မြတော့ ဒုက္ခရောက်ရတော့မယ် . . . မတတ်သွယ်နိုင်တော့ဘူးလား၊ ကိုကို့ကို မြအားကိုးပါရစေ" ဟု ပြောဆို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ကို ရုတ်တရက်ကြီး လှအေးတွင် ဘာမဆိုင် ညာမဆိုင်နှင့်ပင် အလိုလိုရှက်ရွံ့မှု ရှေ့တန်းဖြစ်၍သွားလျက် မျက်နှာကိုပင် မထားတတ်ကောင်းစွာ ရာဇဝတ်အုပ်၏ မျက်နှာသို့လှမ်းကြည့်လိုက်မိပြန်လေ၏။

ရာဇဝတ်အုပ်ကား မျက်နှာခပ်ပြုံးပြုံးနှင့် ညွန့်လွင်အား ကြည့်၍

"ဘူတဲ့ အဆင်သင့်ပါပဲ အဲဒါ ခင်ဗျားပဲ ကြည့်စိမ်တော့၊ ဘွဲ့ဖြူဆိုတာတော ဒီမော်တော်ကားပေါ်က ဆင်းပြေးပြီး ဒီအိမ်တွင်းမှာ ပျောက်သွားတဲ့နောက် . . . ဟောဒီမြမြမေကိုပဲ တွေ့ရတယ်၊ နောက်ပြီး ဒီမော်တော်ကားဟာလဲ သူ့မော်တော်ကားပါပဲလို့ ဝန်ခံတယ်၊ အဲဒါဘယ်လို သဘောရသလဲ"

ဟု မြမြမေအား မျက်စပစ်ပြကာ ပြောလိုက်သည်ကိုတွေ့ရပြန်လျှင် ရင်ထဲ၌ အလိုလိုပင် ဖိုကနဲဖြစ်သွားပြန်ကာ ညွန့်လွင်ကို လှမ်းကြည့်လိုက်မိပြန်လေ၏။

ညွန့်လွင်လည်း သူ့အားပြန်၍ ကြည့်ကာ . . .

"ဟော့ . . . လှအေး မင်းလဲ အားလုံးမျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား"

ဟုမေးလိုက်သဖြင့် များစွာ အဖြေရခက်သွားပြန်ကာ ပါးစပ်မှလည်း မထွက်ရက်နိုင်ဘဲ ကြောင်တက်တက် ဖြစ်နေပြန်လေ၏၊ ထိုနောက် ရာဇဝတ်အုပ်ကထောက်၍ . . .

"ဟော့ လူ . . . ပြောလေဗျာ . . . ဘာငိုင်နေတာလဲ၊ အိပ်ငိုက်နေပြီလား"

ဟုပြောလိုက်မှ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားကာ -

"မငိုက်ပါဘူးဗျ . . . နဲနဲမျက်စိစင်းသွားတာပါ"

ဟု ရယ်စရာတလေး ဖောက်ပြောလျက် ညွန့်လွင်၏ အမေးကို မဖြေတော့ဘဲ ပယ်ဖျက်ပစ်လိုက်လေ၏။

ညွန့်လွင်လည်း နောက်ထပ် မမေးတော့ဘဲ မြမြမေ၏ မျက်နှာကို အကဲခတ်ကြည့်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"မြမြမေတော့ အားနာစရာပဲ"

ဟုပြောလိုက်လေ၏။

"ကျမ . . . ဘာဖြစ်လို့လဲရှင်"

"ဘာဖြစ်ရမလဲ . . . အခုပြောနေတာတွေ ကြားပြီ မဟုတ်လား၊ ဟို . . . မော်တော်ကား တိုက်သွားတယ်ဆိုတုန်းက ကျုပ်က အချက်မပိုင်လို့ ရိပ်မိရက်သားနဲ့ အောင့်ခံခဲ့ရတယ်၊ အခုတော့ မြမြမေလှည့်စားလို့ မရနိုင်တော့ဘူး"

"အို . . . ကျမတော့ ဒုက္ခပဲ . . . သက်သက်အိမ်မှာနေရင်း အမှုပတ်နေပါပကောလားရှင် . . . အရင်က ရိပ်မိရက်သားနဲ့ ဆိုတာလဲ ဘယ်လို အချက်များပါလိမ့်၊ ကျမကို မော်တော်ကားတိုက်မိတာနဲ့ ဘာဆိုင်သလဲလို့"

"ရှင်းပြရမလား . . . ဟိုညက ကုတ္တိုင်းလမ်း ခေတ်ဆီဆိုင်မှာ ဆိုင်သိမ်းပြီး ပြန်မယ့်ဆဲဆဲ မန်နေဂျာ ဦးဘသော်ကို ခြောက်လုံးပြူးနဲ့ ချိန်းပြီး ခါးထဲက သေနတ်ကို လုယူတယ်၊ ဒီနောက် ဦးဘသော်ရဲ့ ဂျစ်ကားပေါ် တက်ပြီး မောင်းပြေးတယ်၊ ဂွတ်တလစ်လမ်း အလွန်ရောက်မှ ပုလိပ်ကားလိုက်လာလို့ ရွှေဂုံတိုင်လမ်း ချိုးဝင်ပြီး ဟိုထိပ်နားမှာ ရပ်လိုက်တယ်။ ကားရပ်ရပ်ချင်းပဲ မြမြမေကိုယ်တိုင် အမလေးသေပါပြီ . . . လို့ အော်ပြီး ကားအောက်ကိုဆင်းတယ်၊ ဒီနောက် ဦးခေါင်း၊ နောက်စေ့နဲ့ မော်တော်ကား ရွံ့ကာနဲ့ ပေါက်သွားအောင်ရိုက်ပြီး လမ်းဘေးမှာ လှဲအိပ်မေ့ချင် ယောင်ဆောင်နေတယ်၊ ပုလိပ်တွေရောက်လာတော့ ဘွဲ့ဖြူမဟာ မြမြမေကိုကားနဲ့တိုက်ခဲ့ပြီး ဆင်းပြေးတယ်လို့ တစ်ပတ်ရိုက်လိုက်တယ် မဟုတ် လား၊ ကဲလေ . . . ဟဲဟဲ"

"အလိုရှင် ဒီညကဘွဲ့ဖြူမဆိုတာ ကျမကားတိုက်ခံရတဲ့ အဝတ်အစားမျိုးနဲ့ မို့လား"

"ဒါမဆန်းပါဘူး၊ သေနတ်လုပြေးလာတုန်းက အဝတ်တွေကို လမ်းမှာ ချွတ်ချပစ်ခဲ့မှာပေါ့၊ ဒီရောက်မှ အဝတ်အစားတစ်မျိုးနဲ့ မြမြမေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ကားတိုက်ခံရပုံ ဟန်ဆောင်နေတာ အသိသာကြီးပါ"

"အဲဒါ ရှင် အထင်လွဲတာပဲ"

"ဒါတော့ မမှားဘူး မှားတယ်ဆိုတာ ဂုတ်ရောက်ရင်သိရမှာပေါ့"

"ကျုမကို ရှင်တို့က အခုဖမ်းကြမလို့"

"ခင်ဗျားကို မဖမ်းပါဘူး၊ ဘွဲ့ဖြူမကို ဖမ်းမလို့"

"ဘယ်မှာရှိလို့လဲရှင်"

"ဟော့ ... မြမြမေ ရီးတီးယားတား လုပ်မနေနဲ့ အခုမြန်မြန် ထလိုက်၊ ညတုန်းက အလစ်ထွက်သွားလို့သာ ခံလိုက်ရတယ်မှတ်ပါ၊ မင်း ကိုယ်တိုင် မောင်းလာတဲ့ ဟိုမှာ ... မင်း မော်တော်ကား"

"အလို မြတ်စွာဘုရား"

"ဟား-ဟား ... အခုမှ ဘုရားတ မနေပါနဲ့၊ မြမြမေတကယ်ပဲ မဟုတ်ဘူးဆိုသည့်တိုင်အောင် ... ဒီကားကိုတော့ ကိုယ့်ကားမဟုတ်ပါ ဘူးလို့ မငြင်းနိုင်ဘူး မဟုတ်လား ... မြမြမေဟုတ်ချင်ဟုတ် မဟုတ်ချင် နေ ဒီကားဟာ မြမြမေကား အမှန်ဖြစ်ရင် ဒီအမှုမှာ မြမြမေတရားခံဘဲ ဘယ်လိုငြင်းမလဲ၊ အလကားအချိန်ဖြုန်းမနေနဲ့ အသိသက်သေများနဲ့ အိမ်ထဲမှာ နဲနဲစုံစမ်းရှာဖွေပြီး ဂုတ်ကိုသွားရလိမ့်မယ်"

"အော် ... လတ်စသတ်တော့ ဒီမော်တော်ကားက ကျုမကို ဗြုဟ်စီးနေတာကိုး ရှင်တို့အားလုံးမှားပြီ၊ အိမ်ထဲမှာ မသင်္ကာစရာရှိရင်လဲ မြန်မြန်စုံစမ်းပြီး ပြန်ကြတော့ အိပ်ပျက်နေကြမယ်၊ ဒီမော်တော်ကား အတွက် ကျုမမှာ ဘာမှမသင်္ကာစရာမရှိဘူး—"

"ဘယ်လိုပြောဦးမလဲ ... တော်ပြီ"

"မတော်နဲ့ ညက ၁၀နာရီလောက်မှာ ကျုမရုပ်ရှင်ကြည့်ပြန် လာပြီး ... ကားကိုမသွင်းသေးဘဲ ရွံ့တွေပေနေတာနဲ့ ဟိုဘက်ခြံမ်း စောင်းက ရေဘုံဘိုင်မှာ ... ရေဆေးဖို့ ဒရိုင်ဘာနဲ့ ထားခဲ့တယ်၊ အဲဒီအခိုက်မှာ ဒရိုင်ဘာကုလားကို ရိုက်ပစ်ခဲ့ပြီး ... ကားကိုဘယ်သူ မောင်းပြေးသလဲမသိဘူး၊ ကုလား သွေးတွေသံတွေနဲ့ အိမ်ထဲကိုအော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်လာမှ ကျမလဲ သိရတော့တာပေါ့၊ ညကတစ်ညလုံး ဒီကားတို ပြန်မတွေ့ဘူး၊ ခုမနက်ရှင်တို့လာပြီးပြမှ ကျမလဲ တွေ့ရလို့ အံ့အားသင့် နေတယ်၊ ဒီအကြောင်းတွေကိုလဲ . . . စောစောထဲက ပြောပြမလို့ဘဲ ရှင်တို့စကားတွေ ရှုပ်နေသေးလို့ အခုမှ ပြောရပါတယ်"

ဟု မြမြမေလည်း ထိုအခါ၌ ခပ်သွက်သွက်ပင် ပြန်ပြောတာ သူ့အေး၏ မျက်နှာကို ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်ပြန်၏။

လှအေးမျက်နှာတွင်လည်း ဝင်းထိန်သကဲ့သို့ ဖြစ်လာတာ ပည်မျှိုတွင် တစ်ဆို့နေသော အလုံးကြီးကို မျိုချလိုက်မိလေ၏၊ ရာဇဝတ် အုပ်လည်း ထိုင်ရာမှ ထလိုက်လေပြီ၊ ညွှန့်လွင်ကား ရယ်လျက်ခေါင်းတို သာ တွင်တွင်ညိတ်ကာ . . .

"အင်း . . . အင်း . . . ဒီစကားလဲ ယုတ္တိရှိသားပဲ၊ ဒါပေမယ့် ချုပ်တို့အဖို့မှာ နဲနဲရိုးနေတဲ့အတွက် အနှပ်မခံပါရစေနဲ့တော့ ဂတ်ကိုသာ ရအောင် ပြင်ပါ"

ဟု ပြောလိုက်လေ၏။

"ကျမတော့ ဂတ်ကိုမလိုက်နိုင်ဘူး၊ လိုက်ဖို့လဲ ဘာမှအကြောင်း ရှိဘူး၊ အခုရှင်တို့ကို အားနာလွန်းလို့ ကျမအိမ်ထဲမှာ လက်ခံထားတာပဲ ရှိန်လှပြီ၊ ဒီမိုကရေစီအစိုးရလက်ထက်မှာ . . . ဥပဒေတို့ အလေးဂရုပြု နေတယ်ဆိုတာလဲ . . . ရှင်တို့က ပိုပြီးသိမှာပါပဲ . . . ဒီတော့ ဘာမှထပ် ပြီး ပြောမနေကြနဲ့ ဂတ်မှာသွားပြီး စုံစမ်းကြည့်ကြ ညကချက်ချင်းပဲ ကျမ ကိုယ်တိုင် ဂတ်မှာ တိုင်ချက် ပေးထားတယ်၊ ဒရိုင်ဘာ တုလားကိုလဲ ဂတ်ကပဲ ဆေးရုံပို့လိုက်လို့ အခုထက်ထိဆေးရုံမှာ မယုံသွားကြည့်၊ ဒါပဲ ကျမ ပြောတတ်တယ်"

ပြောပြီးလျှင် မြမြမေလည်း ထိုင်ရာမှ အိမ်ခန်းတွင်းသို့ ဝင်သွား ကာ ဒေါ်ဖွားအား ကော်ဖီဖျော်ယူလာရန် အော်ပြောလျက် မြတင်းပေါက် သို့ သွား၍ ရပ်နေလေ၏။

ညွှန့်လွင်နှင့် ရာဇဝတ်အုပ်လည်း အဓိပ္ပါယ်ပါသော မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြပြီးလျှင် . . . တအော
လောက်ကြာမှ လှအေးအား အိမ်ကိုပြန်၍ ဂတ်သို့ တယ်လီဖုန်းဖြ
စုံစမ်းရန် စေလွှတ်လိုက်ရာ . . . လှအေးလည်း အလိုလိုပင် စိတ်အ
ထက်သန်လျှက် ဝမ်းသာမိသလိုလိုဖြင့် ခပ်သုတ်သုတ် အိမ်ဆီသို့ ထွ
သွားလေ၏။

မြမြမေလည်း ပြတင်းပေါက်တွင် ရပ်လျက် ခပ်သုတ်သု
လျှောက်သွားနေသည့် လှအေးအား နောက်မှ မျက်စိတဆုံး မျှော်ကြ
လျှက် . . . တွေးချင်ရာ တွေးနေမိလေရာ ညွှန့်လွင်နှင့် ရာဇဝတ်အ
တို့မှာလည်း စကားတစ်ခွန်းမျှမပြောကြတော့ဘဲ သူ့ကိုသာ အကဲခ
ကြည့် နေကြလေ၏၊ ငါးမိနစ်ခန့်ကြာလျှင် လှအေးပြန်ရောက်လာလေ
. . . ညွှန့်လွင်က စိတ်အားထက်သန်စွာဖြင့် "ဘယ့်နှယ်လဲဟေ့"

ဟုလျှင်မြန်စွာ မေးလိုက်လေ၏။

"ဟုတ်တာပေါ့ကွာ . . . သူတို့လဲ ခုထက်ထိ ဒီကားကိုစုံ
နေတုန်းပဲ၊ ဒရိုင်ဘာ ကုလားလဲ ဆေးရုံကြီး 'ဝပ်ဒ်' နံပါတ်တူး (ဘတ်
နံပါတ်ဖိုးမှာ အခုပဲ တယ်လီဖုန်းနဲ့ မေးကြည့်လိုက်တယ်၊ ဦးခေါင်း
အတော်ဒဏ်ရာပြင်းတဲ့အတွက် ဦးနှောက်ကိုတောင် ထိသွားဆိုပဲ"

ထိုစကားကို ကြားသည်နှင့်တစ်ပြိုင်နက်လည်း ညွှန့်လွင်နှင့် ရာ
ဝတ်အုပ်တို့မှာ နှစ်ယောက်စလုံးပင် မျက်နှာများပျက်သွားကြကာ သ
ပြင်းကြီး ချလိုက်ကြပြီးလျှင် . . . ဒါဖြင့် ဒီကားကို လူသတ်သွားတာ
သေချာနေပြီပေါ့၊ ဒါဖြင့် မြမြမေလဲ ဒီကိစ္စနဲ့ ပတ်သက်လို့ တာဝန်က
သွားပြန်တာပေါ့၊ ဒါပေမယ့် ခင်ဗျားအိမ်ထဲမှာ ဘွဲ့ဖြူမ ပျောက်သွား
အတွက် အသိသက်သေနဲ့ နဲနဲပါးပါး ရှာကြည့်ချင်သေးတယ်"

ဟု ညွှန့်လွင်က ပြောလိုက်ရာ . . . မြမြမေလည်း မျက်
တည်တည်နှင့် လှည့်ကြည့်၍ . . .

"တော်တော်နှောက်ယှက်တဲ့ လူတွေဘဲရှင် . . . ကျမဒီမန
ဘုရားသွားမှာလဲ မသွားဖြစ်တော့ဘူး၊ ဒီဘွဲ့ဖြူမဆိုတာလဲ မြန်မြန်မိ

www.burmeseclassic.com



ပါတော့ . . . ကဲ . . . ရှာချင်ရင် မြန်မြန်သာ ရှာကြပါ၊ ကျမဆိုင်ကိုသွားရပါအုံးမယ်”

ဟု ညည်းညူပြောကာ အသိသက်သေလူကြီး သုံးလေးယောက်ကိုခေါ်ကာ ညွှန့်လွင်တို့လည်း အိမ်ထဲ၌ သေတ္တာနှင့်ဘီရို ရှိသမျှတို့ကို သေချာစွာ စုံစမ်းရှာဖွေကြပြန်လေပြီ၊ နာရီဝက်ခန့်ကြာသည့်တိုင်အောင် ဘာမျှ မသင်္ကာလောက်သည့် အစအနများ မတွေ့ရသဖြင့် နောက်ဆုံးတွင် စိတ်ထဲမှ မကျေမနပ်ဖြစ်လျက် လက်လျှော့ကာ မြမြမေအား မခိုသွားဖြန့် တောင်းပန်စကားပြောကြားခွင့်ပန်၍ အသီးသီးပြန်သွားကြရရှာလေတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## တောင်ဆုပ်ရှိသော ခြေရာ

နောက်တနေ့ လွှန်မြောက်ပြီးလျှင်ပင် သတင်းစာများ၌ ထိုညက သတင်းများပါလာသဖြင့် ဘွဲ့ဖြူမ၏ သတင်းမှာ ဟိုးဟိုးကျော်၍သွားပြန်လေပြီ၊ ပုလိပ် စုံထောက်တို့မှာလည်း အနည်းငယ်မျှ အလစ်မခံဝံ့ကြတော့ပေ၊ ဝိုင်ယာလက်ကားများလည်း အထူးအလုပ်ရှုပ်နေရုံမကဘဲ ဂတ်တိုင်း ဂတ်တိုင်းတွင်ရှိသမျှ ရပ်ကွက်ပိုင်းခြား၍ လူဆိုးများကို အမြဲထောက်လှမ်းကြည့်ရှုနေရသည့် (ဆားဗလင်း)ခေါ် လူဆိုးထိန်း ရဲအမှုထမ်းများမှာလည်း စက်ဘီးကိုယ်စီဖြင့် မိမိတို့ နယ်ပယ်ဆိုင်ရာမှ လူဆိုးတို့၏ အရိပ်အခြည်ကို လှည့်လည်ကြည့်ရှုနေခြင်းဖြင့် အခါတိုင်းထက် အလုပ်ဝတ္တရား သုံးလေး ဆမျှ တိုးလျက် အများကြီး ပင်ပန်းကြရရှာလေ၏၊ မသက်သာသဖြင့် ဖမ်းဆီး စစ်ဆေးတာ မဟုတ်၍ လွှတ်လိုက်ရသော နာမည်ပျက် ယောကျ်ား မိန်းမ တို့မှာလည်း မနည်းတော့ပေ၊ အထူးသဖြင့် နာမည်ကျော်ပြစ်မှု ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့် မိန်းမထိန်းကြီးများ ပြည့်တန်ဆာမ အလယ် အလတ်များကို ဖမ်းဆီးစုံစမ်းခဲ့သည်မှာလည်း ရန်ကုန်မြို့လုံးအနှံ့ပင် . . .

သို့သော် . . . ဘွဲ့ဖြူမဟူ၍ စွပ်စွဲရန်ကား . . . တစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့် များစွာ အကြပ်ရိုက်နေပြန်၍ ညွှန့်လွင်မှာ စိတ်ထဲမှ များစွာမခံချင်လျက် မရမနေအသက်ပင် စွန့်၍ ကြိုးစားတော့မည် . . . ဟုစိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

ထိုသတင်းထွက်ပေါ်လာသည့် ညနေ ညွှန့်လွင်မှာ မိမိ၏ ဆရာနာမည်ကျော်စုံထောက်ကြီး ဦးထွန်းပေါ်အိမ်သို့ရောက်လာတော့သည်၊ ဦးထွန်းပေါ်သည် သတင်းစာကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ပြီးလျှင် . . .

"အင်း . . . အရေးတော့ကြီးတာအမှန်ဘဲ၊ နို့ . . . ဟိုညက ဆေးရုံပို့ထားတဲ့ မယ်ကျော့ဆိုတာ စစ်ဆေးလို့ မရဘူးလား"

"ဒီကောင်မလေးက ကိုဖိုးချိုအိမ်ကို ရောက်လာတာဟာ မကြာသေးဘူးတဲ့ လာတုန်းက သူများအိမ်မှာ အစေခံလုပ်နေရာက နှိပ်စက်ခံရလွန်းလို့ ထွက်ပြေးလာတယ် ဆိုပြီး ရောက်လာတာတဲ့ဆရာရဲ့၊ ဒါမျိုးဆိုတော့ ကိုဖိုးချိုကလဲ "အမဲ" ဝင်လာတယ်ဆိုပြီး ကောင်းကောင်း လက်ခံထားတာပေါ့၊ နောက်ဆုံးကျတော့ ဘယ်ဟုတ်မလဲဗျ၊ ဒီကောင်မကလေးက သူ့သေမင်းပဲ"

"အမှုနဲ့ ပတ်သက်ပြီး ဘာတွေ အစစ်ခံသလဲ"

"ဘာမှကို စစ်မေးလို့မရဘူးဆရာ အာဂသတ္တိပဲ၊ တစ်ခါတည်းတို (ဘူး)ကိုင်ထားတယ်၊ သူ့သေတ္တာထဲက လက်ပူးလက်ကြပ်တွေ့ရတဲ့ ဓာတောင်မှပဲ သူမသိဘူးလို့ ဇွတ်ငြင်းနေတယ်"

"ဒီအိမ်ကို မရောက်ခင် ဘယ်မှာနေသလဲ"

"ဒါလဲမေးလို့ကို မရဘူးဆရာ"

"အို . . . ဒီလိုဆိုရင် . . . ရတဲ့နည်း တစ်နည်းနည်းနဲ့ပေါ့၊ သူ့ခြေနာပျောက်လို့ ဆေးရုံက ဆင်းရင်တော့ . . . အမျိုးသမီးရဲကြပ် (မအေးစိန်ကြီး) လက်ကိုအပ်ပြီး စစ်ရဦးမှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"နို့ . . . အခုမင်းဘာလုပ်ချင်သလဲ"

"ဒီပြင် . . . သဲလွန်စတွေ ရထားတာတော့ ရှိသေးတယ်၊ မော်တော်ကား ဘီးရာတစ်ခုဗျ၊ ရှူးဖိနပ်ခြေရာ တစ်ခုဗျ၊ ကိုဖိုးချိုသေတဲ့လည်ပင်းက လက်ရာကြီး တစ်ခုဗျ"

"ရှူးဖိနပ်ရာဆိုတာက ဘယ်လိုထူးသလဲ"

"တော်တော် ထူးဆန်းတယ်ဆရာ၊ ဒီလိုကြီးကျယ်တဲ့ ရှူးဖိနပ်မျိုးကျွန်တော် မတွေ့ဖူးဘူး၊ အတော်ကြီးတဲ့ ဖိနပ်ရာကြီးပဲ သေသေချာချာမှာချုပ်မှ ရမယ်ထင်တယ်၊ ဒီလောက်ခြေထောက်ကြီးတဲ့လူ အတော်ရှားလိမ့်မယ် . . . လက်ရာကလဲ အတော်ကြီးတယ်၊ လက္ခဏာတို့ ဗွေတို့လဲရှာမတွေ့ဘူး၊ နောက်ပြီး တစ်ခုခက်နေတာက ကိုဖိုးချိုသေတုန်းက တွေ့တဲ့မော်တော်ကား ဘီးရာနဲ့ ဟို . . . ကျွန်တော်တို့ မသင်္ကာတဲ့ မြမြမေရဲ့ကားဘီးရာဟာလဲ မတူဘူး"

"အဲဒါတွေ ပုံစံကူးထားတာရှိရင် ယူခဲ့လေ . . ငါကြည့်အုံးမယ်"

"ယူခဲ့မယ် . . . နောက်ပြီး မယ်ကျော့ သေတ္တာထဲက တွေ့တဲ့စာကလေးမှာ ကျွန်တော်နဲ့ ဖတ်လိုက်ရတဲ့ အချက်ကလေးလဲ စုံစမ်းဆဲပဲရှိသေးတယ်"

"အဲဒီစာကော"

"ဘယ်ရှိတော့မလဲ ဆုံးအောင်တောင် မဖတ်လိုက်ရဘူး၊ ဝန်ထုံးကားဖြစ်ပြီး ဟိုနေရာမှာပဲ ပျောက်သွားတယ်၊ ဒါကြောင့်လဲ မယ်ကျော့က သက်သေခံစာရွက်မရှိဘူးဆိုပြီး ဇွတ် "ဘူး" ကွယ်နေတာပေါ့"

"ဒါဖြင့် စုံစမ်းအုံးလေ၊ ငါလဲ တတ်နိုင်သမျှ ကူညီပါ့မယ်"

"ဟုတ်ကဲ့"

ဟု ပြောကာ ညွန့်လွင်လည်းနှုတ်ဆက်လျက် အိမ်မှ ထွက်ခဲ့သွားလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ထူးတဲ့သတ္တိ

ဦးညွန့်လွင် ...

"မယ်ကျော့အား ဆေးရုံမှ ဆင်းလျက်ရာဇဝတ်ကြစ် "မယ်ယက္ခ" ခေါ် အေးစိန်ကြီးလက်သို့အပ်၍ စစ်ဆေးမည် ... ဟု ကြားသိရသည်။ နူနယ်သော အမျိုးသမီးကလေးတစ်ဦးကိုဝင်လျှင် စိတ်တန်ခိုးသတ္တိအားဖြင့်မလွှမ်းမိုးနိုင်သဖြင့် လက်ရုံးအားကိုးတာ အကြမ်းကိုင်မည်ဟု ကြံစည်ဝံ့သော ဦးညွန့်လွင် (ဝါ)တကယ့် သတ္တိခဲ နာမည်ကျော်ဆိုသည့် ရဲဘောက်ကြီးသည် တကယ့်ယောကျ်ား အာဇာနည်ကြီး များနှင့် တန်းတူယှဉ်ပြိုင် အနိုင်ယူလျှက်ရှိနေသော ဘွဲ့ဖြူမတို့ အဘယ်သို့ ခုခံတားဆီး နိုင်စွမ်းရှိ မည်နည်း၊ ရှက်ဖွယ် ...

"ဘွဲ့ဖြူမကို ဖမ်းမိရန် ဖယ်ထားပြီး ... အေးစိန်ကြီးလက်သို့ အပ်မည်ဆိုသည့် မယ်ကျော့ကို ဆေးရုံကြီးမှ ပျောက်ကွယ်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းနိုင်ပါစေအုံး"

ညွှန့်လွင်မှာ ဦးထွန်းပေါ်အိမ်မှ ဆင်းလာသော အခါတွင် မိမိ၏ ဂျစ်ကားပေါ်၌ အထက်ပါစာရွက်ကလေးတင်ထားလျက် တွေ့ရှိရသဖြင့် များစွာဒေါပွကာ ဦးထွန်းပေါ်ထံသို့ တဖန်ပြေးတက်သွားလျက် စာရွက်ကလေးကို ပေးအပ်ခဲ့ပြန်လေ၏။

ဦးထွန်းပေါ်မှာလည်း အထူးပင် စိတ်ဝင်စားလျက် ရှိလေပြီ။

ညွှန့်လွင်ကာ . . . ဆေးရုံကြီးသို့ ရောက်သွားကာ မယ်ကျော့မှာလည်း လမ်းပင်ထ၍ လျှောက်နိုင်သည့် အခြေအနေသို့ ရောက်နေကြောင်း သိရလျှင် ရရှိသော စာအတွက် စိုးရိမ်သဖြင့် သူ့အား ဆေးရုံမှ ချ၍ ယမန်ယူကာ အချုပ်တွင် ထားပြီးမှ ဆက်လက်ဆေးထည့်ပေးရန် စီစဉ်ပြန်လေ၏။

သို့သော် . . . ယခုအချိန် မည်သို့မျှစီစဉ်၍ ရတော့မည် မဟုတ်သည့် ညနေအချိန် ဖြစ်နေ၍ ဤတစ်ညအတွက် ဆေးရုံတွင်ပင် အထူးပုလိပ်အစောင့်ဖြင့် ထားခဲ့ရပြန်လေ၏။

သို့သော် ညွှန့်လွင် အိမ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်တည်းပင် ခေတ္တမျှဆိုင်း၍ မနေနိုင်သော အကြောင်းတစ်ခုကို တွေ့နေရပြန်လေ၏။

ယနေ့ည သန်းခေါင်အချိန်လောက်တွင် ပုဇွန်တောင်ဈေးအနီး၌ အိမ်တစ်အိမ် ဓားပြတိုက်မည်ဟူသော စာရွက်တစ်ရွက်ကို လိပ်ကန်ထောင့်တွင် ဆွဲချိတ်ထားသော ဘွဲ့ဖြူမဖမ်းရန် ဝရမ်းစာကပ်ကြီးပေါ်၌ ထပ်၍ ကပ်သွားကာ အောက်မှ "ဘွဲ့ဖြူမ" ဟူ၍ လက်မှတ်ထိုးသည်ကို တွေ့ရသဖြင့် စုံထောက် မင်းကြီးလည်း ညွှန့်လွင်အား အမြန်လာခဲ့ရန် တယ်လီဖုန်းနှင့်ခေါ်သောကြောင့် ထွက်သွားရခြင်းဖြစ်ပေ၏။

ဤညကား . . . ညွှန့်လွင်အား တစ်ညလုံး ဒုက္ခပေးကာ ရှုံးသွပ်ချင်လောက်အောင် စိတ်နှလုံးနှောက်ကျိစေသော ညပင်လော့ အကြောင်းမှာ မင်းကြီးနှင့် အစစ တိုင်ပင်ကာ ည ၉နာရီထိုးပြီးမှ အိမ်သို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



၍ ဆာဆာနှင့် ထမင်းစားနေစဉ် တယ်လီဖုန်းမှ ခေါ်သံကြားပြန်သဖြင့် လှအေးလည်း ဆွဲယူနားထောင်ပြီးနောက် ညွန့်လွင်ကို စကားပြောလိုကြောင်း ပြန်ပြောလိုက်၍ ထမင်းပွဲ တန်းလန်းပင် လက်ဆေးကာထ၍ နားထောင်ရပြန်လေ၏။

"ဟလို ... ဟုတ်ကဲ့ ... ညွန့်လွင်လေ၊ စကားပြောတာ ဘယ်သူလဲခင်ဗျား"

"ထွန်းပေါ် ... ထွန်းပေါ်"

"ဘာကိစ္စ ... လုပ်မနေနဲ့၊ ဆေးရုံပေါ်က မယ်ကျော့ မရှိတော့ဘူး"

"ဟင် ... သေသွားပြီလား"

"မသေဘူး ... ထုတ်ယူသွားကြပြီ"

"ဟာ ... ဟုတ်ကဲ့လား ဆရာ၊ ညနေကဘဲ ကျွန်တော်ကိုယ်တိုင်သွားပြီး"

"အို ... ဘာလဲ ဖြစ်ဖြစ် ... အခု ပါသွားပါပြီ ဆိုနေမှပဲ အကြောင်းသိချင်ရင် အိမ်ကို အမြန်လာခဲ့"

"ဟုတ်ကဲ ... ဆရာ၊ အခု လာခဲ့မယ်"

ညွန့်လွင်တွင် အသက်ရှူများပင် မှားသွားတော့သည်၊ တစ်ပိုင်းတစ်စ စားထားသည့် ထမင်းများပင် ရင်သို့ဆို့တတ်လာကာ အော့ချင်၊ အံချင် ဖြစ်လာလေပြီ၊ သို့သော် သူ့အဖို့မှာ ဆိုင်း၍ မနေနိုင်တော့ပေ၊ ထမင်းပွဲကို တန်းလန်းပင် ထားခဲ့ကာ လှအေးကို အတူခေါ်လျက် အိမ်မှ သွက်သွက်ကြီး ထွက်သွားရပြန်လေ၏၊ ဦးထွန်းပေါ်၏ အိမ်သို့လည်း အမြန်ဆုံး ရောက်သွားလေတော့၏။

"ကဲ ... ဘယ်လိုဖြစ်ပုံလဲဆရာ ... ဆရာတို ဘယ်သူပြောသလဲ၊ ကျွန်တော်ဖြင့် မယုံနိုင်အောင် ဖြစ်နေပြီ"

"မင်းမယုံတာ ဘေးချိတ်ထား၊ မယ်ကျော့ ပါသွားတာတော့ အမှန်ပဲ၊ ဘွဲ့ဖြူမကို ပေါ့ပေါ့ဆဆ မထင်နဲ့မောင်၊ သူ့ကို ကြီးကိုင် စီမံ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူဟာ . . . အတော်ထူးချွန်ပြီး ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်"

"အံ့ဩလိုက်တာ ဆရာရယ် ဘယ်လိုထုတ်ယူသွားပုံလဲ မသိဘူးလား . . . ဒါလောက်ခိုင်လုံပြီး အစောင့်အရှောက်တွေ ဆရာဝန်တွေ ဆရာမတွေပြည့်နေတဲ့ ဆေးရုံကြီးမှာများဖြစ်ရတာ ကျွန်တော်ဖြင့် ယုံရမှာ အတော်ခက်နေတယ်၊ မနက်ဖြန်ကျရင် သူ့ကို ယမန်ယူပြီး အချုပ်ထဲ ရွှေ့ ဖို့စီစဉ်ခဲ့သေးတယ်၊ ခုလို လက်မတင်ကလေးကပ်ပြီး လုပ်လိုက်တယ်ဆိုတော့ . . . သိပ်ခံပြင်းစရာကောင်းတာပဲ၊ ဆရာ ဘယ်လိုသိသလဲ ပြောပါအုံး"

"ညကိုးနာရီလောက်က ငါလဲ ဒီအကြောင်းကိုပဲ တွေးနေရင်း အကြံတစ်ခု ပေါ်တာနဲ့ မယ်ကျော့ကိုတွေ့ပြီး စကားတစ်ခွန်း နှစ်ခွန်းတီးခေါက်ကြည့်ရအောင် ဆေးရုံကြီးကိုရောက်သွားတယ်၊ ငါဆေးရုံရောက်သွားတော့ ဆေးရုံကြီးတစ်ခုလုံး မီးတွေမှောင်ပြီး ကျွက်ကျွက်ညံလို့"

"ဟင် . . . ဘာတွေဖြစ်နေကြသလဲ . . . ဆေးရုံကို ဝိုင်းတိုက်ကြသလား"

"ဘယ်ဟုတ်မလဲ . . . မယ်ကျော့ကို ထုတ်ယူသွားလို့ ဆူနေကြတာ၊ ဖြစ်ပုံက ဒီလိုတဲ့ . . ညဘက်တာဝန် အညစ်အကြေးသိမ်းတဲ့ ကုလားနှစ်ယောက်ကို ကိစ္စရှိလို့ အပြင်ထွက်လာတုန်းမှာ တိတ်တိတ်ဖမ်းပြီး မေ့ဆေးပေးချုပ်နှောင်ထားကြတယ်၊ ဒီနောက် သူတို့နှစ်ယောက် အဲဒီကုလားတွေယောင်ဆောင်ပြီး ဆေးရုံပေါ်ကို အမှတ်တမဲ့ တက်ကြတယ်၊ မယ်ကျော့ကို စပယ်ရှင် အခန်းမှာ ထားသတဲ့၊ သူတို့ အပေါ်ရောက်တဲ့ အခါမှာ (အော်ပရေးရှင်း)ခွဲစိတ်ကုသတဲ့ အခန်းထဲမှာ လူနာတစ်ယောက်ကို အရေးတကြီးခွဲဖို့ စီစဉ်နေကြတဲ့ ဆရာဝန်နှစ်ယောက်နဲ့ ဆရာမ လေး ယောက်ကို သူတို့နှစ်ယောက်က ခြောက်လုံးပြူးနဲ့ ချိန်ပြီး အဝတ်တွေ ချွတ်ယူကြတယ်၊ ဆရာမနဲ့ ဆရာဝန်တွေကိုတော့ (ကလိုရိုဖောင်း) မေ့ဆေးနဲ့ မေ့အောင်လုပ်ပြီး အခန်းထဲမှာ ပိတ်ထားခဲ့သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူတို့ အဲဒီဆရာဝန်တွေဆီက အဝတ်တွေနဲ့ ဆရာဝန်တွေယောင်ဆောင်သွားကြတယ်ထင်ပါရဲ့"

"မထင်နဲ့ . . . သေသေချာချာဘဲ၊ ဆရာဝန်တွေယောင်ဆောင်သွားတာပေါ့၊ အဲဒီဆရာဝန်နှစ်ယောက်မှာ အရာရောက်တဲ့ ဆရာဝန်ကြီးတစ်ယောက်လဲပါသတဲ့၊ သူတို့မယ်ကျော့ အခန်းထဲကို အခန်းပေါက်စောင့်နေတဲ့ ကုလားပုလိပ်လဲ အထဲမှာ သူတို့ မယ်ကျော့ကို ဆရာမအဝတ်တွေပြောင်းဝတ်ပေးနေတာမြင်လို့ လှမ်းအော်လိုက်တုန်းမှာ . . . ကုလားပုလိပ်ကို "ဒိုင်း . . . ဒိုင်း" ဆို သေနတ်နဲ့ နှစ်ချက်လှမ်းပစ်ပြီး ဆေးရုံကြီးတစ်ခုလုံး မီးတွေမှောင်သွားတာဘဲတဲ့ . . . ကုလားပုလိပ်လဲ လက်ပြင်မှာတစ်ချက်၊ နံအောက်မှာတစ်ချက်ထိပြီး လဲကျသွားသတဲ့"

"ဒီမီးတွေကို သူတို့ဘယ်နည်းနဲ့ မှောင်ပစ် နိုင်သလဲဗျာ"

"အို . . . ခဲယဉ်းတာလိုက်လို့ . . . ဆေးရုံပေါ်က သေနတ်သံကြားတော့ . . . အပြင်မှာရှိတဲ့ သူတို့လူက အရေးပေါ်ပြီဆိုတာ သိလို့ မင်းမ ဓာတ်မီးကြိုးကို ဖြတ်ပစ်လိုက်မှာပေါ့၊ အဲဒါနဲ့ မှောင်နဲ့မဲမဲ ဆေးရုံပေါ်မှာ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်နေကြတုန်း ဆရာမတစ်ယောက်နဲ့ ဆရာဝန်နှစ်ယောက်မှောင်ထဲမှာဘဲ လှေကားက ခပ်ဖြေးဖြေးဆင်းလာကြပြီးတော့ အပေါက်စောင့်နေတဲ့ (ဒလဝမ်)ကုလားကို . . .

"ဟေ့ . . . ဒလဝမ် တံခါးပိတ်ထား၊ ပုလိပ်တွေ မလာခင် . . . ဘယ်သူမှ မဝင် မထွက်စေနဲ့" . . . လို့ ပြောခဲ့ပြီး အပြင်ကို ထွက်သွားကြသတဲ့"

"ပိုင်လိုက်လေဗျာ . . . ရာဇဝင်တွင်ရောဘဲ"

"ပိုင်တာတော့ . . . မပြောနဲ့တော့ . . . ငါတောင် အံ့ဩချီးမွမ်းရတယ်"

ဟုပြောပြီးလျှင် . . . ဦးထွန်းပေါ်လည်း ဆေးတံကို မီးညှိလိုက်နေပြန်လေ၏၊ တအောင့်လောက်ကြာမှ တဖန်ဆေးတံကို ဖွာကာ အတွေးများကို ခါချရင်း "အင်း . . . ဆေးရုံကို ငါရောက်သွားပြီမှ မီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လဲ ဆိုင်ရာက လာပြီးပြင်ပေးလို့ ပြန်လင်းလာတယ်၊ ခွဲစိတ်ကုသတဲ့ အခန်း ထဲက ဆရာဝန်တွေနဲ့ ဆရာမကိုလဲ နှာနှပ်ယူရတယ်၊ ဂျာဒူးကုလား နှ ယောက်ကိုလဲ ဆေးရုံအောက်ဆုံး ပစ္စည်းတွေထားတဲ့ အခန်းဝနားမှာ နှာနှ ယူရတယ်"

ဤတွင် ညွန့်လွင်မှာလည်း အံကိုက်ကာ တက်ခေါက်လိုက် ပြန်၏။

ဦးထွန်းပေါ်ကား ၎င်း၏ မျက်နှာကို ကြည့်၍ ပြုံးကာ ...

"အခုမှ ဒေါပွနေလို့တော့ ပိုတာပါဘဲမောင် ... ရှေ့ တို့လူသိုက်ကောင်းကောင်းသတိဝီရိယရှိဖို့ အရေးကြီးနေပြီ၊ ဒီကောင် လေး လွတ်သွားတာဟာ ... တို့မှာ မျက်စိကိုသဲပက်ခံရတာနဲ့ အတူတူပဲ"

ထိုနောက် သုံးဦးသား စကားမဆက်ကြတော့ဘဲ ကိုယ်စီကိုယ် အတွေးနက်နေကြပြန်၏၊ စားပွဲတင် နာရီကလေးကား ... တစ်ချက် ချက်မြည်နေ၏၊ အိမ်မြှောင် လက်တံများကား ဆယ်နာရီခွဲသို့ ညွှန်ပြနေ သဖြင့် ညွန့်လွင်က လှမ်းကြည့်ကာ ...

"အလို ... ဆယ်နာရီတောင် ခွဲသွားပါပကော ... ကျွန်တော် တို့ ဒီညအရေးပေါ်ကိစ္စတစ်ခုရှိသေးတယ်"

ဟု ပြောလိုက်လေ၏။

(ဦးထွန်းပေါ်အတဲခတ်ကြည့်ကာ) "ဘာအရေးများပေါ်နေပြန် သတုန်း"

"ဟာ ... ပြောဘဲ မပြောချင်ပါဘူးဆရာ ... ဒီကောင်မကို ပဲဆိုပါတော့ ... ကျွန်တော်ဖြင့် အလုပ်တောင် ထွက်ပစ်လိုက်ချင် သူသောင်းကျန်းတာတ လွန်လွန်းတယ် ... ဆက်တိုက်ကြီးဗျ"

ဟု ပြောဆိုကာ ညွန့်လွင်လည်း စာကပ်ထားသည့်ကိစ္စကို အလုံးစုံပြန်ပြောပြလေ၏၊ လှအေးကား အသံမထွက်လာပေ၊ ၎င်းတို့ ပြောသမျှကိုသာ နားထောင်ရင်းတွေးချင်ရာ တွေးနေတော့၏။

ဦးထွန်းပေါ်ကား ... ဆေးတံကိုသာ ငွေ့ထောင်းထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထအောင် ဖွာလျက် ဦးခေါင်းတစ်ညိတ်ညိတ် ရှိနေရာမှ အနည်းငယ် မျက်မှောင်ကုပ်ကာ . . .

"နို့ . . . အဲဒါ . . . ဘယ်လိုလုပ်ကြမှာလဲ"

ဟု မေးလိုက်ပြန်၏။

"ကျွန်တော်တို့ မင်းကြီးနဲ့တိုင်ပင်ပြီး စီစဉ်ထားပြီဆရာ"

"ဒါဖြင့် အချိန်မရှိဘူး . . . သွားကြတော့လေ"

"ဟုတ်ကဲ့ . . . အကြောင်းထူးရင် ဆရာ့ကို"

"အောရိုက် . . ."

ညွန့်လွင်တို့လည်း နှုတ်ဆက်ကာ ထွက်လာကြလေ၏။

ည ဆယ်နာရီခွဲအချိန်သို့ရောက်ခဲ့၏၊ မိုးကလေးကလည်း တစ်ဖွဲဖွဲရွာနေ၏၊ ကန်တော်ကြီးစောင်း ကျိုက္ကဆံလမ်းတွင် လူနေအိမ်ခြေများနှင့် ရောယှက်ခြင်းမရှိဘဲ ဝင်းခြံကြီးဖြင့် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသည့် နှစ်ထပ်အုတ်ကျွတ်မိုး တိုက်ကလေးတစ်လုံးတွင်ကား အောက်ထပ်တွင် မှောင်နှင့်မဲမဲဖြစ်ကာ အထက်ထပ်၌ ဖွင့်ထားသော ပြူတင်းပေါက်များတွင် အားနည်းသော ဓာတ်မီးရောင်တလေး ထွက်ပေါ်လျက် ရှိလေရာ ထိုတိုက်ကလေးနှင့် မနီးမဝေးခြံဝင်းအပြင်ဘက် လမ်းဘေး မှောင်ရိပ်၌ ရပ်ထားသော ဂျစ်ကားတစ်စီးပေါ်မှ အတွဲခတ်ကြည့်ရှုနေကြသူများကား ညွန့်လွင်နှင့် လှအေးတို့ပင် ဖြစ်ကြ၏။

တောင်နှင့်မြောက်သို့ တန်းတာ ဖောက်လုပ်ထားသော ကားလမ်းကြီး တစ်လျှောက်လုံးတွင်လည်း ထိုအချိန်၌ ဖွဲဖွဲကျနေသော မိုးသံများမှတပါး အခြားအသံဟူ၍ မရှိတော့ဘဲ လူသွား လူလာများကင်းများစွာ ပြတ်လပ်ကာ အထူးသဖြင့် တိတ်ဆိတ်နေတော့၏၊ ထိုတိုက်အိမ်ကလေးဆီမှလည်း မည်သည့်အသံကိုမျှ မကြားရတော့ဘဲ လူတစ်ဦး တစ်ယောက်မျှ မရှိသကဲ့သို့ တိတ်ဆိတ်နေသဖြင့် ကားအနောက်ဘက်ထိုင်ခုံ ထောင့်နား၌ မှီကာထိုင်နေသော လှအေးက အရှေ့ဘက်တွင်ထိုင်နေသည့် ညွန့်လွင်၏ပခုံးကို အသာလက်နှင့်တို့၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာ . . . 'ဒေါ်စောညွန့် အမျိုးသမီး အလှပြုပြင်ရေးတိုက်' ဆိုတာ မဟုတ်လား"

ဟု ခလေသံတလေးနှင့် မေးလိုက်လေ၏။

ညွန့်လွင်မှာ အိမ်ဆီသို့ နားစွင့်လျက် မျက်စိစူးစိုက်နေရာမှ နောက်သို့လှည့်ကြည့်ဘဲ"

"အင်း . . ."

ဟု တစ်ခွန်းတည်းသာ ဖြေလိုက်၏

"ဒီတိုက်နဲ့ . . . ဘွဲ့ဖြူမကိစ္စ ဘယ်လို ပတ်သက်လို့လဲကွ"

"မသင်္ကာစရာ သဲလွန်စတွေ အများကြီးတွေ့ထားတယ်ကွ၊ ဒီတစ်ခါတော့ . . . ငါ့ထင်မြင်ချက် မလွဲတော့ဘူး ထင်တာပဲ၊ ဆရာကလဲ ဒီဒေါ်စောညွန့်ဆိုတဲ့ မိန်းမကြီးကို သေသေချာချာ ထောက်လှမ်းဖို့ အကြံ ပေးလိုက်တယ်"

"ဘယ်လို မသင်္ကာစရာ တွေ့လို့လဲ"

"ညနေက ဆရာ့အိမ်ရှေ့ ငါ့ဂျစ်ကား ရပ်ထားတုန်းက မယ်ကျော့ကို ဆေးရုံကထုတ်ယူမယ်လို့ စာရေးတင်ထားတယ်၊ အဲဒီစာကိုရပြီး ငါမသင်္ကာတာနဲ့ အနီးအနားလိုက်ကြည့်တော့ . . . ငါးပေလောက် အလှမ်းဝေးတဲ့ ရေမြောင်းထဲမှာ ဗျက်တစ်လက်မလောက်ရှိပြီး အရှေ့ရှစ်လက်မလောက်ရှိတဲ့ စာရွက်ပြတ်ကလေး တစ်ခုကို တွေ့ရတယ်၊ အဲဒီ စာရွက်ပြတ်ကလေးဟာ စင်စစ် (ရိုက်တင်းပတ်) အလုပ်တိုက်များမှာ အထက်က တိုက်နာမည် တူမွဏ်နာမည်နဲ့ နံပါတ် နေရပ်တွေကို ပုံနှိပ်ထားပြီး အသုံးပြုတဲ့ စာရေးစက္ကူတစ်ရွက်ကို အထက်ပိုင်း စာတွေ ရိုက်ထားတဲ့ဆီကဗျက်တစ်လက်မလောက် စာတန်းလွတ်ရဲ့ ဆုတ်ပစ်ပြီးထားတဲ့ စာရွက်ပြတ်ကလေးဘဲတွ"

"ဒါနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာကို ပြောမယ်လေ၊ အဲဒီ တောက်ရတဲ့ စာရွက်ထိပ်ပြတ်ကလေးနဲ့ ဘွဲ့ဖြူမ ရေးခဲ့တဲ့ စာရွက်နဲ့ ဆက်ကြည့်လိုက်တော့ တခါ တည်း



www.burmeseclassic.com

www.burmeseclassic.com



တို စာတစ်ရွက်တည်းဖြစ်နေတာ သေသေချာချာ သိရတာပေါ့၊ နောက်ပြီး . . . အဲဒီစာရွက်ထိပ်ပြတ်မှာ အင်္ဂလိပ်လိုရော . . . မြန်မာ လိုရော (ဒေါ်စောညွန့် အမျိုးသမီးအလှပြုပြင်ရေးဌာန၊ နံပါတ် . . . ကျိုက္ကဆံလမ်း) လို့ ပုံနှိပ်ထားတဲ့စာတွေကလဲ အထင်အရှား ပါနေပြန်တော့ ဒီမိန်းမကြီးကို မသင်္ကာစရာ ဖြစ်မနေ ပေဘူးလား"

"သူ့ဆီက ရိုက်တင်းပက် စာရွက်ကို ဘွဲ့ဖြူမက ယူလာပြီး စာရေးခဲ့တယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား"

"ဒါလဲ တွေးပြီးပြီ . . . ဖြစ်နိုင်ပေမယ့် တခြားလူက ဒီစာရွက်ကို တစ်နည်းနည်းနဲ့ ယူလာရိုးမှန်ရင် . . . အပေါ်ကဒီနာမည်နဲ့ နေရပ်ရိုက်ထားတဲ့စာကို ဆုတ်ပစ်ခဲ့ဖို့မလိုဘူး၊ တွေ့တဲ့လူထင်ယောင် ထင်မှား ဖြစ်အောင် တမင်ကလာတောင် ဒီအတိုင်းထားပစ်ခဲ့ရအုံးမယ်၊ အခုတော့ သေသေချာချာ ဒီနာမည်ကို ဆုတ်ပစ်ခဲ့ပြီးမှ စာရေးတယ်ဆိုတော့ စဉ်းစားကြည့်လေ ဒီနာမည်ကို မပေါ်စေချင်လို့ ဖြစ်မှာ အမှန်ပေါ့"

"အင်း . . . ဒါလဲ တွေးစရာဘဲ"

"ဒါတင် မကသေးဘူး၊ ဒီမိန်းမဟာ . . . အရင်အင်္ဂလိပ်လက်ထက်က နာမည်ကျော်ဓားပြ ကုလားဒိန်ကြီး (ဆာလေဘိုင်) ရဲ့ မယားဖြစ်လို့ ဆာလေဘိုင် ကျွန်းအပြစ်ဒဏ်တျအသွားမှာ သူလဲ ကျွန်းကို တောင်လိုက်ပြီးနေခဲ့ဖူးတယ်၊ ဒီနောက် ကျွန်းမှာဆာလေဘိုင်သေမှ ရန်ကုန်ကို အစိုးရစားရိတ်နဲ့ ပြန်လာပြီး မိန်းမအချုပ်ခန်း ပုလိပ်လုပ်နေတာ . . . အတော်ကြာသေးတယ်"

"အော် . . . အာဂပါလား"

"ဟုတ်တယ်မောင် . . . ဘယ်လောက်ကြမ်းတဲ့ . . . ရာဇဝတ်မှုမိန်းမတရားခံတွေ့ဖြစ်ပစေ . . . အချုပ်ထဲရောက်ရင် သူက နှင်းကန့်ဆော်တာပဲ . . . နောက်ပြီး (ဆာလဗေးရှင်းအားမီး) တယ်တင်ကြီးတပ်ကမိန်းကလေး စောင့်ရှောက်ရေးအဖွဲ့အရာရှိ (ဓမ္မစ်နီးယယ်ဂျုံး) ရှိတုန်းကလဲ ပြည့်တန်ဆာမတွေဘာတွေ ဖမ်းတဲ့ အခါမှာတောင် သူဘဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဖမ်းရတာများတယ်၊ သတ္တိအတော်ရှိတဲ့ မိန်းမပဲ၊ နေရာတကာ ပေါက်ရောက်ပြီး အတော်လဲ လည်ပတ်တယ်၊ အင်္ဂလိပ်လိုလဲ မှတ်လို့"

"ဟာ . . . ဒါလိုဖြင့် သူဘဲ ဖြစ်နေမလားဟေ့"

"နေအုံးကွ . . . တွေးဖို့ ဒီပြင် အချက်တွေလဲ ရှိသေးတယ် အခုသူလုပ်နေတဲ့ အလုပ်က မိန်းမတွေနဲ့ ဆက်သွယ်တဲ့ အလုပ်လဲ ဖြစ်နေတယ်၊ သူ့တိုက်မှာ ပန်းအမျိုးမျိုး မျက်နှာချေ ပေါင်ဒါ အမျိုးမျိုး အကျီ လုံချည်၊ စက်ပန်း၊ လက်ပန်း၊ ဆေးရေးပန်း အမျိုးမျိုးတွေကို မိန်းမ အလုပ်သမားတွေနဲ့ လုပ်နေတဲ့အပြင် . . . သူ့ကိုယ်ပိုင် ကျွေးမွေးစောင့်ရှောက်ထားတဲ့ မိန်းကလေး ၄-၅ယောက်လဲ အိမ်မှာ အမြဲရှိနေတယ်၊ အဲဒီ မိန်းကလေးတွေဟာလဲ အခြေအနေမရှိဘဲ လေလွင့်နေတာတွေကို ကောက်ယူမွေးထားတာတဲ့ကွ . . . အဲဒီအချက်တွေ အားလုံး ပေါင်းစပ် ဆက်သွယ်ကြည့်လိုက်ရင် . . . အခု ဘွဲ့ဖြူမရဲ့ မျက်မြင်ကိုယ်တွေ့ အခြေအနေတွေနဲ့ တိုက်ဆိုင်မနေဘူးလား"

"ဟုတ်ပါပြီ . . . ဘွဲ့ဖြူမဟာ သူပါပဲကွာ . . . အခု အဲဟို စာရွက်တို့ သက်သေပြပြီး တတ်မလို့လား"

"ဟာ . . . ဒါနဲ့ ဘယ်ရမလဲ . . . သူကလဲ အမှတ်ဘဲ၊ သူ့တိုက်က လူတိုင်းဝင်ထွက်သွားလာခွင့် ရှိနေတဲ့ အလုပ်တိုက်မို့လို့ တစ်ယောက်ယောက်က သူ့စာရွက်တို့ ဆွဲယူလာပြီး ဒီလိုစာရေးခဲ့တာ ဖြစ်လိမ့်မယ်လို့ ပြောမှာပေါ့၊ လက်ရေးကလဲ သူကိုယ်တိုင် ရေးချင်မှ ရေးမှာ"

"ဒါဖြင့် ဘယ်လို ကြံမလဲ"

"ဒီည သန်းခေါင်အချိန်လောက် ပုဇွန်တောင်ဈေးမှာ တစ်အိမ်အိမ် စားပြတိုက်လိမ့်အုံးမယ်လို့ မနက်က စာကပ်သွားတဲ့အတွက် ဟိုအင်းနားတစ်ဝိုက် ဒီပြင် ဆိုင်ရာလူတွေ လုံလောက်အောင် စေ့စေ့စပ်စပ် နေရာချထားဖို့ မင်းကြီးနဲ့ စီစဉ်ပြီးလို့ ဒီမှာစောင့်နေတာပေါ့ကွ . . . ဒါကြောင့် ည တို့နှစ်ယောက်အရေးကြီးတယ်လို့ ငါပြောတာပေါ့၊ ဒီမိန်းမ ဘွဲ့ဖြူမသာ ဟုတ်ရိုးမှန်ရင် ဒီည အထွက်အဝင် တစ်ခုခုမှာ တို့များ



www.burmeseclassic.com

www.burmeseclassic.com



အမှန်မိမှာဘဲ၊ ဒါမှ မဟုတ်ရင်လဲ ဟိုမှာ စောင့်နေတဲ့လူတွေ ဖမ်းမိလို့ မိမှာမလွဲဘူး . . . မျက်စိရှင်ရှင်နဲ့ သတိတော့ ကောင်းကောင်းထားရ လိမ့်မယ်"

ဤတွင် လှအေး တစ်စုံတစ်ခုသော အကြောင်းအရာကို တွေး တောကာ မျက်နှာကလေးတစ်ခုကိုလည်း မိမိမျက်စိထဲ၌ တရေးရေး မြင်ယောင်လာသဖြင့် မျက်နှာများ ရုတ်တရက် ဝင်းထိန်လာပြီးလျှင် 'ဟော့ ဒါဖြင့် ဟို . . . မြမြမေဆိုတဲ့ကောင်မလေးကို မင်းအထင်လွဲတာပေါ့"

ဟုပြောလိုက်မိလေ၏။

"အမှန်မသိနိုင်သေးဘူး"

ဟု ညွှန့်လွင်လည်း ခပ်တိုတိုပင် ပြန်ပြောကာ နှစ်ယောက်သား တိတ်ဆိတ်နေကြပြန်လေ၏။ မိုးကလေး တဖွဲဖွဲမှာလည်း အကြီးအကျယ် သဲစပြုလာပြန်လေ၏၊ တစ်လမ်းလုံးတွင်လည်း လုံးလုံးပင် လူသွား လူလာ နှင့် ယာဉ်များ အသွားအလာမရှိတော့ဘဲ ပကတိတိတ်ဆိတ် ငြိမ်သက် လျက် . . . ညွှန့်လွင်တို့ ဂျစ်ကား ရပ်ထားသည့် ညောင်မုတ်ဆိတ်ပင် ကြီးအောက်တွင်လည်း များစွာ မှောင်မဲနေလေ၏။

တာမွေဂုတ်ဆီမှ ၁၂နာရီသံချောင်း ခေါက်သံလည်း မကြာမီ ထွက်ပေါ်လာ၏၊ ဒေါ်စောညွန့်တိုက်ပေါ်မှ မီးရောင်ကလေးမှာကား လုံးဝ ပင် ပျောက်ကွယ်သွားလေရာ ခြံအတွင်းတွင် ဘာကိုမျှ ကြည့်၍ မမြင် ရတော့ပေ၊ အနည်းငယ်ပွင့်လျက် ဟနေသော ဝင်းတံခါးဖြူဖြူကိုသာလျှင် မှောင်ထဲ၌ တရေးရေးမြင်နေရသဖြင့် ညွှန့်လွင်လည်း ထိုနေရာသို့သာ အာရုံစူးစိုက်ကြည့်ရှုကာ စိတ်စောလျက် ရှိနေလေတော့၏။

လှအေးမှာကား မိုးကလဲအေး များစွာလည်းတိတ်ဆိတ်လှသည့် အလျောက် နောက်ဘက်တွင် ကျကျနနမှီကာ အိပ်ငိုက်စ ပြုလာလေ ပြီ၊ စကားလည်းတစ်ခွန်းမျှ မပြောကြသဖြင့် တစ်ယောက်၏ အသက်ရှူ သံပင် တစ်ယောက်ကြားနေရလေ၏၊ နာရီဝက်ခန့်ကြာသွားပြန်သောအခါ ၌ အနောက်ဘက်ဆီမှ လေကြမ်းကလေး ဝေ့ရမ်းတိုက်ခတ်လာကာ မိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း အတော်ပင် စဲသွားပြန်သဖြင့် ညွန့်လွင်က အပြင်သို့ လက်ထုတ်၍ ခံကြည့်ပြီးလျှင် . . .

"အင်း . . . မိုးလဲစဲသွားပြန်ပြီဟေ့ . . . ၁၂နာရီလဲခွဲပြီ"

ဟုပြောလိုက်မှ လှအေးတွင် မျက်စိများ ကျယ်သွားကာ ဝါးကန် သန်းလျှတ် . . .

"အင်း . . . အချိန်မစောတော့ဘူး၊ ငါလဲ အိပ်ငိုက်လာပြီ . . ."

ဟု ပြန်ပြောလိုက်လေ၏။

ထိုအခိုက် မည်သည့် အရပ်ဆီမှ ထွက်ပေါ်လာမှန်းမသိ၊ ဒိုင်း တနဲ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် အံ့အားကြီး သင့်သွားကာ တားအပြင်သို့ ဦးခေါင်းများကို ထုတ်၍ နားစွင့်လိုက်ကြပြန်လေ၏။

"ဟေ့ . . . ကြားလား လှအေး"

"အေးကွ . . . ခြောက်လုံးပြူး သေနတ်သံဘဲ"

"ဟုတ်တယ် . . . လူသံတွေလိုလိုလဲ ကြားတယ်၊ ကန်တော် ကြီးစောင်းဘက်ကနဲ့ တူတယ် . . . သေသေချာချာ နားထောင်စမ်း"

"ဟုတ်တယ်ထင်တာပဲ"

ဟု လှအေးလည်း ပြန်ပြော၍ မဆုံးမီ မိမိတို့ကားနှင့်ခပ်လှမ်း လှမ်း၌ လမ်းတစ်ဘက်တွင် ရှိသော ကန်တော်ကြီးဘက်သို့ ဖြတ်သွားသည့် တုန်းကလေးပေါ်မှ မဲမဲသဏ္ဍာန်တစ်ခု ပြေးဆင်းလာသည်ကို လမ်းစောင်း တွင် ရှိသော ဓာတ်မီးတိုင်မှ အားနည်းသော မီးရောင်ဖြင့် မထင်မရှား တွေ့ မြင်ကြရ၍ နှစ်ယောက်သား အံ့အားကြီးသင့်သွားရာမှ ညွန့်လွင်က . . .

"ဟော . . . ဟိုမှာ လာတာတွေ့လား"

ဟု ပြောပြောဆိုဆိုနှင့် ကားပေါ်မှ ကျော်ဆင်းမည်ပြုသဖြင့် လှအေးလည်း လျှင်မြန်စွာ ညွန့်လွင်၏ လက်ကို ဖမ်းဆွဲကာ . . .

"ဟေ့ . . . အရမ်း မဆင်းနဲ့လေ . . . ဘာမှန်းမသိသေးဘဲနဲ့ အူသာကြည့်နေပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ညွန့်လွင်လည်း အသံထိုင်လိုက်သည့်အခိုက်တွင် ပြေးလာသော သဏ္ဌာန်မှာ ဒေါ်စောညွန့်၏ ခြံအဝသို့ရောက်လာသဖြင့် ရုတ်တရက်ရပ်၍ ကိုယ်ရှိန်သတ်လိုက်ပြီးလျှင် . . . အနောက်သို့လှည့်၍ အကဲခတ်ကြည့်ပြီးမှ တဖန် ခြံတွင်းသို့ တွေဝေကြည့်ကာ ရုတ်တရက် တံခါးပေါက်မှ ဝင်သွားသည်ကို တွေ့ရပြန်လေရာ ညွန့်လွင်မှာ လျင်မြန်စွာ ကားပေါ်မှ ကျော်ဆင်းရင်း . . .

"ဟော . . . ဝင်ပြေးပြီ"

ဟု ပြောပြောဆိုဆိုနှင့် ထိုခြံပေါက်ဆီသို့ လက်နှိပ်မီးဖြင့် ထိုးကာ ပြေးလိုက်၍ သွားပြန်လေ၏။

ထိုးလိုက်သော မီးရောင်ထဲတွင်လည်း ဝင်ပြေးသူမှာ မိုးကာအင်္ကျီနှင့် မိန်းမတစ်ယောက်ဖြစ်ကြောင်းကို လှအေးရော ညွန့်လွင်ပါ နှစ်ယောက်စလုံးပင် အနောက်မှ ကောင်းစွာ မြင်လိုက်ကြရလေ၏၊ လှအေးကား အံ့အားသင့်စွာ ငေးကြည့်လျက် ကားပေါ်မှ မဆင်းမိပေ၊ ခြံစည်းရိုးထဲဆီမှ . . .

"ဟေ့ . . . မပြေးနဲ့ . . . ပစ်လိုက်မယ်"

ဟူသော ညွန့်လွင် အော်ပြောလိုက်သည့်အသံ၏ နောက်တွင် "ဒိုင်း"ကနဲ သေနတ်သံတစ်ချက်ကိုလည်း ကြားလိုက်ရကာ လှအေးတွင် ထိတ်ကနဲ ဖြစ်သွားပြန်လေ၏။

ဒေါ်စောညွန့်၏ တိုက်ပေါ်မှလည်း ရုတ်တရက် မီးများ အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံးမှာပင် ထိန်လင်းလျက် အတွင်းမှလူများ စကားပြော ဆူညံသံများကြားရလေ၏၊ လှအေးတွင် ငေးစိုက်ကြည့်နေမိပြန်၏၊ ထိုအခိုက် ဝါးပင်ကလေးများဖြင့် ကာရံထားသည့် မြောက်ဘက်ခြံစည်းရိုးဆီမှ မဲမဲသဏ္ဌာန်တစ်ခု လေးဘက်ထောက်၍ ထွက်ပေါ်ပြေးကာ မိမိတို့ ဂျစ်ကားရှိရာ ညောင်ပင်အောက်ဆီသို့ ခပ်သုတ်သုတ် ပြေးလာသည်ကို တွေ့ရပြန်လျှင် လှအေးမှာ ရုတ်တရက် မိမိအင်္ကျီအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူးသေနတ်ကလေးကို ထုတ်ကိုင်လျက် ကားထဲ၌ ပုန်းကွယ်နေလိုက်ပြန်လေ၏။

ပြေးလာသော သဏ္ဌာန်ကား အနီးသို့ရောက်သောအခါ၌ စောစောက ခြံဝင်းထဲသို့ ဝင်ပြေးသည့် မိုးကာအင်္ကျီနှင့်မိန်းမပင်ဖြစ်ကြောင်း သိရပြန်၍ လှအေးတွင် မိမိသေနတ်ကို သတိကြီးစွာထား၍ကိုင်ကာ အဆင်သင့်ပြုလုပ်ထားလိုက်လေတော့၏၊ ထိုမိန်းမလည်း ကားဘေးသို့ ရောက်လျှင် မိမိလက်၌ပါသော လက်နှိပ်ဓာတ်မီးငယ်ဖြင့် ကားအတွင်းသို့ထိုးကြည့်ကာ ခြောက်လုံးပြူးနှင့် ချိန်ရွယ်ပြီး အသင့်ရှိနေသည့် လှအေးတို့တွေ့ရ၍ အထူးအံ့အားသင့် ထိတ်လန့်စွာဖြင့် မိမိကိုယ်ကို အနည်းငယ်ရှို့လျက် . . .

"ဟင်"

ဟု အသံထွက်သွားလေ၏။

"ဟားဟား အခုမှ ဟင် . . . လုပ်မနေနဲ့၊ ဘွဲ့ဖြူမ ဒီတစ်ခါ ဘယ်ပြေးမလဲ . . . ငြိမ်ငြိမ်နေ မလှုပ်နဲ့"

ဟု လှအေးလည်း ကားအတွင်းမှပြောလိုက်လျှင် ပြေးလာသည့် မိန်းမမှာ ပိုမိုအံ့အားသင့်သွားသည့် အမူအရာဖြင့် နောက်တစ်ဖန် မီးနှင့်ထိုးကြည့်လိုက်ကာ . . .

"အို . . . ကိုကိုလှ တခြားလူမှတ်လို့ ကံကောင်းလို့"

ဟုပြောပြောဆိုဆိုနှင့် ရဲရင့်စွာ ကားရှေ့ပိုင်းမှ ကျော်တက် ဝင်ရောက်ကာ လှအေးအနီး၌ ပူးကပ်ထိုင်လိုက်လေ၏။

လှအေး အံ့အားသင့်ပုံကား . . . သတိများပင် လစ်မတက်ဖြစ်သွားလေပြီ . . . သေနတ်ကိုင်ထားသော လက်မှာလည်း ကျောက်တိုင်၊ ကျောက်ခဲပမာ တောင့်တင်းသွားလျက် တစ်ကိုယ်လုံးရှိသွားလာနေကြသည့် သွေးကြောများလည်း အားလုံးရပ်ဆိုင်းကာ . . . ဦးခေါင်းပင်ကြီးသွားသည်ဟု မှတ်ထင်မိလေ၏၊ နောက်မှ သတိရသဖြင့် မနည်းပင် စိတ်ကို တင်းကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒါဘယ်သူ့လဲ . . . မြမြမေလား"

ဟု မေးလိုက်မိလေ၏။

"ဟုတ်ပါတယ်ကိုကို . . . မြမြမေ . . . ကံကောင်းလို့ ဒီမှာ ကိုကိုနဲ့သာ အဆင်သင့် မတွေ့ရင် . . . မြတော့ အကြီးအကျယ် ဒုက္ခပဲ"

ဟုပြောရင်း ကားအပြင်သို့ မိမိဦးခေါင်းကို ထုတ်ကာ လှမ်းကြည့်လိုက်ပြီးလျှင် . . .

"ဟော ဟိုမှာ ဘယ်သူတွေလဲ"

ဟု အထိတ်တလန့်ပြောလျက် လှအေးကို အတင်းဆွဲဖက်ကာ မိမိကိုယ်ကလေးကို နောက်ကျောဘက်မှ အသာပုန်းကွယ်ထားလိုက်၏။

သင်းပျံ့သော သနပ်ခါး၊ ပေါင်ဒါအနံ့တလေးများလည်း . . . လှအေး၏ နှာခေါင်းထဲသို့ ဝင်ရောက် မွှေနှောက်သွားကာ ရင်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်သွားလျက် တစ်ကိုယ်လုံးလည်း ရှိန်းဖိန်းသွားပြီးလျှင် ကြက်သီးများပင် ထ၍ သွားလေ၏၊ အနောက်မှ မိမိအား ကိုယ်ချင်းဖိကပ်၍ မြမြမေဖက်ထားသည်မှာလည်း . . . များစွာ မတင်းကျပ်သည့်တိုင်အောင် လှအေးတွင် အသက်ရှူများပင် မှားမိလေတော့၏။

လက်နှိပ်ဓာတ်မီးရောင်များ တဝင်းဝင်းနှင့် ဆူညံစွာ . . . စကားပြောလျက် ခပ်သုတ်သုတ်တုန်းပေါ်မှ ပြေးဆင်းလာကြသူများမှာလည်း လမ်းဘေး မီးတိုင်အောက်သို့ ရောက်လျှင် . . . ရာဇဝတ်အုပ်နှစ်ယောက်နှင့် ရဲအမှုထမ်းသုံးယောက်တို့ ဖြစ်နေသည်ကိုသိရ၍ လှအေးမှာ မဆိမဆိုင်ဘဲလျက် . . . အလိုလိုပင် ထိတ်လန့်မိသလိုလို ဖြစ်သွားကာ အနောက်တွင် ရှိသော မြမြမေအား မိမိကျောနှင့်ချို၍ ဖိတပ်ထားလိုက်မိပြန်လေ၏။

ထိုသူများလည်း ဒေါ်စောညွန့်၏ ခြံဝသို့ ရောက်လျှင် ရှက်တရက် ဓာတ်မီးရောင်တစ်ခု ၎င်းတို့ ဂျစ်ကားဆီသို့ ထိုးလိုက်ပြီးနောက် . .

"ဟေ့ . . . ဟိုဟာ ဘယ်က ကားလဲ"

ဟု လှမ်းမေးသည့် အသံနှင့်အတူ . . . ရာဇဝတ်အုပ် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ခပ်သုတ်သုတ် ဖြတ်ကူးလာသည်ကို တွေ့ရပြန်လေရာ မြမြမေတွင် အနောက်မှ တစ်ဆက်ဆက်တုန်လျက် . . .

"ကိုကို . . . ရှိခိုးပါရဲ့ . . . မြမြမေကို[illegible]ပါအုံး . . . သူတို့မြင်သွားတော့မှာဘဲ၊ ကျေးဇူးမမေ့ပါဘူး"

ဟု လေသံကလေးနှင့် ပြောကာ တင်းကြပ်စွာ ဖက်ကပ်၍ ထားလိုက်ပြန်လေ၏။

လှအေးမှာလည်း တစ်ကိုယ်လုံး ဆက်ကနဲ တုန်သွားလျက် ရင်ထဲတွင်လည်း အနုမြူဗုံး ၂လုံးထ၍ ခွပ်နေသကဲ့သို့ ဖြစ်သွားကာ မည်ကဲ့သို့ ပြုလုပ်ရမှန်း မသိနိုင်အောင် ဖြစ်သွားလေ၏၊ မျက်နှာမှာလည်း များစွာ ပျက်နေပြီဖြစ်၍ မနည်းသတိထားကာ ပြင်လိုက်ရပြန်လေ၏။

ထိုအခိုက် ရာဇဝတ်အုပ်မှာလည်း ကားဘေးသို့ ရောက်လာသဖြင့် ဘာမှ တွေးတောမရနိုင်၊ မိမိဟာ မိမိပင် ဘာကိုလုပ်မိမှန်း မသိတော့ဘဲ အနောက်တွင် ရှိသည့် မြမြမေကို ကားထောင့်ဘက်တွင် မိမိဝတ်ထားသော မိုးကာအင်္ကျီကို ခပ်ပွပွဖြစ်အောင် လုပ်ကာ ကျောနှင့်မှီ၍ ကွယ်ထားပြီးနောက် သတိကြီးစွာ ထားလျက် . . .

"ဒီဟာ စုံထောက်ကားဗျို့"

ဟူ၍ တခွန်းတည်း ပြောလိုက်မိတော့၏။

"ဟာ . . . ကံကောင်းလို့ . . . ဒီဟာ ကိုညွန့်လွင် ကား၊ မဟုတ်လား"

ဟု ရာဇဝတ်အုပ်ကလည်း ပြန်၍ မေးရင်းမီးဖြင့် ထိုးကြည့်လိုက်လျှင် လှအေးတွင် ရင်ထဲ၌ ဒိန်းကနဲ ဖြစ်သွားလျက် မနည်းသတိထားလိုက်ရကာ . . .

"ဟုတ်တယ် . . . ဒီကို မီးနဲ့ သိပ်ပြီး မထိုးနဲ့လေ၊ ဒီမှာ လူစောင့်နေမှန်း သိသွားကြလိမ့်မယ်၊ ဟို ခြံဝင်းထဲကို ဘွဲ့ ဝင်[illegible]ပြေးတာ တွေ့လို့ အခုဘဲ ညွန့်လွင်သေနတ်နဲ့ ပစ်ပြီး ဝင်လိုက်သွားပြီ"

ဟု ခပ်တည်တည် ပြောလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးလည်း ပြန်၍ ပိတ်သွားကာ . . .

"ဩော် . . . လက်စသတ်တော့ ကိုယ့်လူ . . . ကိုလှအေး ဒီက ချောင်းနေတာကိုး . . . ဆောရီးဗျာ၊ ကျုပ်တို့က အခု ပုဇွန်တောင်က လိုက်ခဲ့တာပေါ့၊ ပုဇွန်တောင် ဈေးနားမှာ မားပြတိုက်မယ် ဆိုလို့ အပတ်ထင်ပြီး ဟိုအနားတစ်ဝိုက်မှာလည်း ကျုပ်တို့ ဂတ်က အမှုထမ်း ဂျူတီသမားအားလုံးအပြင် . . . ဗိုလ်တထောင်ဂတ်က ကိုစံကွန်းတို့ တောင်လုံးပြန်ဂတ်က ကိုကျော့ကလုံးတို့ လူတစ်သိုက်တွေပါ အကူအညီခေါ်ပြီး မလစ်အောင် ချောင်းနေလိုက်ကြတာ ညဥ့်ဦး အချိန်လောက်ကတည်းကပဲ ဆိုပါတော့၊ လက်စသတ်တော့ ဘယ်ဟုတ်လိမ့်မလဲ၊ ညသန်းခေါင်အချိန်လောက်လဲကျရော . . . မယ်မင်းကြီးမက ကျုပ်တို့ဂတ်အနောက် ကြက်တန်းမှာ ကြူလယာကုလား အိမ် တက်အနုကြမ်းစီးပြေးတော့တာပေါ့ဗျ၊ သိပ်ပိုင်တာပဲ၊ ဟိုမှ ဝီရိယစိုက်နေကြလို့ ဒီဘက်ပိုင်းကို ဘယ်သူမှ သတိမထားမိကြတုန်း တက်နှိုပ်သွားတာပဲ"

ဟု ရာဇဝတ်အုပ်လည်း ပြောပြပြန်လေ၏။

"တယ်ဉာဏ်များတဲ့ မိန်းမပါလား၊ ဘယ်လို လုပ်ပြီး တိုက်သွားတာတုန်း"

ဟု ကိုလှကလည်းထပ်၍ မေးလိုက်ပြန်၏။

"အတိုက်ခံရတဲ့ ကြူလယာကုလား မယားက မြန်မာမဗျ၊ ပုဇွန်တောင် ဒေါက်တာ ဒေါ်ခင်ခင်ကြီးရဲ့ 'တိုးတက်ရေးသားဖွားခန်း' မှာ တက်ပြီး ကလေးမျက်နှာ မြင်နေသတဲ့၊ အဲဒီအချက်ကို ဉာဏ်ရှာပြီး မချောက သူ့ကိုယ်သူ သားဖွားခန်းက 'နပ်စ်မ' ယောင်ဆောင်သွားတာပေါ့၊ ကုလားကြီးကလဲ အိမ်မှာ သူကပါတဲ့သားတစ်ယောက်နဲ့ ညီမတစ်ယောက်၊ မအေတစ်ယောက်ရှိသတဲ့၊ ဆေးရုံက ဆရာမလာတယ်ဆိုလို့ တံခါးဖွင့်အပေးမှာ အိမ်ထဲကို သေသေချာချာဝင်ပြီးမှ သေနတ်နဲ့ အားလုံး ငြိမ်းချောက်ပြီး ရွှေ ၁၅ ကျပ်သားနဲ့ ငွေလေးရာကို အေးအေးတလေး တောင်းယူသွားတာဘဲတဲ့၊ သိပ်ရဲတယ်ဗျ၊ ကုလားကြီး တစ်အိမ်သားလုံး နင်းကန်



www.burmeseclassic.com

www.burmeseclassic.com



အော်တော့မှ တစ်ရပ်လုံးဆူညံပြီး ဝိုင်းလိုက်ကြတာပေါ့၊ သေနတ်နဲ့ ခံပစ်ပြီး မြူနီစီပယ် ကျောင်းကြားထဲဝင်ပြေးပြန်တယ်၊ ဘယ်သူမှ မလိုက်ရဲကြတော့ ဘူးတဲ့၊ သေနတ်သံကြားရမှ ကျုပ်တို့လဲ ကားနဲ့ အဆင်သင့်ရှိနေလို့ အတင်းမောင်းလာကြရတယ်"

"တွေ့ရောလား"

"တွေ့ပေမယ့် မမီဘူး၊ အရင် သားဖွားရုံနားမှာ မော်တော် ဆိုင် တယ်က အဆင်သင့်စီမံထားတာကိုးဗျ၊ တစ်ခါတည်းတက်စီးပြီး ... အရှမ်းနှိုပ်ပြေးတာကို တွေ့လိုက်ကြရတာပေါ့၊ ကျုပ်တို့ ကလဲ အတင်း လိုက်တာပဲ၊ ဟောဒီ ကန်တော်ကြီးလမ်း ဒေါက်တာဘမော်အိမ် ဒီဘက်နား က တဲစုလေးတွေကြားထဲ ဝင်ပြေးတယ်၊ ကျုပ်တို့လဲ ခပ်လှမ်းလှမ်းက ဝင်လိုက်ကြတာပဲ၊ ဒီနောက် ... ဟောဟို ကုန်းပေါ်က အိမ်စုကလေး တွေကြားထဲရောက် ... ဟိုဝင် ဒီကွေ့နဲ့ ကျုပ်တို့ကို သေနတ်နဲ့ တစ်ချက်လှမ်းပစ်ပြီး ဒီဘက်ကို ဆင်းပြေးပြန်တယ်"

"ဟာ ... ဒါဖြင့် ဟုတ်ပြီ ... အဲဟို ကုန်းပေါ်က ဒီဘက်ကို ဆင်းပြေးလာပြီး ... ဟိုခြံဝင်းထဲကို ဝင်ပြေးပြီ ... မြန်မြန်သာ လိုက် ကြပေအုံးတော့၊ ညွှန့်လွင်ဖြင့် ဝင်လိုက်သွားလေရဲ့"

ဟု လှအေးက ပြောလိုက်မှ ရာဇဝတ်အုပ်များလည်း ပျာပျာ သလဲပင် လှည့်ထွက်၍ သွားလျှင် တစ်စုံတစ်ခုကိုသတိရသဖြင့် လှအေးမှာ မြမြမေအား ရုတ်တရက် လက်ကလေးကို ဆွဲကိုင်လျက် မီမီနောက်ကျော ဘက်မှ ခွာထုတ်လိုက်တာ ...

"မြမြမေ ဒီနေရာမှာ ထုခြေချက် တောင်းနေလို့လဲ အလကား အချိန်ကြာပြီး ဒုက္ခရောက်ဖို့သာ ရှိတော့တယ်၊ ယခုကျုပ်မျက်မြင်ဘဲ ဒြမြမေအဖို့ ငြင်းချက်ထုတ်နိုင်တဲ့ အချက်လဲ တစ်ခုမှ မရှိတော့ဘူး၊ မင်းတို့ ကျုပ်သိပ်သနားတယ်၊ တွေ့ရတဲ့နေ့က စပြီးတော့ ... ဘယ်လို ကြောင့်လဲမပြောတတ်ဘူး၊ မင်း ... ဒုက္ခရောက်မှာကို မကြည့်ရက်ဘူး၊ ပြီးတာတွေ ... ပြီးပါစေတော့ ... နောက်ကို မြမြမေ



www.burmeseclassic.com

www.burmeseclassic.com



အဖို့ . . . အေး အေးငြိမ်ငြိမ်မြင်ရ၊ ကြားရဖို့ ကျုပ်အများကြီး မျှော်လင့်ပါတယ်"

ဟုပြောလိုက်ရာ . . .

မြမြမေလည်း ရှတ်တရက် ငိုသံပါကလေးဖြင့် . . .

"ဟင် . . . အခုကိုကိုကပါ မြကို အထင်လွဲလာပြီလား၊ ဒါဖြင့် မြအားကိုးဖို့ မရှိတော့ဘူးပေါ့၊ ဒီလိုဆိုရင် အခုပဲ မြကို ဟိုလူတွေလက် အပ်လိုက်တော့လေ၊ ကိုကို တစ်ယောက်တော့ဖြင့် တွေ့တွေ့ချင်းပဲ မြအပေါ်မှာ ယုံကြည်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်၊ အခု မြဘာမှ မသိ ဘူး၊ ပြေးလာတယ် ဆိုတာလဲ မြမဟုတ်ဘူး၊ မြက ဒီခြံထဲကို စောစောထဲက ရောက်ပြီး ဒီ 'ဒေါ်စောညွန့်'ဆိုတဲ့ မိန်းမကြီးကို ချောင်းနေတာပါ"

မြမြမေမှာ ပြောနေရင်းပင် ရှိုက်၍လာကာ လှအေး၏ ပခုံးပေါ် တွင် မိမိမျက်နှာကလေးကိုတင်၍ တရှုပ်ရှုပ်ငိုနေပြန်လေရာ လှအေး စိတ်ထဲ၌ မည်သို့ဖြစ်သွားမှန်း မသိတော့ဘဲ ရင်ထဲတွင်လည်း ဟာတာတာ နှင့် တဒိတ်ဒိတ်ခုန်လာပြီးလျှင် တစ်ကိုယ်လုံးလည်း တားဆီးမရအောင် တဆတ်ဆတ်တုန်လာလျက် . . . မြမြမေ၏ မေးတလေးကို အသာကိုင် မိကာ အထက်သို့ဆွဲမော့လိုက်ပြီးမှ ရှတ်တရက် သတိရသဖြင့် အသာပြန် ရှပ်လိုက်မိလေ၏။

ထိုနောက် ရှုးကနဲ လေပြင်း မှုတ်ထုတ်လိုက်ပြီးလျှင် . . .

"ကဲလေ . . . ဘာပဲဖြစ်ဖြစ် မင့်အပေါ်မှာ မယုံနိုင်စရာ အကြောင်းမရှိပါဘူး၊ နောက်မှ ဖြေရှင်းချင်ရင် အိမ်ကိုလာခဲ့မယ်၊ အေးဆေး သာဖြေရှင်းတော့ . . . အခုရန်တွေက သိပ်နီးတယ်၊ မင်းဘယ်လိုမှ ကာ ကွယ်လို့ရမှာ မဟုတ်ဘူး . . . ကျုပ်ရှောင်ပေးမယ်၊ ဒီမော်တော်ကား ကလေးနဲ့ ဘေးလွတ်သလိုသာ ပြေးပေတော့"

ဟု ပြောလျက် ကားပေါ်မှ ရှတ်တရက်ကျော်ဆင်းကာ ရှုပ်ဝတ် အုပ်များနောက်သို့ ပြေးလိုက်၍ သွားလေ၏။

ခြံဝင်းထဲတွင် မည်သူ့ကိုမျှရှာမတွေ့သဖြင့် ညွှန့်လွင်နှင့် ရာဇ

www.burmeseclassic.com



ဝတ်အုပ်များမှာ ထိုအချိန်၌ များစွာ စိတ်မကျေမနပ်ဖြစ်ကာရှိလျှက် ဒေါ်စောဉ္ဇနီ့အိမ်ပေါ်သို့တက်၍ စုံစမ်းနေကြပြန်လေပြီ၊ သို့သော် ဒေါ်စောဉ္ဇနီမှာ လည်း ထိုအခါ၌ အိမ်တွင်မရှိဘဲ အခြားမိန်းကလေး ၄-၅-၆ ယောက် တို့ကိုသာ တွေ့ရပြီးလျှင် ညနေ ၅နာရီလောက်တည်းတပင် ... (မရမ်းကုန်း) ခြံထဲသို့ သွားကြောင်း၊ မနက်ဖြန်ကာ နေ့လည်လောက်မှ ပြန်လာမည် ဖြစ်ကြောင်း ပြောပြ၍ သိရသဖြင့် ဉ္ဇနီ့လွင်ပင် စိတ်ပျက် သွားပြန်ကာ ဒေါ်စောဉ္ဇနီ့ပြန်လာသည်အထိ ထိုအိမ်၌ အထူးစောင့်ကြပ် စေရန်လာရောက်ဖို့ အမှုထမ်းတစ်ယောက်ကို လွှတ်တာ အကြောင်းကြား လိုက်ပြန်လေ၏။

ထိုနောက် စိတ်ပျက်စွာနှင့် အပြင်သို့ ထွက်လာကြပြန်သော အခါ၌ကား ညောင်ပင်အောက်တွင် ရပ်ထားသည့် မိမိဂျစ်ကားကလေး ပျောက်ဆုံးနေသည်ကို သိရ၍ ဉ္ဇနီ့လွင်တွင် များစွာဒေါပွသွားပြန်ကာ တက်ခေါက်လိုက်ပြီးလျှင် မော်တော်ကားကို ပစ်ထားခဲ့လျက် မိမိထံသို့ ဝင်လိုက်လာသည့် လှအေးအား များစွာအပြစ်တင် ဆူပူနေလေရာ ... လှအေးမှာလည်း ဘာမျှပြန်မပြောတော့ဘဲ စိတ်ထဲမှာ ကြိတ်၍ ရယ်မိ လေတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ချစ်စက်ကွင်း

နောက်တစ်နေ့တွင်ကား မိမိကားကလေး ဗဟန်းဈေးအနီးမှ တွေ့ရ၍ နံနက်စောစောကပင် ဒေါ်ဗေစာညွန့်အား စုံစမ်းစစ်ဆေးရန် ညွှန့်လွှင်ထွက်သွား၍ လှအေးလည်း အိမ်တွင် မိမိတစ်ယောက်တည်း ရှိနေသဖြင့် ညက အဖြစ်အပျက်များကို တစိမ့်စိမ့်တွေးတောမိပြီးလျှင် မြမြမေကိုတွေ့လို မြင်လိုသည့် စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာ၍ အိမ်ကို တံခါးပိတ်ကာ မြမြမေ၏အိမ်သို့ ထွက်ခဲ့လေ၏။

ထိုအချိန်မှာ နေ့လည် ၂နာရီရှိပြီဖြစ်၍လည်း မြမြမေသည် ဒေါ်ဖွားအား ဈေးဝယ်ရန် လွှတ်လိုက်ပြီးလျှင် အိမ်နောက်ဘက် ရွက်လှပင် နှင်းအိုးကြီးများဖြင့် ဝိုင်းရံကာ သာသာယာယာပြုလုပ်ထားသည့် သာခန်းတွင် လှအေးနှင့်နှစ်ယောက်တည်းပင် လွတ်လပ်စွာ တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



စကားပြော နေကြလေ၏။

လှအေးတွင် ကုလားထိုင် တစ်လုံး၌ထိုင်၍ မိမိနှင့်ရှေ့တည့်တည့်လည်းမဟုတ် . . . ဘေးတိုက်လည်း မကျတကျတွင် နှစ်ယောက်ထိုင်ဆိုဖာကြီးတစ်လုံး၌ မှီလျှက် . . . မခို့တရို့ ထိုင်နေသည့် မြမြမေမျက်နှာတို စူးစိုက်ကြည့်လျှက် တစ်စုံတစ်ခုကို အတွေးနက် နေမိပြန်၏။ မြမြမေတ ပြုံးရွှင်စွာမိမိအား လှမ်းကြည့်လိုက် သောအခါတွင် မျက်စိချင်းဆုံမိသွားသောအခါ၌ ၎င်း၏မျက်စေ့ပါဝါကို မခံနိုင်ဘဲ ရှိန်းကနဲဖြစ်သွားလျှက် တစ်ဘက်သို့ လွှဲပစ်လိုက်ရလေ၏။

ဤတွင် ၎င်းအား အကဲခတ်ကြည့်နေသည့် မြမြမေလည်း အသာပြုံးလိုက်ပြီးလျှင်

"ကိုကိုလှ မြကိုစိုက်စိုက်ကြည့်ပြီး ဘာတွေများ တွေးနေပြန်ပြီလဲ မသက်သာဘူးလား"

ဟုမေးလိုက်မှ ရုတ်တရက် မိမိမျက်နှာကို ပြင်လျှက်ပြုံး၍ "မသက်သာစရာမလိုပါဘူး ညတ လက်ဆုပ်လက်ကိုင် မိနေပါပကော" ဟု ပြန်ပြောလိုက်လေ၏။

မြမြမေတွင် ရုတ်တရက် မျက်နှာညှိုးသွားကာ . . .

"အော် ဒီထိအောင် ထင်တုန်းဘဲကိုး ဒါဖြင့် မြကိုဖမ်းပါတော့လား ဆိုးသွမ်းမိုက်မဲနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့်ကြည့်နေရသလဲ"

ဟုပြောရင်း ငိုသံပါလာကာ မျက်လုံးတွင် မျက်ရည်များရစ်ဝဲ၍ လာလေ၏ လှအေးတား အသံမထွက်လာတော့ပေ၊ မြမြမေ၏မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်ပြီးမှ "ဟင်း - ကနဲ" သက်ပြင်းချလိုက်လေ၏

"ကိုကိုလှ ဘာသက်ပြင်းချတာလဲ ကိုကိုအေး မြကိုအားပ်စွဲတယ် မဟုတ်လား အားနာမနေပါနဲ့ ဝတ္တရားဟာ ဝတ္တရားဘဲ ဖမ်းလေဖမ်းပါ"

ဟု မြမြမေလည်း ပြောပြောဆိုဆိုနှင့်ထိုင်ရာမှထလာကာ မိမိ

www.burmeseclassic.com



လက်နှစ်ဖက်ကို ပူးလျှက်လှအေး၏ ရှေ့သို့ထိုးပေးလိုက်ပြန်၏။

"ဖမ်းလေ ဘာငိုင်နေတာလဲ"

"အို ဘာကြောင့်ဖမ်းရမှာလဲ ကျုပ်က အရာရှိမှ မဟုတ်ဘဲ"

"အရာရှိ မဟုတ်ပေမယ့် အရာရှိနဲ့ တွဲပြီး အရာရှိအခွင့်အရေးတို ယူလို့ကူညီနေတဲ့လူဟာ အတူတူပါဘဲ အရာရှိလက်ကိုဖမ်းပို့လေ"

"ကျုပ်ကတော့ ဖမ်းပို့ဖို့လဲ အခွင့်အရေး မရှိပါဘူး၊ ကူညီစုံစမ်းချမဲ့ ဝတ္တရားအတိုင်း စုံစမ်းလို့ သိရရင် သတင်းပေးရုံပေါ့၊ ဒါပေမဲ့ ဒီကိစ္စမှာ ဟုတ်တာမှန်တာကို သိရပြီးတဲ့နောက် ဝန်ခံချက် တစ်ခုရမယ်ဆိုရင် မြမြမေအတွက် လုံးဝကာကွယ်ဖို့ရာ ကျုပ်တာဝန်ယူချင်ပါတယ်"

"အလိုဘာဝန်ခံချက်များ ပါလိမ့်ရှင်"

"ခေတ်ကြီးဟာ မကောင်းဘူးမြမြမေ၊ မြန်မာပြည်ဟာ လွတ်လပ်တဲ့ ကိုယ့်မင်းကိုယ့်ချင်း သမ္မတနိုင်ငံတော်ကြီးအဖြစ် ရောက်လာမှဘဲ တိုင်းရင်းသားချင်းတွေ မြန်မာလူမျိုးချင်းတွေဟာ လူသတ် ဝါဒကြီး ခွန်းကားပြီး သောင်းကျန်းမှုတွေ ပုန်ကန်မှုတွေ၊ သိပ်အားကြီးနေတော့ တိုင်းရင်းသား လူထုကြီးမှာ လွတ်လပ်ရေးအရသာကို လုံးဝမခံစားရတဲ့ အပြင်လွတ်လွတ်လပ်လပ်ကြီး တရားမဲ့ဒုက္ခတွေဝေပုံကျခံစား"

"နေပါအုံးဆရာကြီး မြကိုကွန်မြူနစ်တို့ ကေအင်ဒီအိုတို့ ထင် တ်ပြီးများ ငြိမ်းချမ်းရေး တရားဟောနေတာလား"

"မဟုတ်ပါဘူး ဘွဲ့ဖြူမဆိုတဲ့ မယ်သောင်းကျန်းကြီးကို ဆိုးသွမ်း မ်းကား မတရားတဲ့ အလုပ်တွေက အကျွတ်တရားရအောင် "

"ဘယ်မှာလဲ ဘွဲ့ဖြူမ"

"မြမြမေ ကိုလှအေးဟာ စုံထောက်တွေရဲ့ အပေါင်းအသင်း၊ တူအညီ တစ်ယောက်ပေမယ့် မြမြမေဖက်က လူပါ၊ ဒီထိအောင် လိုမ့်စ မလိုပါဘူး၊ ရှင်းရှင်းပြောရရင် မြမြမေဟာ မိန်းကလေးတန်မဲ့နဲ့ ကြောင့် ခုလိုဆိုးသွမ်းနေတယ်ဆိုတာ ဖွင့်ပြောပြီး နောက်တိုင်းအလုပ်တွေ းဝစွန့်လွှတ်ပါတော့မယ်ဆိုတဲ့ ဝန်ခံချက်ကို လိုချင်တာဘဲ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဝတ္တရားနဲ့ကျုပ် နောက်ပိုင်းမှာမြမြမေရဲ့ အငွေ့၊ အသက်၊ တစ်စွန်း တစ်စမှမပေါ်စေဘဲ လုံးဝအစတုံး ပြည်ဖုံးကားချလိုက်ရအောင် ဆောင် ရွက်ပေးဖို့ တာဝန်ယူပါတယ်"

"အဲဒါ အခက်ဆုံးပေါ့၊ ရှင်ထင်တာဟုတ်ကိုမဟုတ်ဘူး၊ ဘာတွေ ဒွင့်ပြောပြီး ဘာတွေဝန်ခံရမှာလဲ"

"တဲ ဒီလိုဆိုရင် ကျုပ်ဝတ္တရား ကုန်ပြီပေါ့၊ မြမြမေ ဒီအချိုးအ တိုင်းသာ နေသွားမယ်ဆိုရင် တစ်နေ့သောအခါမှာ ညကကျုပ်တွေ့သလို စုံထောက် ပုလိပ်တွေနဲ့ တွေ့ရတော့မယ်ဆိုတာ မလွဲဘူးသာမှတ်၊ ကျုပ် ကတော့ ညကကျုပ်တွေ့ရသမျှ သိရသမျှတွေကို အားလုံး ကျုပ်စိတ်ထဲက ဆွဲထုတ်ပြီး ဒီအိမ်ပေါ် ဒီနေရာမှာဘဲ လုံးဝအစတုံး ဖျောက်ဖျက်ပစ်ခဲ့ပါ မယ်၊ နောက်တစ်ခါသာ မတွေ့ရပါစေနဲ့လို့ ဆုတောင်းရမှာပေါ့"

ပြောပြောဆိုဆိုနှင့်ကိုလှအေးလည်း ထိုင်ရာမှထလိုက်လျှင် မြမြ မေတွင် ဟင်းကနဲ သက်ပြင်းချလျက် နှစ်ယောက်ထိုင်ဆိုဖာပေါ်၌ ထိုင်ချ လိုက်တာ

"အခုပြန်တော့မလို့လား ဒါတော့မြ ကုသိုလ်ကံပေါ့လေ ကိုကိုလှ မြကိုအထင်မှားတာဘဲ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ညကကိုကိုအေး တာကွယ်လိုက်တဲ့ကျေးဇူးကိုတော့ မြ တစ် သက်မှာ"

"အို ကျေးဇူးတင်ဘို့ မလိုပါဘူး၊ ကျုပ်ရည်ရွယ်ချက်တစ်ခုနဲ့ ကာကွယ်လိုက်တာပါ၊ ပြန်လိုက်အုံးမယ်နော်"

"ရှင် ဘယ်လိုရည်ရွယ်ချက်ပါလိမ့် ထိုင်ပါအုံးလား"

"မထိုင်တော့ပါဘူး ရည်ရွယ်ချက်က မြမြမေလို ဂုဏ်သရေလဲရှိ အဆင်းအင်္ဂါလည်းရှိတဲ့ အမျိုးသမီးကလေးတစ်ယောက်ဟာ အရှက်အ ချင်းလည်း ရှိသင့်တဲ့အတွက် ဒီလိုဆိုးသွမ်းညစ်ပတ် ယုတ်ညံ့တဲ့အလုပ် တွေစွန့်ပစ်ပြီး ထိုက်တန်တဲ့ အရည်အချင်း ရှိရှိနဲ့နေဖို့ ဖြေးဖျပြောဆို ရင် နာယူလိမ့်မယ်ထင်တဲ့ ရည်ရွယ်ချက်ပါဘဲ"

"အခုတော့ "

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲ ညကကိစ္စဟာ ဘယ်လိုမှငြင်းကွယ်လို့ မရတဲ့ ကိစ္စကြီး လက်ပူးလက်ကြပ် ဖမ်းမိတဲ့ ကိစ္စကြီးဖြစ်နေရက်နဲ့ မြမြမေ ပြောင်ပြောင်ကြီး လိမ့်နေပြန်တော့ ကျုပ်ရည်ရွယ်ချက် ထင်စားချက်ဟာ (ဟုတ်ပလက်စ်)ပေါ့ မျှော်လင့်ဖွယ်မရှိတဲ့အတူတူ ကိုယ့်ထိုက်နဲ့ကိုယ်ကံ ပွက်တယ်ထင်ရင်ဒူးသာဒူး၊ မြမြမေဟာ (ဝမ်းဝေး)တစ်လမ်းသွားဘဲလို့ ယူဆရတော့မှာဘဲ'

"ခက်လိုက်လေနော် ကိုကိုအေး ကျေးဇူးပြုပြီး ခဏကလေးထိုင်စမ်းပါအုံး မြ မှန်ရာကို နောက်ဆုံးစကားပြောပါရစေ"

"အင်းပြောလေ ပြောပါ ဒါပေမယ့် မြမြမေဟာ ဘွဲ့ဖြူမ မဟုတ်ဘူးဆိုတဲ့ စကားကိုတော့ ကျုပ်လက်မခံနိုင်တော့ဘူး၊ ညကကိစ္စဟာအရှင်းကြီး"

"အဲဒါတော့ ရှင်းပါတယ်၊ ဒါပေမယ့်ညကကိုကိုလှ တွေ့ခဲ့တာ ဘွဲ့ဖြူမ မဟုတ်ဘူး မြမြမေဘဲ၊ ဘွဲ့ဖြူမ ဟိုအိမ်ဝင်းထဲ ဝင်ပြေးတာကို မြင်တယ်ဆိုတာလဲ ဟုတ်မှာဘဲ၊ စုံထောက်တွေဝင်လိုက်ကြတာအမှန်ဘဲ၊ ဟိုအိမ်ဝင်းဘေးက ဖောက်ပြီးမြမြမေထွက်လာတာလဲ ဝန်ခံပါတယ်"

"အဲဒီတော့ ရှင်းနေပြီပေါ့ အရာကြီးလဲ ကုလားဘဲ၊ ဘာဆင်ခြေကန်အုံးမလဲ"

"ဟိုအိမ်ဝင်းထဲ ဝင်ပြေးတာ ဘွဲ့ဖြူမ၊ ဝင်းဘေးက ပြေးထွက်လာတာ မြမြမေ၊ တခြားစီဆိုတာ မြ နောက်ဆုံးပြောချင်တယ်၊ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဆိုတာလို မြကလဲ ခပ်စောစောကဘဲ အဲဒီအိမ်ဝင်းထဲကို ဝင်ပြီး ဒေါ်စောညွှန့်ကို ချောင်းနေတဲ့ လူဆိုတော့ ဒီအချိန်မှာ ဘွဲ့ဖြူမကို မဖမ်းမိဘဲမြကိုမြင်သွားရင် စုံထောက်တွေ ပုလိပ်တွေဟာ အမှန်ဘဲမြကို. ."

"အို ဒီတော့ ဘယ်လိုမှ ထုချေလို့ မရဘူးမှတ်၊ ဒီအချိန်မှာမှ မြမြမေဟာ အကြောင်းတစ်ခုနဲ့ ဟိုဝင်းထဲရောက်နေတယ်ဆိုလို့ ယုတ္တိမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ၊ ဘွဲ့ဖြူမ ဝင်ပြေးတာ အမှန်ဖြစ်နေတော့ အထဲမှာတွေ့ရတဲ့ မြမြ မေဟာ ဘွဲ့ဖြူမပေါ့၊ အရင်ကလဲ အငြိအစွန်းရှိထားသေးတဲ့အတွက် ပိုပြီး သေချာနေတာဘဲ၊ ဘယ်အကြောင်းပြပြီး ပြောပြော အပိုဖြစ်မှာဘဲ. . ."

"ဒါကြောင့် ခက်တာပေါ့ မြဟာ ဒီဝင်းထဲကို ဒီနေ့ဒီရက်ဒီအချိန် မှာမှ ရောက်သွားရတဲ့ကိစ္စကလဲ ခုနေအခါ ဘယ်နည်းနဲ့မှ ဖွင့်မပြောနိုင် အောင် ဖြစ်နေပြန်တော့. . . အို ဘာဘဲဖြစ်ဖြစ်လေ မြဟာ ဘွဲ့ဖြူမ မဟုတ်ဘူးဆိုတာတော့ နောက်ဆုံး အတိအကျ ယုံကြည်စေချင်တာဘဲ"

"ယုံရအောင် ကျုပ်က လူပြိန်းမှမဟုတ်ဘဲ၊ တစ်ခုတော့ရှိတယ်၊ မြမြမေဟိုအိမ်ဝင်းထဲကို ဘာကိစ္စရောက်ရတယ်ဆိုတာ အကြောင်းလုံ လောက်အောင် ယုတ္တိနဲ့ပြောနိုင်ရင်တော့ စုံထောက်တွေ ပုလိပ်တွေက မယုံပေမယ့် ကျုပ်ကတော့ ဆင်ခြင်သုံးသပ်ပြီး ယုံရမှာဘဲ"

"အဲဒါအခက်ဆုံးပေါ့. . . ကျေးဇူးရှင်မို့လို့ မြအသက်ကိုသာ အပ်လိုက်ချင်တာဘဲ၊ ဒီကိစ္စကိုတော့ . . ခက်တယ်. . အဟုတ်ကိုခက် တယ်"

"ဘာလဲ . . ကျုပ်ကို ယုံကြည်ထိုက်တဲ့ လူတစ်ယောက်မဟုတ် ဘူး ထင်လို့လား. . . ဒါဖြင့်လဲရှိပါစေတော့လေ ကျုပ်ကတော့ မြမြမေမှာ အခက်အခဲ တစ်စုံတစ်ခုတွေ့နေရင် အမြဲတမ်း အကူအညီပေးချင်တဲ့ လူမို့လို့ ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောသင့်တယ် ထင်တာဘဲ၊ ဒါဖြင့် ပြန် လိုက်အုံးမယ်နော်. ."

ဟုပြောကာ လှအေးလည်း ထိုင်ရာမှ မထသေးဘဲ မြမြမေ၏ မျက်နှာကိုတစ်ချက် မျက်စိလှန်၍ကြည့်လိုက်မိရာ မိမိအား ခပ်တွေတွေ စူးစိုက်ကြည့်နေသည့် မြမြမေ၏မျက်စိနှစ်လုံးတွင် မျက်ရည်များ ရစ်ဝဲလျက် ရှိနေသည်ကိုတွေ့ရသဖြင့် အံ့အားသင့်သွားပြီးလျှင် ရုတ်တရက် မိမိမျက် စိတို့ကို မလွှဲနိုင်တော့ဘဲ စေ့စေ့ကြည့်မိရာမှ. . .

"မြအဖြစ်ကိုမှ မြ ဖွင့်မပြောနိုင်ဘူးဆိုတာ ရှက်နည်းပါတယ် . . ကိုလှအေး လျှစ်လျူရှုရတော့မှာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ထိုင်ရာမှထ လိုက်လေ၏။

"ကိုလှ . ."

လည်ချောင်းထည်းမှ ညှစ်ထုတ်လိုက်ရသည့် မြ အသံကား ငိုသံနှင့်အတူ ရော၍ထွက်လာ၏။

"ဘာလဲ . . မြ"

"မြ ဖွင့်မပြောရင် . . . ကိုလှ . . မကူညီတော့ဘူးဆိုပါတော့"

"ဖွင့်မှမပြောဘဲဟာ . . ဘာကိစ္စကို ဘယ်လိုကူညီရမှာလဲ"

"ကြုံကြိုက်တဲ့အခါ . . ကြုံကြိုက်သလို . . မကူညီနိုင်ဘူးလား"

"ညကလို ကိစ္စမျိုးတော့ . . မကူညီနိုင်တဲ့အပြင် နှောင့်ယှက်ဘို့တောင် စိတ်ပိုင်းထားတယ်၊ ဒါကြောင့် နောက်ထပ်မတွေ့ပါရစေနဲ့ . . . ဆုတောင်းတာပေါ့"

"မထူးတော့ပါဘူး . . . ကိုလှရယ် . . . ဒီလိုစိတ်ပိုင်းမှဘဲ . . ဘာကိုငဲ့ညှာပြီး မတွေ့ပါရစေနဲ့ ဆုတောင်းအုံးမှာလဲ၊ တစ်ခါတည်းသာ ရောက်ချလိုက်ဘို့ ရှိတာပေါ့၊ အခုဘဲ တစ်ခါထဲသတင်းသာပေးလိုက်ရင် အေးမှာဘဲ . . . မြလဲရှေ့ကိုဒုက္ခမများဘူး . . ."

ပြောရင်းမြမြမေလည်း ဆိုဖာနောက်မှီတွင် လက်နှစ်ဖက်တင်၍ မျက်နှာကိုမှောက်ကာ ရှိုက်၍ငိုပစ်လိုက်သဖြင့် လှအေးလည်း တစ်အောင့်လောက်ငိုင်သွားပြီးမှ "ဟင်း"ကနဲ သက်ပြင်းချကြီးချတာ . .

"ကဲ . . မဟုတ်ဘူးသာဆိုတယ်၊ မြ အခုလိုပြောတာဟာ ဝန်ခံတာနဲ့ အတူတူပေါ့၊ ကိုလှ ရှင်းရှင်းပြောတော့မယ်၊ ကိုလှ ဘာတို ငဲ့ညှာသလဲဆိုရင် အို . . ချစ်တယ် ချစ်တယ် မြတို ချစ်မိပြီ၊ ကိုလှ ချိုသိပ်ထားနိုင်တော့ဘူး၊ မြကိုတွေ့တဲ့နေ့ကစပြီး ချစ်မိတဲ့အပြင် မြရဲ့ အဖြစ်အပျက်တွေ မြင်နေရပြန်တော့ . . တစ်နေ့နေ့မှာ ပုလိပ်လက်ရောက်ပြီးဘယ် နည်းနဲ့မဆို ရာဇဝတ်အပြစ်ဒဏ် ဘေးဆိုးကြီး ခံစားရတော့မှာဘဲလို့ 'တွေး တွေးသနားမိတဲ့အတွက် အခုတော့ပိုပြီး . ."

စကားကို ဆုံးအောင် မပြောတော့ဘဲ ကိုလှအေးလည်း မြမြမေ

www.burmeseclassic.com



ထိုင်နေသည့် ဆိုဖာတွင် တစ်ဖက်မှဝင်၍ထိုင်ကာ မြမြမေ၏ပခုံးနှစ်ဖက်ကို အသာဆွဲထူ လိုက်မိလေ၏။

မြမြမေလည်း မည်သို့မျှ မထူးခြားဘဲ အလိုက်သင့်ပါလာပြီး ရုတ်တရက် လှအေး၏လက်နှစ်ဖက်ကို မိမိပခုံးမှဆွဲဖယ်ချကာ ဆိုဖာတစ်ဖက်ထောင့်သို့ရွှေ့ထိုင်လျက် မျက်ရည်များကို ခါးကြားမှလက်ကိုင်ပုဝါဖြင့် ထုတ်၍သုတ်နေလေ၏။

လှအေးလည်း တိုးရွှေ့လိုက်သွားကာ မြမြမေ၏ လက်နှစ်ဖက်ကို ဖမ်းဆွဲကိုင်လိုက်ပြန်၏၊ သို့သော် မြမြမေက မိမိလက်ကို မရုန်းတော့ပေ။

"မြ . . ကိုလှပြောတာကြားပြီလား၊ ကိုလှ ချစ်တယ်၊ မြကို အဟုတ်ချစ်တယ်၊ ကိုလှအချစ်ကို မြလက်ခံလိမ့်မယ်လို့လဲ မျှော်လင့်တယ်၊ ကိုလှ ချစ်သလို မြကလဲတုံ့ပြန်မယ်ဆိုရင် ကိုလှ ရည်ရွယ်ချက်ကိုလည်း လက်ခံပါမြရယ်"

မြမြမေကား လက်ကိုလည်း မရုန်းဘဲ ပါးစပ်မှလည်း အသံထွက် မလာဘဲ ဦးခေါင်းကိုငုံ့ကာ မျက်ရည်ပေါက်ပေါက်ကျနေပြန်၏။

"မြ . . ပြောလေ၊ မော့စမ်းပါဦး ဒီမျက်နှာကလေးကို"

ဟု ပြောပြောဆိုဆိုနှင့် လှအေးလည်း မြမြမေ၏မေးကလေးကို ကိုင်ကာ မျက်နှာကိုဆွဲမော့လိုက်ပြန်၏၊ သို့သော် မြမြမေ အသံထွက် မလာသေး၊ လှအေးမျက်နှာကို အကြောင်သားကြည့်လျက် တမဲ့မဲ့နှင့်ရှိုက်၍ သာနေ၏။

"မြ . . ကိုလှ စကားကိုလက်မခံနိုင်ဘူးလား၊ ဖွင့်ပြောပါ မြရယ် ကိုလှကို မချစ်ဘူးလား. . ."

"ချစ် . . ချစ်. . . ချစ်ပေမယ့်"

ဟုမြမြမေ ဤမျှသာ အသံထွက်လာ၏၊ ရှေ့သို့မဆက်နိုင်တော့ပေ။

"အို မြ ကိုလှတို့အဟုတ် ချစ်သလား၊ နို့ ချစ်ပေမယ့် ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလဲ. ."

"မြကိစ္စ မရှင်းဘူးနော် . . ကိုကိုလှ၊ မြကိုမချစ်နဲ့၊ မြကိုချစ်မိရင် ကိုလှ စိတ်အနှောင့်အယှက်တွေ ဖြစ်လိမ့်မယ်"

"ဟာ . . အဲဒါကြောင့် ပြောတာပေါ့၊ ကိုလှ ရည်ရွယ်ချက်ကို လိုက်နာပါ မြရယ်၊ ကိုအေး မြကိုချစ်ပါရစေ. ."

"ကိုအေး "

"မြ"

"မချစ်နဲ့. . . မချစ်နဲ့. . ကိုလှ မြကိုမချစ်နဲ့"

"ကိုလှကို . . မြမချစ်နိုင်လို့လား"

"မချစ်နိုင်စရာ အကြောင်းမရှိပါဘူး၊ ချစ်ရဖို့အကြောင်းသာ ရှိပါတယ်. . . ကျေးဇူးရှင်ရယ်၊ မြ ချစ်ပါတယ် . . . ခုနေအခါမှာ ကိုလှ ကိုတော့ ချစ်ခွင့်မပြုနိုင်သေးလို့ပါ၊ မြကဘဲ တစ်ဖက်သတ် ချစ်နေပါရစေ"

"အို မနေနိုင်ဘူး၊ ချစ်မယ်. . . ရှုတ်ချစ်မယ်၊ မြရဲ့ဆိုးသွမ်းတဲ့ လက်ရှိဘဝကိုလည်း အတင်းတိုက်ဖျက်ပြီး ဘဝသစ်ကို ဆွဲပို့ရလိမ့်မယ်"

ဟုပြောပြောဆိုဆိုနှင့်ကိုလှအေးလည်း မြမြမေ၏ပခုံးကိုလှမ်း ဖက်၍ ဆွဲယူကာ မျက်နှာချင်း ပူးကပ်လိုက်တော့မည်အပြုတွင် မြမြမေ လည်း ရုတ်တရက် ဖြတ်လတ်စွာပင် မိမိမျက်နှာကိုရှောင်၍ငုံ့ရင်း လှအေး ၏ ရင်ပတ်ကို မိမိလက်နှစ်ဖက်ဖြင့် ဆောင့်တွန်းလိုက်တာ. . ."

"အို ပြောနေရက်သားနဲ့ ဒီလိုလုပ်တာမကောင်းဘူး"

ဟု ပြန်ပြောလျက် ထိုင်ရာမှထလိုက်လေ၏၊ ထိုနောက် လှအေး အံ့အားသင့်ကာ ကြောင်တောင်တောင် ဖြစ်နေခိုက် မြမြမေလည်း ထိုနေ ရာမှ ခပ်သွက်သွက် ထွက်သွားပြန်လေ၏။

မြမြမေ အိမ်ရှေ့ခန်းသို့ ရောက်နေလေပြီ၊ လှအေးတွင်စိုးထဲ တွင် မချင့်မရဲဖြစ်လျှက် ၎င်းနောက်ထလိုက်သွားသော အခါတွင်တား ဒေါ်ဖွားမှာလည်း ဈေးမှပြန်ရောက်လာပြီ ဖြစ်၍အသာရှောင်ဆောင်တာ မြမြမေကို အကဲခတ်ကြည့်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မြ . . ကိုလှပြန်မယ်နော်၊ ဟိုဟာ မဖြစ်နိုင်တော့ဘူး ဆိုပါတော့"

ဟု ပြောလိုက်လေ၏။

"အို အကြောင်းညီညွတ်ရင် တစ်နေ့မှာဖြစ်မှာပေါ့၊ ကိုလှအဖို့ စိတ်သာချနေပါ. . ."

"အကြောင်းက ဘယ်တော့ . . ညီညွတ်မှာလဲ၊ အဲဒီ အကြောင်း ဆိုတာကိုလဲ မသိရတာ သိပ်ခက်တာဘဲ. . ."

"သိစေရမှာပေါ့လေ . . . မကြာပါဘူး"

"မသိရခင် အတွင်းမှာ ကျားပါးစပ်ထဲ ရောက်သွားပြီ ဆိုတာတော့ မကြားပါရစေနဲ့"

"ဒါတော့ ကိုလှကို အားကိုးပဲ"

"ဗျာ ဒီကိစ္စကို ကျုပ် နောက်ထပ်လုံးဝတာဝန်မခံတဲ့အပြင် နောက်တစ်ခါ မတွေ့ရပါစေနဲ့လို့ ပြောပြီးပါပကော၊ မြ. မြ . . သိပ်ခက်တဲ့ မြဘဲနော်၊ ကိုလှ စကားကိုတော့ လုံးလုံးပယ်တော့မယ် ဆိုပါတော့လေ"

"ကိုလှ ဘာကိုပြောနေတာလဲ. ."

"မြ ကိုလှကို အရူးလုပ်နေတာလား"

"အတည်မေးတာပါ"

"ဘွဲ့ဖြူမ ကိစ္စကိုပြောတာပေါ့"

"မြနဲ့ဘွဲ့ဖြူမ ဘာဆိုင်လို့လဲ၊ လာ လာချည်းသေးတော့"

"အေးလေ တကယ်ဘဲ မဆိုင်ပါစေနဲ့ ဆုတောင်းပါတယ်၊ မြနဲ့ စကားပြောရတာ သိပ်အဆင်မပြေဘူး၊ ဒါပေမယ့် ကိုလှဟာ မြကို အခု နောက်ဆုံး သတိပေးသွားတာဘဲ . . ဆိုတာတော့ တစ်ထစ်ချ မှတ်ယူစေ ချင်ပါတယ်၊ သွားမယ် ကိုလှ"

"ဟုတ်ကဲ့ ဒါပေမယ့် ဟိုကိစ္စအတွက်တော့ စိတ်ချနေ့ ကိုလှ"

"အင်း ဝမ်းသာပါတယ်၊ ဒီကိစ္စမှာ အဆင်မပြေတဲ့နောက်တော့ ဟိုကိစ္စအဖို့ အေးလေ သွားလိုက်ပါအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လှအေး နှုတ်ဆက်ကာ အိမ်မှထွက်သွားလျှင် မြမြမေလည်း အိမ်ခေါင်းရင်း ပြူတင်းပေါက်မှ လှအေးသွားရာသို့ မျက်စေ့တစ်ဆုံးမျှော်ကြည့်လျက် ဟင်း ကနဲသက်ပြင်းချလိုက်လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## လက်တစ်လုံးခြား

ဘွဲ့ဖြူမ သတင်းတား ကျော်သည်ထက်ကျော်ကြားလာတော့၏။ တာဝန်ခံစုံထောက်ကလေး ညွန့်လွင်မှာလည်း ဆရာမဒေါ်စောညွန့်အိမ်၌ စုံစမ်းရာတွင် . . အကြောင်းသိပ်မထူးလှသဖြင့် များစွာစိတ်ပျက်လာသည့်တိုင်အောင် မိမိ၏တာဝန် ဝတ္တရားကိုကား အနည်းငယ်မျှပေါ့လျော့ခြင်း မရှိစေရဘဲ ဇွဲသန်သန်ဖြင့်သာ ဆရာမဒေါ်စောညွန့်နှင့်မြမြမေတို့ကို ခြေရာခံလိုက်လံ စုံစမ်းလျက်ရှိနေလေ၏။ လှအေးမှလည်း မြမြမေနှင့် ထိုနေ့ကတွေ့ဆုံ စကားပြောခဲ့ရသည်မှစ၍ မိမိအား မြမြမေက ပြောင်ပြောင်ကြီး လှိမ့်နေသည်ဟု ယူဆကာ စိတ်ထဲတွင်များစွာ မခံချိမခံသာဖြစ်လျက် တစ်နေ့နေ့တွင် လက်ပူးလက်ကြပ်မိအောင်ဖမ်း၍ နောက်ထပ်မငြင်းကွယ် နိုင်အောင် သက်သေအထောက်အထား ယူမည်

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ကိုဆုံးဖြတ်ပြီးလျှင် မြမြမေထံသို့ နောက်ထပ်မသွားတော့ဘဲ မိမိဖာသာ တစ်ယောက်တည်းကြိတ်၍တစ်မျိုး ညွှန့်လွင်တို့နှင့်တွဲ၍တစ်ဖုံ အကြံအမျိုးမျိုးထုတ်ကာ မနားမနေစုံစမ်းနေပြန်တော့၏။

နံနက်မိုးလင်းသည်မှစ၍ မိုးများတစ်ဖွဲဖွဲကျကာ တစ်နေ့လုံး မစဲသည့် တစ်နေ့သို့ရောက်ခဲ့၏။ အချိန်ကား နေ့လည်ခင်းဖြစ်၍ထိုနေ့တွင် ရန်ကုန်မြို့လယ်ခေါင် ဘဏ်တိုက်ကြီးတစ်တိုက်တွင် ငွေရေးကြေးရေးနှင့်ပတ်သက်လျက် ရာဇဝတ်မှုတစ်ခု ကျူးလွန်မည်ဟု သတင်းရရှိသည့် အပြင် ထိုသို့ကျူးလွန်မည့်သူမှာလည်း အခြားမဟုတ် "ဘွဲ့မြူမ" နှင့် အပေါင်းပါတို့သာလျှင် ဖြစ်မည်ဟူ၍လည်း တစွန်းတစ သတင်းရသဖြင့် ဆိုင်ရာရဲအဖွဲ့နှင့်စုံထောက်အဖွဲ့တို့မှာ များစွာ ဗျာများကြလျက် ဤအကြိမ်တွင် မိမိအောင် ဖမ်းတော့မည်ဟု စိတ်အားထက်သန်စွာဖြင့် အမျိုးမျိုး အဖုံဖုံစီမံခန့်ခွဲကာ ဆိုခဲ့သည့် ဘဏ်တိုက်ကြီးပတ်ဝန်းကျင်တွင် အလစ်မပေးဘဲ ရှိနေကြလေ၏။

ထိုအချိန်၌စုံထောက်ညွှန့်လွင် လှအေးတို့မှာ ပထမရှေးဦးစွာ မြမြမေ၏အိမ်သို့ သွား၍စုံစမ်းရာ မြမြမေအိမ်တွင်မရှိဘဲ ဆိုင်သို့သွားနေသည်ဟု သိရ၍ဝင်း၏ရွှေဆိုင်သို့ လိုက်၍စုံစမ်းပြန်ရာ ဆိုင်တွင်လည်း မြမြမေကိုမတွေ့ရလျှင် ဘဏ်တိုက်ပတ်ဝန်းကျင်၌ ချောင်းမြောင်းစောင့်နေသူတို့အား အထူးသတိထားရန် မှာခဲ့ကြလျက် နှစ်ယောက်သားသည် ဒေါ်စောညွှန့်၏ အိမ်အနီးသို့ ဂျစ်ကားဖြင့်ရောက်သွားကြပြန်လေ၏။

ယမန်နေ့ညက လှအေးစောင့်နေသည့် ညောင်မုတ်ဆိတ်ပင် အောက်သို့ ဂျစ်ကားထိုးရပ်လျှင်ပင် ဒေါ်စောညွှန့်အိမ်ဝင်းရှေ့၌ ခံ့ညားသပ်ယပ်သော ကားကြီးတစ်စီးရပ်ထားလျက် ရှိနေသည်ကိုတွေ့ရ၍ စိတ်အားထက်သန်စွာ ကားအတွင်းဆီသို့ လှမ်းကြည့်လိုက်ကြ ပြန်လေရာ၊ သို့သော် ကားအတွင်း၌ မည်သူမျှမရှိဘဲ ကားရှေ့ပိုင်းတွင်သာ ကားမောင်းသော ယောကျာ်းတစ်ယောက်ထိုင်ကာ ရှိနေသည်ကို တွေ့ရလျှင် ထိုကားကြီးမှာလည်း တရုတ်တန်း၊ လသာလမ်းနှင့်ပေါင်းဆိုင်ထိပ်တို့တွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော(ပရိုက်ပိတ်တိုင်စီ) သီးသန့်အငှားကားကြီးတစ်စီး ဖြစ်ကြောင်း ညွန့်လွင်ကောင်းစွာ မှတ်မိရလေပြီ ထိုအချိန်တွင် ၎င်းတို့နှစ်ယောက်မှာလည်း ရုပ်ဖျက်ထားလျက် ရှိလေရာ ညွန့်လွင်မှာပါးမုန်းမွေး ဖွားဖွားနှင့်ပန်ချာပီကုလားဖြစ်နေလျက် လှအေးမှာကား (ဒိုဘီ) ပိတ်ပိုင်း ခါးတောင်းကျိုက်နှင့် ဘာဘူကုလားတစ်ဦး ဖြစ်နေလေတော့သည်။

၎င်းတို့ရောက်၍ မကြာမီပင် ဒေါ်စောညွန့် အိမ်တွင်းမှဆံပင်ကို ချိုစောင်းနှစ်ဖက်တွင် ကျစ်ဆံမြီး ကျစ်လျှက်ခွေထားသည့် (အေးမိစံ)ဆံထုံးဖြင့် ခေတ်ဆန်ဆန်ဘောင်းဘီ အကျီဝတ်ခါ လေဒီရှူး ဖိနပ်စီး၍ လက်တွင် သားရေအိတ်တစ်ခု ကိုင်ထားသော တရုတ်မကလေး တစ်ယောက် ထွက်လာကာ ထိုမော်တော်ကားပေါ်သို့ တက်သွားလျှင် ထိုနေရာမှ မော်တော်ကား မောင်းထွက်သွားသည်ကို တွေ့လိုက်ကြရသဖြင့် ၎င်းတို့နှစ်ယောက်လည်း မိမိတို့ကားကို စက်နှိုးကာ ခပ်လှမ်းလှမ်းမှ မောင်းလိုက်၍ သွားကြပြန်လေ၏။

ရှေ့မော်တော်ကားကြီးမှ နောက်ပိုင်းကျောဘက်တွင် မှန်ဝိုင်းငယ်တစ်ခု တပ်ထားသဖြင့်လည်း တရုတ်မကလေးသည် ထိုမှန်ဝိုင်းငယ်မှ မိမိတို့ကားဆီသို့ သုံးကြိမ်တိတိ လှည့်ကြည့်သွားသည်ကိုလည်း ၎င်းတို့တွေ့မြင်ကြရပြန်လေသည်၊ မော်တော်ကားကြီးလည်း ကျိုက္ကဆံလမ်းမှ တောင်ဘက် ကန်တော်ကြီးစောင်းဆီသို့ မောင်းသွားပြီးလျှင် လက်ဝဲဖက်သို့ ချိုးပြီးနောက် တဖန်လက်ျာဖက်သို့ ချိုးကာ သိမ်ဖြူဘောလုံးကွင်းဘေး ကန်တော်ကြီးလမ်းအတိုင်း (ဘုတ်တာလပ်) လှေရုံဆီသို့ တည့်တည့်ကြီး မောင်းနေလေ၏၊ ညွန့်လွင်တို့ကားလည်း အနောက်မှမျက်ခြေမပြတ် ခပ်ခွာခွာ လိုက်လျက်ရှိနေ၏။

ဘုတ်ကလပ်ဘေးသို့ ရောက်လျှင် ကားကြီးမှာ လက်ဝဲဘက်သို့ ကွေ့ပြီးလျှင် အထက်ပန်းဆိုးတန်းလမ်းမကြီးအတိုင်း မောင်းနေ၍ သွားလျက် ရန်ကုန်ဘူတာနောက်ဖေးမှဖြတ်ကာ ဆူးလေဘုရားကုန်းကြီး အတိုင်း ဆူးလေဘုရားဆီသို့ ဦးတည်မောင်းသွားပြန်လေ၏၊ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆူးလေဘုရားအရှေ့ဘက်မုခ်ဆီသို့ ကွေ့မောင်းသွားခိုက်အနောက်မှ တိုယ်ထည်ကြီးမားသော ကုန်တင်ပေါင်းမိုးနှင့် လော်လီကားကြီး တစ်စီး စက်ကုန်မောင်းနှင်လာသောအခါ ညွန့်လွင်တို့ကားကလေးကို ဖြတ်တက်လျက် အရှေ့မှကွယ်၍သွားလေရာ ညွန့်လွင်လည်း အရှေ့မှ ကားကြီးကိုကြည့်၍ မမြင်ရတော့သဖြင့် များစွာဒေါသဖောင်းလျက် မျှော်ကြည့်ရင်း မိမိရှေ့မှ လမ်းဖယ်ပေးရန် ဟွန်းကိုတဂွီဂွီ အချက်ပေး နေပြန်လေ၏။

သို့သော် လော်လီကားကြီးကား ဂရုမစိုက်ဘဲ သွားမြဲသွားနေသဖြင့် ညွန့်လွင်စိတ်တိုလာကာ မိမိကားကလေးကို ဘေးမှဖယ်လျက် ရှေ့သို့မောင်းတက်ပြန်ရာ ထိုကား၏ရှေ့တွင် တရုတ်မ စီးသွားသည့် ကားကြီးကို တွေ့ရသဖြင့် ရင်ထဲ၌ဒိတ်ကနဲဖြစ်ကာ မျက်နှာများပျက်၍ သွားလေ၏။

ထိုကားကြီးပေါ်တွင်ကား အရှေ့ဖက်၌ ကားမောင်းသူမှလွဲ၍ အခြားမည်သူမျှ မရှိတော့ပေ၊ ချက်ခြင်းပင် ညွန့်လွင်လည်း မိမိကား ပေါ်မှဆင်း၍ ထိုကားမောင်းသမားအား. . .

"အနောက်တွင် စီးလာသည့် တရုတ်မကလေး ဘယ်ရောက် သွားသလဲ. . . ."

ဟု ကုလားစကားဖြင့် လှမ်းမေးလိုက်လေ၏၊ ကားသမားလည်း ခေတ္တတရက်အံ့အားသင့်ပြီးမှ ညွန့်လွင်အားအကဲခတ်ကြည့်ရင်း . .

"ကားခပေးပြီး ဟိုဆူးလေဘုရားပေါ်သို့တက်သွားတယ် . . ဘာ ဆိုင်မလို့လဲ"

ဟုပြန်၍မေးလိုက်လေ၏။

"အရေး ဘာဘာရေ မြန်လှချည့်လား ဘယ်လိုလုပ်ဆင်းသွားသ လဲ"

"ကားကိုစက်ရှိန်သတ်ခိုင်းပြီး ခုန်ဆင်းသွားတာပေါ့၊ ငွေတစ် ဆယ်တန်နှစ်ချပ် ပစ်တင်ပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဟုတ်လား သူဘယ်ကစီးလာသလဲ"

"အိမ်ကနေပြီး ဒီကားကို ကျုပ်တို့ကုမ္ပဏီမှာ တယ်လီဖုန်းဆက် ခေါ်ယူတယ်"

ညွန့်လွင်လည်း မိမိကားရှေ့တွင် လော်လီကားကြီးတက်မောင်း သွားစဉ်က အထူးဂရုမစိုက်လိုက်မိသဖြင့် ဤကဲ့သို့ လက်တစ်လုံးခြား လုည့်သွားခြင်း ခံလိုက်ရသည်ကို များစွာမကျေနပ်နိုင်ဘဲ အမှတ်မဲ့ အံကို ပင် ကြိတ်လိုက်မိလေပြီ၊ ကားမောင်းသူလည်း ၎င်းတို့အား အကဲခတ် ကြည့်ကာ ဟက် ဟက် ပက်ပက် ရယ်လိုက်ပြီးလျှင်. . . .

"ဟား ဟား ဘို့သချာ့ဟဲ ဒီကောင်မကလေးဟာ (ဟော်တယ် ဒေဝီ) ထင်တယ်၊ ဒါကြောင့် မော်တော်ကားကို ကျိုက္ကဆံလမ်းက ဒီအထိ ဘဲ စီးပြီး ငွေ ၂၀တောင်ပေးသွားတာဘဲ၊ မင်းတို့ကို အခုငွေတွေ ဘုန်းပြီး ပိုင်းသွားလို့ ဆန်ပြုတ်သောက်ပြီး အူယားဖားယား လိုက်ခဲ့ကြတယ် မဟုတ် လား ဟေး ဟေး ကုလားကို တရုပ်မတ(အမဲ)ဖမ်းသွားတာ ရယ်စရာဘဲကွ၊ ဝက်ဝက်ကိုကွဲရောဟေ့"

ဟူ၍ကျယ်လောင်စွာ အော်၍ရယ်လျက် ပြောလိုက်သဖြင့် လည်း ညွန့်လွင်ရော လှအေးပါ မိမိတို့အဖြစ်ကို ပြန်ကြည့်ကြလျက် များစွာ ရယ်ချင်လှ၍ မနည်း ဣန္ဒြေဆောင်ထားကြရလေ၏။

ထို့နောက်ကား အတွင်းသို့သေချာစွာကြည့်မိပြန်ရာ ထိုင်ခုံပေါ် ၌ စာရွက်ငယ်တစ်ခုကို တွေ့ရသဖြင့် အံ့အားသင့်သွားကာ လှအေးက ဆင်း၍ဆွဲယူကြည့်လိုက်လေ၏။

စုံထောက်တို့...

အနောက်က တစ်ကောက်ကောက်လိုက်နေတာလဲ ရိပ်မိပါ ၏၊ သို့သော် "ယုန်ထောင်ကြောင်မိ" ဆိုတာလို မဖြစ်ပါစေနှင့်၊ တကယ် အရေးကြီးတဲ့နေရာကိုသာ အမြန်ရောက်အောင်သွားပါ၊ ဘွဲ့ဖြူမကို ဟိုမှာရှိသည့် လူတွေတတ်နိုင်မည်မဟုတ်၊ ယနေ့ဆက်ဆက် ဖမ်းမိနိုင်ကြ ပါစေသော်...

တရုတ်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ရေးထားသည်ကို တွေ့ရသဖြင့်လည်း ထိုစာရွက်ငယ်ကို ညွှန့်လွင်အား ကမ်းပေးလိုက်ပြန်လေ၏။

ဖတ်ပြီးလျှင် ညွှန့်လွင်လည်း များစွာဒေါဖောင်းလျက် "တက်" ခေါက်ကာ မိမိကားကို စက်နှိုးလိုက်သဖြင့် လှအေးလည်း ကားပေါ်သို့ တက်လိုက်လျှင် ထိုနေရာမှသွက်သွက်ကြီး မောင်းထွက်သွားလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဘွဲ့ဖြူမ လက်ချက်

ထိုအချိန်အထိ ဘဏ်တိုက်တွင်ကား ဘာမျှမဖြစ်သေးပေ၊ သို့
သော် တရုတ်မကလေးတစ်ယောက်ဆိုက္ကားနှင့် ရောက်လာကာဘဏ်တိုက်
အတွင်းသို့ ခပ်သွက်သွက် ဝင်သွားသည်ကိုတွေ့လိုက်ရသဖြင့် ဘဏ်အ
တွင်း၌ ငွေထုတ်ရန်အလှည့် စောင့်နေသည့် ဧည့်သည်တရုတ်ကြီးသဏ္ဌာန်
ဆောင်ကာထိုင်နေသော စုံထောက်တစ်ယောက်က မျက်စေ့အလစ်မပေး
ဘဲ ထိုတရုတ်မကလေးကိုသာ အကဲခတ်ကြည့်ရှုနေလေ၏။

တရုတ်မကလေးကား ငွေထုတ်ရန် ကြေးပြားများလဲလှယ်ပေး
သည့် အခန်းရှေ့တွင်ရပ်ကာ စာရေးအား တစ်စုံတစ်ခုစုံစမ်းမေးမြန်း၍
ဘဏ်အတွင်းပတ်ဝန်းကျင်ကို မျက်စေ့ဖြင့်အမှတ်မဲ့ကြည့်ရှုအကဲခတ်နေ
သည်ကိုလည်း ထိုစုံထောက်မှာ သတိထားကြည့်ရှုနေမိလေပြီ။

ထိုတရုတ်မကလေးကား ဘွဲ့ဖြူမပင်ဖြစ်၍ ယမန်နေ့အဖို့တွင် မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့ မလွတ်တန်းဖမ်းမိတော့မည် ဟူ၍လည်းတွေးမိသဖြင့် စုံထောက်တွင် အထူးဝမ်းသာခြင်း ဖြစ်မိကာ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေလေ၏။

ထိုအခိုက်တွင်ပင် ဘဏ်တိုက်အတွင်းသို့ ဝင်ရောက်လာသူကား သင်္ဘောများကို ကန်ထရိုက်ယူလျက် တပည့်ပေါင်းမြောက်မြားစွာဖြင့် တည်ဆောက်လုပ်ကိုင်နေသော နာမည်ကျော် (အင်ဂျင်နီယာ)ကန်ထရိုက်တာကြီး "ဦးတိုးကြွယ်"ဖြစ်လေရာ ၎င်းအားမသိသူ မရှိသလောက်ဖြစ်၍ ဘဏ်အတွင်းမှ စာရေးများကပင် ဆီး၍နှုတ်ဆက်ကြလေ၏။

ဦးတိုးကြွယ်ကား ငွေမထုတ်ရသေးပေ၊ စောင့်ဆဲရှိနေ၏။

အပြင်တွင် တဖွဲဖွဲရွာနေသည့် မိုးလည်းအနည်းငယ်မျှ မစဲသေးပေ၊ မကြာမီ ဆံပင်နီကောက်ကောက်ရွှေမျက်မှန်နှင့် ဂါဝန်အတို ဝတ်ထားသည့်အင်္ဂလိပ် ကပြားမကလေးတစ်ယောက် ဝင်လာပြန်ကာ သွင်းငွေလက်ခံသည့်ဘဏ် စာရေးဆီသို့ သွား၍လူတစ်ယောက်၏ နာမည်ကို မေးလေရာ ဘဏ်စာရေးကလည်း ထိုနာမည်မျိုး ဤဘဏ်တွင် မရှိကြောင်း ပြောလိုက်သဖြင့် ငွေများထုတ်ယူကာ ရေတွက်လျက် သားရေအိတ်ကြီးထဲသို့ ထည့်နေသော ဦးတိုးကြွယ်ကို တစ်ချက်လှမ်းကြည့်ပြီးလျှင် အပြင်သို့ခပ်သွက်သွက် ပြန်ထွက်သွားလေ၏။

သို့သော် အပြင်တွင် မိုးရွာနေသဖြင့် ဘဏ်ရှေ့ခပ်လှမ်းလှမ်း ပလက်ဖောင်းဘေး လမ်းစောင်းတွင် ရပ်ထားသော အော်စတင်ကားက လေးဆီသို့ အင်္ဂလိပ်ကပြားမကလေးမှာ ကူးမသွားနိုင်သေးဘဲ ဘဏ်အပေါက်ဝဘေးနား၌ရပ်၍ ခိုနေရပြန်လေ၏။

မရှေးမနှောင်းပင် ဦးတိုးကြွယ်လည်း သားရေအိတ်ကြီးကို ပိုက်တာ ထွက်၍လာလေပြီ၊ ကပြားမ၏ ကားဦးအရှေ့နားတွင် ဦးတိုးကြွယ်၏ ကား ရပ်လျက်ရှိလေရာ . . . မိမိကားဆီသို့ ကူးသွားရန် ဦးတိုးကြွယ်လည်း ပါလာသည့်ထီးကိုဖွင့်လိုက်လျှင် ကပြားမကလေးက လှမ်းကြည့်လျက်

"အို တစ်ဆိတ်လောက်ရှင်"

ဟု အင်္ဂလိပ်လို ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပြားမလည်း ပြုံးလျက် . . .

"တစ်ဆိတ်ကျေးဇူးပြုပါရှင် ဟောဒီနားက ကျမကားဆီကို သွားချင်လို့ မိုးကလဲရွာတဲ့အတွက် ထီးအောက်မှာခိုပြီး ခဏလိုက်ပါရစေ ခွင့်ပြုပါ"

ဟုပြောလိုက်ပြန်မှ ဦးတိုးကြွယ်လည်း ပြုံးရွှင်သောမျက်နှာဖြင့် ဖော်ရွေစွာပင် . . .

"အို အပန်းမကြီးပါဘူး၊ လိုက်နိုင်ပါတယ် ကားအထိရောက်အောင် ပို့ပေးပါတယ်"

ဟု ပြန်ပြောလိုက်လေ၏။

ထိုအချိန်၌ သူတို့နှစ်ယောက်အား မည်သူမျှအရေးမစိုက်ကြပေ။

"ကျေးဇူးတင်ပါတယ်ရှင်"

ဟု ပြောကာ ကပြားမကလေး ဦးတိုးကြွယ်၏ ထီးအောက်သို့ရောက်လျက် နှစ်ယောက် တွဲကာ ကားငယ်ဆီသို့ ရောက်သွားလျှင် ကပြားမကလေး ကားပေါ်သို့ တက်မိသည်နှင့် တစ်ပြိုင်နက် ကားနောက်ပိုင်းတွင် ထိုင်လျက်ရှိသော မိုးကာအင်္ကျီ မျက်မှန်အညိုရောင်နှင့် မိန်းမ တစ်ယောက်က ခြောက်လုံးပြူး သေနတ်နှင့်ချိန်ကာ ဦးတိုးကြွယ်အား ကားအနီးသို့ တိုးကပ်စေပြီးလျှင် လက်မှသားရေအိတ်ကြီးကို လှမ်းဆွဲယူလိုက် လေ၏။ ထိုနောက်ကားပေါ်သို့ တက်ခိုင်းမှ ဦးတိုးကြွယ်လည်း အကြံရကာ ဖွင့်ဆောင်းထားသည့်ထီးကို လစ်ကနဲကားပေါက်သို့ ထိုးသွင်းလျက် အောက်သို့ပြေးကာနဲ ထိုင်ချ လိုက်မိလေ၏။

"ဒိုင်း ဒိုင်း" နှင့်သေနတ်သံလည်း ၂ချက်ဆင့်ထွက်လာလေ၏။

"ဘွဲ့.ဖြူမ တဲ့ဟော့"

ဟူ၍ စူးရှစွာအော်လိုက်သည့် မိန်းမအသံ တစ်ခု၏နောက်တွင်သည်း ဘဏ်တွင်း၊ ဘဏ်ပြင်တစ်ဝိုက်၌ လူများ ဆူညံရှုပ်ယှက်ခတ်ဖြစ်သွားကာ ချက်ခြင်းလက်နက်ကိုင်ရဲသားများက ဘဏ်အပေါက်ဝကို ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆီး ထားလိုက်လေ၏၊ သို့သော် ကပြားမ၏ကားကလေးကား ထိုနေရာတွင် မရှိတော့ပေ၊ ဦးတိုးကြွယ်သာ စုတ်ပြဲကျန်ရစ်သော ထီးကိုကိုင်ကာ မိုးရေထဲတွင် ပလက်ဖောင်းပေါ်၌ ထိုင်လျက်ကျန်ရစ်လေတော့၏။

မြို့လယ်ခေါင်တစ်ဝိုက်လုံး ဝိုင်ယာလက်ကားများလည်း ဆူညံချုပ်ယှက်ခတ်ဖြစ်သွားလေပြီ၊ အနည်းငယ်မျှသာ အချိန်လင့်လျက် အနောက်မှထက်ကြပ်လိုက်သွားသော အမှုထမ်းကားများလည်း ဆယ်မိနစ်အတွင်းတွင်ပင် ထိုကားကိုလက်လျော့ကြရပြန်တော့၏။ အကြောင်းသော်ကား ထိုကားကလေးမှာ ဟိုလမ်းဝင် သည်လမ်းချိုးနှင့် နောက်ဆုံးသိမ်ကြီးဈေးအဝတွင် ထိုးရပ်ကာ ကားပေါ်၌မည်သူ့ကိုမျှမတွေ့ရသောကြောင့်ဖြစ်ပေ၏၊ အနီးရှိဆိုင်များမှ လူအချို့ကိုစုံစမ်းသောအခါတွင်ကား ကားပေါ်မှဆင်းသွားသူများမှာ အင်္ဂလိပ်ကပြားမဟုတ် ကောလိပ်ကျောင်းသူသဏ္ဌာန်စာအုပ်များပိုက်လျက် အလွန်ခေတ်ဆန်သည့် မိန်းမပျို နှစ်ယောက် ဖြစ်သည်ဟု ပြောပြန်၍ များစွာစိတ်ရှုပ် သွားကြပြန်လေ၏။

ရဲသားအချို့က ၎င်းတို့ထွက်သွားရာသို့ အမြန်လိုက်သွားကြ၏။ သို့သော် ထိုမျှလူစည်ကားပြည့်ညပ်ကာ ပွတ်သိပ်နေသည့်အထဲတွင် သူတို့အား တွေ့ရှိရန်များစွာခက်နေကြပြန်လေ၏။ ကျန်သောအရာရှိအချို့က ကားအတွင်း၌ စုံစမ်းကြည့်ရာ ချွတ်ပစ်ခဲ့သည့် ကပြားအဝတ်များနှင့် ဆံပင်ပုံတစ်ခု မိုးကာအင်္ကျီတစ်ခုကို တွေ့ကြရလေ၏။ ထို့နောက်စာရွက်ငယ်တစ်ခုကို တွေ့ရ၍ ဖတ်ကြည့်လိုက်ပြန်၏။

အဆွေတို့ ....

"ဝတ္တရားကျေပွန်သော အမှုထမ်းများဖြစ်၍ အားနာဝါ၏၊ ကျွန်ုပ်တို့တွင် လုပ်ခင်းဆောင်တာအတွက် ငွေအရေးတကြီးလိုနေ၍ ဤသို့ ယူယူရသော်လည်း ဦးတိုးကြွယ်ဆိုသူမှာ သုံး၍မကုန်နိုင်အောင်ပိုလျှံနေသော ငွေများရှိသူဖြစ်၍ အပန်းကြီး မည် မဟုတ်ပါ၊ တဆိတ်ကျေးဇူး ပြု၍ ဤကားကလေးကို ၂၇လမ်းက "ပီမာမက်" ဆိုသူ၏တိုက်သို့ ပို့ပေးလိုက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ငင်း "ဝိဓာတော်" ကို "တောင်းယော်တယ်" ၅
နံပါတ်အခန်းထဲတွင် မော်[illegible]ားဖြင့် သိပ်ထားခဲ့လျက် ဤကားကို
ယော်တယ်ရှေ့မှ ဓောင်းယူခဲ့ခြင်း ဖြစ်ပါကြောင်း"

ဘွဲ့ဖြူမ

ရဲအရာရှိတို့လည်း ထိုစာရွက်ကို ဖတ်မိလျှင် များစွာဒေါပွကြလျက် တက်ခေါက်၍ လက်သီးလက်မောင်းတန်းကာ သိမ်ကြီးဈေးလူထုထဲတွင် အပန်းတကြီး မွှေနှောက်ရှာဖွေကြပြန်လေ၏။ သို့သော် သူတို့၏ကြိုးစားခြင်းကား နောက်ဆုံးအချည်းနှီးပင်။ ပန်ချာပီညွန့်လွင်နှင့် ဘာဘူကုလားလုအေးတို့မှာကား ဘဏ်တိုက်သို့ ရောက်လာကြသော အခါတွင် ထိုသို့ဖြစ်ပျက်ပုံသတင်းကိုသာ ကြားသိကြရတော့ကာ ရင်ဝတွင်ဆို့၍ သွားကြလေ၏။ နှစ်ယောက်သား ခြေပစ်လက်ပစ်ဖြစ်လျက် ဟင်းကနဲ သက်ပြင်းချလိုက်ကြပေတော့၏။

ထို့နောက် ညွန့်လွင်လည်း ဘဏ်အတွင်း၌ အနည်းငယ်စစ်မေးကာ ဂတ်သို့လိုက်သွားပြီးလျှင် ဦးတိုးကြွယ်၏ အစစ်ခံချက်များကို ကြည့်ရှုလျက် အရာရှိများနှင့် တိုင်ပင်နေကြပြန်လေရာ လုအေးတွင် အကြံတစ်ခုရသဖြင့် ညွန့်လွင်၏ဂျစ်ကားကို မိမိကိုယ်တိုင် တက်မောင်းကာ ရွှေဂုံတိုင်သို့ အမြန်ဆုံးမောင်းသွားပြန်လေ၏။

မြမြမေတို့နေသည့် လမ်းသို့ဂျစ်ကားကို ချိုးဝင်မိသည်နှင့် တစ်ပြိုင်နက်လည်း မြမြမေတို့ အိမ်ရှေ့တွင် မြမြမေ၏ ကားကလေး တစ်ဖက်လမ်းဝမှ ဝင်လာလျက် ထိုးရပ်လိုက်သည်ကို တွေ့ရသဖြင့် မိမိကားကိုလည်း အမြန်ဆုံးအနီးသို့ ရောက်အောင်မောင်းကာ ကပ်၍ လိုက်လိုက်လေ၏။ ရှေ့ကားမှဦးစွာ ဆင်းမိသူကား ဆူးလေဘုရားပေါ်သို့ တက်သွားသည်ဟု ဆိုသော တရုတ်မကလေးပင် ဖြစ်နေ၍လည်း လုအေးမှာ မိမိကားပေါ်မှ လှမ်းကြည့်၍မြင်ကာ အံ့အားသင့်သွားသည် ထက် မိမိအား လှည့်ကြည့်လျက် မျက်လုံးပြူးကာ အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ချတ်နှာပျက်သွားသည့်တရုတ်မကလေး၏ မျက်နှာကိုလည်း အကဲခတ်သိုက်မိလေ၏။

သို့သော် တရုတ်မကလေးကား ချက်ခြင်းပင် တစ်ဖက်သို့လှည့်ကာ အိမ်ဝင်းအတွင်းသို့ သွက်သွက်ကြီး ဝင်သွားလျက် အိမ်ပေါ်တက်သွားသဖြင့် လှအေးလည်း ဂျစ်ကားပေါ်မှခုန်ဆင်း၍နောက်မှမီအောင် ပြေးလိုက်သွားလျှင် တရုတ်မကလေးနှင့် ရှေ့ဆင့်နောက်ဆင့်ပင် အိမ်ရှေ့ခန်းသို့ ဝင်မိကာ တရုတ်မကလေးက ဖြတ်ကနဲအောက်သို့ လှည့်ကြည့်လိုက်မြန်လေ၏။

"ဟော့ ကုလား ဘာလဲ ဘယ်ကလဲ"

"မြမြမေ မင်း ကျုပ်ကို ဘယ်လိုမှ လှိမ့်မနေနဲ့တော့ မင်းကိုပဲ ခသက်ာလို့ထက်ကြပ်လိုက်လာတာ သိသားနဲ့၊ ဘယ်ကကုလားလဲ ဘာလဲ မေးနေစရာ မလိုပါဘူး . . ."

"ဩော် မြကိုမှတ်မိသကိုး ဒါပေမယ့် မြကတော့ ရှင့်ကို မမှတ်မိပါဘူး၊ ရှင်တို့ အနောက်က လိုက်လာတုန်းက ဂျစ်ကားကို မှတ်မိလို့သာ ရှင်တို့ပဲလို့ အတပ်တွေးမိတာပါ"

အဲဒါတွေ ထားပါလေ အခုဘယ့်နှယ်သဘောရသလဲ"

"ဘာပါလိမ့်"

"မြ ဒီထက်လက်ပူး လက်ကြပ် မိစရာမလိုဘူး၊ လမ်းကြီးဖြူနေလို့ ကျုပ်သတိပေးထားတဲ့ အတိုင်းဒီဟာနောက်ဆုံးဖြစ်တဲ့အတွက် အခုအားလုံး ဖွင့်ပြောပေတော့ မြ အဖို့မျှော်လင့်ချက်ရှိသေးတယ်၊ ဒါမှမဟုတ်ရင် ဂိုး တူးသည်. . ."

"ဘာလဲ ဂျေး ကိုလား"

"အဲဒါ အမှန်ဘဲ၊ အခုချက်ခြင်း ခေါ်အပ်ရလိမ့်မယ်"

"ဘာပြစ်မှုနဲ့လဲ နေအုံး ဖြည်းဖြည်းစကားပြောတာပေါ့ မြ အဝတ်တွေသွားလဲ လိုက်အုံးမယ်"

"ဟိုးဆရာမ ခင်ဗျားကို အဲဒီ (ဒိစဂိုက်) ရုပ်ပြောင်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အလိုရှိပါတယ်၊ သည်းခံပြီးဒီအတိုင်းဘဲ အဖြေပေးပါဦး"

"အော် ဒီလိုလား ဒါဖြင့် မြမေးတာလဲ ဖြေဦးလေ"

"ဘာပြစ်မှုလဲဆိုတာ မင်းဟာမင်း သိပါတယ်၊ လှိမ့်မနေပါနဲ့"

"ဘာအပြစ်မှ မရှိဘူး"

"ဒါဖြင့် ကောင်းပြီ အခုသိစေရမယ်"

"အို နေပါဦး ဒေါ်သချည်းဘဲ မြကိုချစ်တယ်ဆို"

"မြကို ချစ်ပေမယ့် မြကမှ ကျုပ်ကိုမချစ်လို့ ခုလိုလုပ်နေတာ ပေါ့"

"ဘာလုပ်လို့လဲ"

"ဟာ မြ ကိုယ်စိတ်ရှုပ်လာပြီ ကြာရင်ရူးရလိမ့်မယ်"

" မရူးပါနဲ့ ကိုလှ အခုဘယ်လိုထင်လို့လဲ"

"ဘယ်လိုမှထင်စရာ မလိုဘူး၊ မင်းတရုတ်မလို ရုပ်ဖျက်ပြီး ဒေါ်စောညွန့်အိမ်က ဆင်းသွားတယ်၊ ကျုပ်တို့အနောက်ဘက်က လိုက်မှန်းသိတော့ ဆူးလေဘုရားပေါ်တက်ပြေးတယ်၊ ဒီနောက် ဘဏ်တိုက်ထဲ ဝင်ပြီး အကဲခတ်တယ်၊ ဦးတိုးကြွယ် ငွေထုတ်နေတာ မြင်တော့ပြန်ထွက် သွားပြီး တင်ကြိုစီစဉ်ထားသည့်အတိုင်း ကားလေးနဲ့ပြန်လာတယ်၊ မင်းတ မိုးကာအင်္ကျီဝတ်ပြီး မျက်မှန်တပ်လို့ ကားထဲမှာထိုင်နေတယ်၊ အဖော်တစ် ယောက်က အင်္ဂလိပ်တပြားမကလေး အသွင်နဲ့"

"အို တော်တော် ပါးစပ်သြောင်းမယ်၊ ဒါတွေတစ်ခုမှမဟုတ်ဘူး မြလဲမသိဘူး၊ ဘဏ်တိုတော့ ခဏရောက်ထာ အမှန်ပဲ ဒီနောက် ဆိုင်တို့ ပြန်သွားပြီး မြ မော်တော်ကားကို ယူစီးပြန်လာခဲ့တာပဲ"

"မင်း ပြောချင်တာပြော အခုလို ရုပ်ပြောင်းထားတာဟာ အထင်ရှားဆုံး သက်သေခံပဲ၊ ဒီနေ့၊ ဒီရက်၊ ဒီအချိန်မှာမှ ဒီလိုရုပ်ပြောင်း ပြီး မင်းဘဏ်တိုက်ကို ရောက်သွားတာ ဒိဋ္ဌတွေ့လျက် မြင်လျက်နဲ့မှ ဒီ ကိစ္စတွေ မင်းမလုပ်ပါဘူးဆိုတာကို ယုံတဲ့လူဟာလေ ရူးနေတဲ့ လူ တစ် ယောက် ရင်လဲဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် နွားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံချင်ယုံ မယုံချင်နေ၊ ကိုလှအခုဘဲ သတင်းပေးချင်လဲ သွားပေးပေတော့၊ ဒီရုပ်အတိုင်းမပြောင်းဘဲ စောင့်နေပါ့မယ်"

"ဘာလဲ လစ်ပြေးအုံးမလို့လား"

"ဟား ဟား ဝေးသေးတယ်မောင် လစ်ပြေးမှာကြောက်ရင် တစ်ခါတည်းလိုက်ခဲ့မယ်၊ ရွှေကကြွ ဘယ်ဂတ်ကိုလဲ"

"မင်း ဒုက္ခကြီးရောက်တော့မယ် မြ"

"ကိစ္စမရှိဘူး၊ ဂတ်ရောက်မှ ကိုလှ ပိုပြီးအရှူးဖြစ်မှာကို သနားမိပါသေးတယ်"

မြမြမေကား ခပ်တည်တည်ပြောနေ၏၊ လှအေးလည်း သူမတမျက်နှာကို အကဲခတ်လျက် ခပ်တွေတွေကြည့်နေရာမှ ဟင်း တနဲ သက်ပြင်းချကာ ဦးခေါင်းကို ရမ်း၍ . . .

"ရှားတယ် ရှားတယ် အဟုတ်ကိုရှားတဲ့မိန်းကလေး၊ ဒါကြောင့်လဲ ခုလောက်ထူးချွန်နေတာဘဲ၊ ဒါပေမယ့် ကျုပ်စကားကို မနာယူလို့မင်းကိုမသက်ညှာနိုင်တော့ဘူး၊ ဂတ်ရောက်ရင် ကျုပ်ဘာကြောင့်ပိုပြီးအရှူးဖြစ်ရမှာလဲ"

"ဖြစ်မှာအမှန်ဘဲ၊ မြ ရှင်းရှင်းပြောပြမယ်၊ ဒီနေ့ မြအဖြစ်ဟာရယ်စရာလဲ ကောင်းတယ်၊ "ဆွမ်းခံရင်း ငှက်သင့်" ဆိုတာလို ခုကိစ္စဟာကိုအေးနဲ့သာ အခုလိုမတွေ့ဘဲ ဒီပြင် ပုလိပ် စုံထောက်တွေနဲ့သာတွေ့များသွားရင် နောက်ဆုံးဘာမှမဖြစ်သည့်တိုင်အောင် အကြီးအကျယ် အရှက်တော့ကွဲမှာအမှန်ဘဲ၊ မြ ဒေါ်စောညွန့်အိမ်ပေါ်ကဆင်းလာတာတွေ့တယ်မဟုတ်လား"

"တွေ့တယ် ဘာဖြစ်လဲ"

"အဲဒါ ဒေါ်စောညွန့်ဆီမှာ အခုလို တရုတ်မလေး အသွင်မျိုးဖြစ်အောင် သွားပြီးပြုပြင်ခိုင်းတာဘဲ၊ စီမံပေးခ ၂၀တောင်ပေးရသေးတယ်၊ အိမ်ကကားလဲ မနက်ထဲကဆိုင်ကို ဒေါ်ဖွားစီးသွားလို့ ဒေါ်ညွန့်အိမ်ကို တိုင်စီကားတစ်စီးကို တယ်လီဖုန်းနဲ့ မှာယူစီးသွားမှတဲ့အတွက် ကားခ

www.burmeseclassic.com

www.burmeseclassic.com



၂၀အားသည်း ငွေတန်ထားပေါ်

"လေးဆယ်တန်ဝေမယ့် ဘာဏ်မှာငွေ၂သောင်းရတယ်၊ မဟုတ်လား"

"ဒါတွေဘာမှမသိဘူး၊ ကိုလှ ထင်တာတစ်ခြား"

"နို့ ဘာကြောင့် တရုတ်မလို ရုပ်ဖျက်သွားတာလဲ"

"ရုပ်ဖျက်တာမဟုတ်ဘူး၊ ရုပ်ပြောင်းတာ မြ ဘာသာအမျိုးမျိုးသို့ အသွင်နဲ့ဓာတ်ပုံရိုက်ဖို့ အလွန်ဝါသနာပါတဲ့အတွက် အခုလို အနှုတ်အသွင်နဲ့ ဆူးလေဘုရားက ဓာတ်ပုံဆိုင်မှာ ဓာတ်ပုံသွားရိုက်တာ ရှင့် အရင်ကလဲ ကုလားမလို တစ်မျိုး အင်္ဂလိပ်မလိုတစ်မျိုး၊ ဂျင်းဖောမ တာလေးလိုတစ်မျိုး၊ ရှမ်းမကလေးလိုတစ်မျိုး၊ အသွင်ပြောင်းပြီး ဓာတ်ပုံရိုက်ထားဖူးတယ်၊ ဟောဟိုထရံက မှန်ဘောင်ကြီးထဲမှာ မတွေ့ဘူးလား"

ပြောပြောဆိုဆိုနှင့်မြမြမေ လက်ညွှန်ပြရာသို့ လှအေးလှမ်းကြည့်ကာ ပြောသည့်အတိုင်းပင် မြင်ရ၍ အံ့အားသင့်သွားပြန်လေ၏၊ မြမြမေကား ဟက်ဟက်ပက်ပက် ရယ်တာ . . .

"ဘယ့်နှယ်လဲ ဆရာကြီး ဒီနေ့ ဓာတ်ပုံရိုက်လာတဲ့ဆိုင်က လက်ခံဖြတ်ပိုင်းကိုတော့ ကြည့်အုံးမလား ဟောဒီမယ်"

လှအေးလည်း အသံမထွက် လာတော့ပေ၊ ရှုး ကနဲလေပြင်းမှုတ်တာ ကုလားထိုင် တစ်လုံးတွင် ဖင်ထိုင်ချလိုက်မိလေ၏။

"ဘယ့်နှယ်လဲ သွားကြစို့လေ ၊ ဂတ်ကို ဟဲ ဟဲ လူပါးကြီး သိပ်အတွေးကောင်း အကဲခတ်ကောင်းတာဘဲ"

မြမြမေက တဟဲဟဲရယ်လျက် ထပ်၍ပြောနေသည့်တိုင်အောင် လှအေးတွင် အသံမထွက်လာတော့ပေ၊ တစ်စုံတစ်ခုကို အတွေးနက်နေပြန်၏။

"ကဲလေ ဒါဖြင့် နေအုံး မြ၊ အဝတ်လဲလိုက်အုံးမယ် ကော်ဖီသောက်ရအောင် "

ဟု မြမြမေက ထပ်၍ပြောလိုက်မှ လှအေးထိုင်ရာမှထကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အို နေပစေ . . . မသောက်တော့ဘူး၊ ဟိုမှာ ညွန့်လွင်တစ်ယောက်တည်း စောင့်နေတယ် သိပ်ကြာသွားပြီ၊ ပြန်လိုက်အုံးမယ်"

ဟု ပြောကာ အပေါက်ဝသို့ ရောက်သွားပြီးမှ တဖန်ပြန်လှည့်ကြည့်၍ . . .

"မြ . . . ဘာပြောပြော . . . ဒီဟာ နှစ်ခါ နောက်ဆိုရင် . . . သုံးခါပေါ့"

ဟုပြောပြီးလျှင် အပြင်သို့ သွက်သွက်ကြီး ထွက်သွားလေ၏။

မြမြမေလည်း သူ့အား မော်တော်ကား ထွက်သွားသည်အထိ မျှော်ကြည့်ပြီးမှ သက်ပြင်းချကာ အတွင်းခန်းသို့ ဝင်သွားလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်စက်ကွင်း

စုံထောက်ကြီး ဦးထွန်းပေါ်ကား သတင်းစာတစ်စောင်ကို ဖတ်တာ ဆေးတံကိုခဲလျက် တစ်စုံတစ်ခုကို စူးစူးစိုက်စိုက် တွေးလျက်နေ၏။ သတင်းစာတွင်ပါရှိသော သတင်းထူးမှာလည်း ဘွဲ့ဖြူမ ဘဏ်တွင်လုသွားသည့် သတင်းပင် ဖြစ်၍ ဦးထွန်းပေါ်မှာ ထိုမှုအတွေးနက်နေခြင်း ဖြစ်ပေ၏၊ ထိုနောက် သူ၏ဦးနှောက်ထဲတွင် ဝင်စားထင်မြင်၍လာသော အရာကား (ဒီကနေ့ဘဲ ပြောင်းလိုက်ပြီ အကြောင်းထူးလျှင် ထွက်ခဲ့၊ ခုနှစ်မိုင် . . . ယာဒီ)ဟူသော တစ်ပိုင်းတစ်စ စာပိုဒ်ကလေးပင် ဖြစ်၏၊ ထိုစာပိုဒ်ကလေးမှာလည်း မယ်ကျော့၏သေတ္တာထဲမှတွေ့၍ ညွှန့်လွင်ဖတ်ရှုခဲ့ရသည့် စာရွက်မှဖြစ်လေရာ ဦးထွန်းပေါ်လည်း ထိုစာအဓိပ္ပါယ်ကို အဖန်ဖန်တွေးပြီးနောက် ထိုင်ရာမှထသွားကာ ညွှန့်လွင်ကူးယူပေးထား





သည့် ထူးခြားသော ရှုးဖိနပ်ခြေရာ၊ လက်ရာကြီးနှင့်မော်တော်ကား ဘီးရာတို့ကို သေချာစွာကြည့်ရှုနေပြန်လေ၏။

နာရီဝက်ခန့်ကြာလျှင် ဦးထွန်းပေါ်၏မျက်နှာ၌ ထူးထူးခြားခြားကြီး ပြောင်းလဲလာကာ အကြံတစ်ခု ရရှိသည့်အလျောက် မိမိကိုယ်တိုင် တစ်စုံတစ်ရာအမှုစုံစမ်းဖို့အရေးကြီးလျှင်ရုပ်ပြောင်းရုပ်လွဲလုပ်သည့်အခန်းထဲသို့ဝင်သွားလေ၏၊ ဆယ့်ငါးမိနစ်ခန့်ကြာပြီးနောက်ထိုအခန်းငယ် တံခါးဖွင့်လျက် ပြန်ထွက်လာသူကားဦးထွန်းပေါ်မဟုတ်တော့ပေ၊အပေါ်ရင်ဖုံး အင်္ကျီ၊ ရှမ်းဘောင်းဘီအနက်ပွပွကြီးနှင့်နှုတ်ခမ်းမွေးကားကား သွားခေါခေါ ဆံပင်နှင့် လွယ်အိတ်ကြီးတစ်ခု လွယ်ထားသောရှမ်းဆရာကြီးတစ်ယောက် ဖြစ်နေလေတော့၏၊ ရှမ်းဆရာကြီးကား အိမ်ပေါ်မှ ဆင်းသွားပြီးနောက် အသင့်ရှိနေသည့် မော်တော်ကားငယ်ပေါ်သို့ တက်၍ကိုယ်တိုင်ပင် မောင်းထွက်သွားပြန်လေ၏။

မကြာမီပင် ထိုမော်တော်ကားကလေးမှာ ကုက္ကိုင်းလမ်းအတိုင်း မြောက်ဘက်သို့သွက်သွက်ကြီးမောင်းသွားပြီးနောက်ရှစ်မိုင်အနီးသို့ရောက်လျှင် ဓာတ်ဆီဆိုင်နှင့်မျက်နှာချင်းဆိုင်လမ်းမကြီး၏တစ်ဖက်၌ရှိသော ဈေးဆိုင် ငယ်တစ်ခု၏ဘေးတွင် ကားကိုရပ်ထားခဲ့ကာ ရှမ်းဆရာကြီးဆင်းလျက်လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားပြန်လေ၏၊ ထို့နောက် ဓာတ်ဆီဆိုင်ဘေးလမ်းငယ်ထိပ်ရှိ စာတိုင်ကလေးကို မော့ကြည့်လိုက်ရာ "ယာဒီလမ်း" ဟူ၍ရေးထားသည်ကို တွေ့ရသဖြင့် အထူးကျေနပ်သောမျက်နှာဖြင့် ထိုလမ်းထဲသို့ ခပ်သွက်သွက် လျှောက်သွားပြန်လေ၏။

ရှေ့တွင်ကား နှစ်ဖာလုံသာသာခန့် သွားမိလျှင် လက်ဝဲဖက်ချိုးလိုက်သောအခါ လူနေအိမ်ခြေအတော်စည်ကားလျက် တဲငယ်၊အိမ်ငယ်များမှ ဝင်းကြီး ခြံကြီး၊ အိမ်ကြီး တိုက်ကြီးများပါ သာသာယာယာရှိနေသော စော်ဘွားကြီးကုန်းရပ်ကွက်ဖြစ်၍ ထိုရပ်ကွက်တွင် အများအားဖြင့် ရှမ်းလူမျိုးများ နေထိုင်လျက်ရှိကြလေရာ ရှမ်းဆရာကြီးလည်း ထိုရပ်ကွက်လမ်းအတွင်းသို့ ဝင်မိလျှင်ပင် မိမိအရှေ့မှမော်တော်ကားတစ်စီး ခပ်ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



သည့် ထူးခြားသော ရှုးဖိနပ်ခြေရာ၊ လက်ရာကြီးနှင့်မော်တော်ကား ဘီးရာတို့ကို သေချာစွာကြည့်ရှုနေပြန်လေ၏။

နာရီဝက်ခန့်ကြာလျှင် ဦးထွန်းပေါ်၏မျက်နှာ၌ ထူးထူးခြားခြားကြီးပြောင်းလဲလာကာ အကြံတစ်ခု ရရှိသည့်အလျောက် မိမိကိုယ်တိုင် တစ်စုံတစ်ရာအမှုစုံစမ်းဖို့အရေးကြီးလျှင်ရုပ်ပြောင်းရုပ်လွှဲလုပ်သည့်အခန်းထဲသို့ဝင်သွားလေ၏၊ ဆယ့်ငါးမိနစ်ခန့်ကြာပြီးနောက်ထိုအခန်းငယ် တံခါးဖွင့်လျက်ပြန်၍ထွက်လာသူကားဦးထွန်းပေါ်မဟုတ်တော့ပေ၊အပေါ်ရင်ဖုံး အင်္ကျီ၊ ရှမ်းဘောင်းဘီအနက်ပွပွကြီးနှင့်နှုတ်ခမ်းမွေးကားကား သွားခေါခေါ ဆံပင်နှင့်လွယ်အိတ်ကြီးတစ်ခု လွယ်ထားသောရှမ်းဆရာကြီးတစ်ယောက် ဖြစ်နေလေတော့၏၊ ရှမ်းဆရာကြီးကား အိမ်ပေါ်မှ ဆင်းသွားပြီးနောက် အသင့်ရှိနေသည့် မော်တော်ကားငယ်ပေါ်သို့ တက်၍ကိုယ်တိုင်ပင် မောင်းထွက်သွားပြန်လေ၏။

မကြာမီပင် ထိုမော်တော်ကားကလေးမှာ ကုက္ကိုင်းလမ်းအတိုင်းမြောက်ဘက်သို့သွက်သွက်ကြီးမောင်းသွားပြီးနောက်ရှစ်မိုင်အနီးသို့ရောက်လျှင် ဓာတ်ဆီဆိုင်နှင့်မျက်နှာချင်းဆိုင်လမ်းမကြီး၏တစ်ဖက်၌ရှိသောဈေးဆိုင် ငယ်တစ်ခု၏ဘေးတွင် ကားကိုရပ်ထားခဲ့ကာ ရှမ်းဆရာကြီးဆင်းလျက်လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားပြန်လေ၏၊ ထို့နောက် ဓာတ်ဆီဆိုင်ဘေးလမ်းငယ်ထိပ်ရှိ စာတိုင်ကလေးကို မော့ကြည့်လိုက်ရာ "ယာဒီလမ်း" ဟူ၍ရေးထားသည်ကို တွေ့ရသဖြင့် အထူးကျေနပ်သောမျက်နှာဖြင့် ထိုလမ်းထဲသို့ ခပ်သွက်သွက် လျှောက်သွားပြန်လေ၏။

ရှေ့တွင်ကား နှစ်ဖာလုံသာသာခန့် သွားမိလျှင် လက်ဝဲဖက်ချိုးလိုက်သောအခါ လူနေအိမ်ခြေအတော်စည်ကားလျက် တဲငယ်၊အိမ်ငယ်များမှ ဝင်းကြီး ခြံကြီး၊ အိမ်ကြီး တိုက်ကြီးများပါ သာသာယာယာရှိနေသောစော်ဘွားကြီးကုန်းရပ်ကွက်ဖြစ်၍ ထိုရပ်ကွက်တွင် အများအားဖြင့်ရှမ်းလူမျိုးများ နေထိုင်လျက်ရှိကြလေရာ ရှမ်းဆရာကြီးလည်း ထိုရပ်ကွက်လမ်းအတွင်းသို့ ဝင်မိလျှင်ပင် မိမိအရှေ့မှမော်တော်ကားတစ်စီး ခပ်ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းမောင်း ထွက်လာသည်ကိုတွေ့ရ၍အသာလမ်းဘေးသို့ဖယ်ကာ ရပ်နေလိုက်ရလေ၏။

မော်တော်ကား လွန်သွားသောအခါကား ထိုကားထဲတွင် မည်သူမျှပါမသွားဘဲ၊ ဒရိုင်ဘာတစ်ယောက်တည်း မောင်းသွားသည်ကို ရှမ်းဆရာကြီး လှမ်းကြည့်လိုက်မိလေ၏၊ ထိုနောက် ရှမ်းဆရာလည်း ရှေ့သို့ဆက်သွား တော့မည်ဟု လှည့်လိုက်လျှင် မိမိမျက်စိရှေ့တွင် မြေပျော့သောနေရာ၌ ထိုမော်တော်ကားမှ ဘီးရာကြီးထင်၍ ကျန်ရစ်ရာ၌ ထူးခြားသောအရာ တစ်ခုကို မြင်မိပြန်၍ အံ့အားသင့်သွားပြီးလျှင် အမှတ်မဲ့ မိမိအကျီအိတ် အတွင်းလက်တိုင်ပုဝါကို ဆွဲထုတ်ရင်း မူးစေ့၊ မတ်စေ့ငွေအကြွေများကို မြေပေါ်သို့ဆွဲချလေ၏။

ထို့နောက် ရှမ်းဆရာလည်း ချက်ခြင်းပင် မြေပေါ်၌ထိုင်ကာ ၎င်းမူးစေ့ မတ်စေ့များကို ပြန်ကောက်ရင်း အရာထင်လျက်ရှိနေသည့် မော်တော်ကားဘီးရာကြီးကို အမှတ်မဲ့စူးစိုက်ကြည့်လိုက်ပြန်လေ၏၊ ထိုမော်တော်ကားဘီးရာတွင် တွေ့မြင်ရသော ထူးခြားသည့်အမှတ်အသားတစ်ခုမှာလည်း အခြားမဟုတ်ပေ၊ ကိုဖိုးချို အသတ်ခံရစဉ်ညက ညွန့်လွင်စုံစမ်းတွေ့မြင်ခဲ့ရသည့် မော်တော်ကားဘီးရာမှ အမှတ်အသားပင် အမှန်ပင်ဖြစ်နေ၍လည်း ရှမ်းဆရာမှာ များစွာကျေနပ်အားရသွားကာ ထိုနေရာမှထ၍ ထွက်သွားပြန်လေ၏၊ ထိုအခိုက်တွင် မိုးကလေးလည်း တဖွဲဖွဲကျလာရာမှ အနည်းငယ် သဲစပြုလာလေပြီ။

အချိန်ကား မှောင်လုနီးနီးဖြစ်၏၊ ရှေ့သို့အတောင် ၂၀ခန့်သွားမိလျှင် ရှမ်းဆရာကြီးလည်း လမ်း၏လက်ဝဲဘက်၌ဝါးထရံကာ၊ ဓနိအမိုးဆောက်လုပ်ထားသည့် အိမ်ငယ်တစ်လုံးကိုတွေ့ရသဖြင့် ထိုအိမ်ဝင်းထဲသို့ သွက်သွက် ဝင်သွားတာ အိမ်လှေကား လှမ်းတက်ရင်း အိမ်ပေါ်သို့ လှမ်းကြည့်လိုက်လေ၏။ မိမိအား အံ့အားသင့်စွာ အိမ်ပေါ်မှဆီး၍ကြည့်နေသည့် လူကြီးတစ်ယောက်ကို တွေ့ရသဖြင့်လည်း ထိုလူအားခေါ်ကဲ့ခတ်ပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ခေတ္တလောက် . . . မိုးခိုပါရစေ"

ဟု ရှမ်းစကားဖြင့် လှမ်း၍ပြောလိုက်ပြန်လေ၏။

အိမ်ပေါ်မှ လူကြီးလည်း အထူးပင် အံ့အားသင့်သွားပြီးမှ

"အို ကြွပါ ကြွပါ မိုးခိုနိုင်ပါတယ်"

ဟုပြောဆိုကာ ခေါ်ငင်သဖြင့် ရှမ်းဆရာကြီးလည်း အိမ်ပေါ်သို့ ရောက်သွားလေ၏။

"မိုးတွင်းများ ခရီးသွားရတာ အတော်ခက်တာဘဲ၊ ကျုပ်ကလဲ မမှတ်တတ်လွန်းလို့ ထီးမဆောင်လာဘူး"

ဟုပြောရင်း ရှမ်းဆရာကြီးလည်း မိမိလွယ်အိတ်ကြီးကို ကြမ်းပေါ် သို့ ဖြုတ်ချလိုက်လေ၏၊ အိမ်ရှင်လည်းပြုံးကာ . . .

"ဟုတ်ပါတယ် . . ဟုတ်ပါတယ်၊ မိုးတွင်းမှာ ထီးမပါရင် သိပ် အခြေပျက်တာပေါ့၊ အခုဘယ်ကလာလို့ ဘယ်ကြွမှာလဲ. . ."

"ကျုပ် . . ကျောက်မဲက လာခဲ့တယ်၊ နိုင်ငံတော် သမ္မတကြီး ကိုလည်း ဖူးမြော်ရင်း . . . အင်ဂျက်ရှင်းထိုးဆေးများလည်း ဝယ်ရအောင် ဘဲ၊ ကျောက်မဲမှာ ကျုပ်က ဆေးတိုက်လဲဖွင့်ထားတာပေါ့"

"အခု ဒီဘက်ကို ဘာကိစ္စ"

"အထူးကိစ္စ မရှိပါဘူး ရှမ်းပြည်ကမိတ်ဆွေအမတ်တစ်ယောက် ဒီအရပ်မှာ ရှိတယ်ကြားလို့ တွေ့ရအောင်ဘဲ. ."

"ရှမ်းပြည်က အမတ်ဆိုရင် စပ်ခွန်ဆိုင်းလား"

"ဟုတ်တယ် ဟုတ်တယ် သူ့အိမ် သိသလား"

"မသိဘူး နာမည်သာ ကြားဘူးတာဘဲ၊ ဒီအရပ်မှာ နေတယ်လို့ လဲ တစ်ခါမှမကြားဘူး. ."

ရှမ်းဆရာကြီး ဦးထွန်းပေါ်ကား ဘာသာစကားခြောက်မျိုးခန့် တတ်သူဖြစ်၍ တရုတ်စကား၊ ရှမ်းစကားနှင့်ကရင်စကားများကို တကယ့် ဘာသာ သံနေ၊ သံထားနှင့်ပြောဆိုနိုင်သည့်အလျှောက် ဤရှမ်းကြီးအိမ် ၌ ထိုသို့ဖြီးနေခြင်းဖြစ်လေသည်၊ စင်စစ် ရှမ်းအမတ်ကို သူလည်းမြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သူ မပဟုတ်ပေ။

"ကျုပ် သတင်းကြားရတော့ သူနေတဲ့အိမ်မှာ မျောက်ဝံကြီးတစ်ကောင် ရှိတယ်လို့ ကြားတာပဲ"

"ဟာ အဲဒါဆိုရင် ဆရာမအိမ်ပဲ၊ အခုတွင်ပဲ ဆရာမ မော်တော်ကားနဲ့ပြန်ရောက်လာပြီး၊ သူ့မော်တော်ကား ပြန်ထွက်သွားတာ လမ်းမှာမတွေ့လိုက်ရဘူးလား။ဒီအိမ်မှာ ရှမ်းအမတ်ရှိတယ်ဆိုတာလဲ မဟုတ်နိုင်ပါဘူး။ ဆရာမအိမ်မှာ ဘယ်သူမှမနေဘူး၊ အဲဒီမျောက်ကြီးတစ်ကောင်တည်းရှိတယ်၊ တစ်ခါတစ်လေမှ ဆရာမ လာတယ်၊ သူ့တပည့်မကလေး တွေလာကြတယ်"

ရှမ်း ဆရာကြီး ဦးထွန်းပေါ်လည်း မျက်နှာတွင် ထိန်ထိန်ဝင်း၍ လာလေပြီ၊ သို့သော် မျက်နှာမှုမပျက်စေပဲ ပြုံး၍ . . .

"ဟုတ်လား ဒီဆရာမကမျောက်ဝံကြီးကို ဘာကိစ္စဒီမှာလာထားရတာလဲ"

"ဆရာဝန်မ လို့ ကြားသိရတာပဲ၊ ကျုပ်တို့ တစ်စေ့တစ်စောင်းကြားရတာ တတော့ ဒီခြံထဲက အိမ်မှာဆေးအမျိုးမျိုး ဖော်စပ်စမ်းသပ်သတဲ့၊ မျောက်ဝံကြီးကိုတစ်ခါတစ်လေ သွေးဖောက်ယူဖို့ ထားသတဲ့ "

"ဩော် ဒီလိုလား၊ ဒါဖြင့် ကျုပ်အမတ်ဒီမှာ မနေတာအမှန်ပေါ့"

ထိုအခိုက် မနီးမဝေး ခြံတစ်ခြံဆီမှ ထူးထူးခြားခြား ကြောက်မက်ဖွယ် အော်ဟစ်လိုက်သည့်အသံကြီး တစ်ခုကိုကြားလိုက်ရသဖြင့် ဦးထွန်းပေါ်လည်း အံ့အားသင့်စွာနားစွင့်လိုက်လျှင် အိမ်ရှင်ကပြုံး၍ . . .

"ဟော . . ကြားလား အဲဒါမျောက်ဝံကြီး အော်တဲ့အသံဗျ၊ သွေးများဖောက်နေသလား မသိဘူး၊ ဒီမျောက်ဝံကြီးက တစ်ခါတလေ အစာဆာတဲ့အခါမှာလဲ ဒီလိုဘဲအော်တတ်တယ်. . ."

မိုးကလေးလည်း တဖွဲဖွဲဖြစ်လာရာမှ တဖြည်းဖြည်းစဲသွားလေပြီ၊ ဦးထွန်းပေါ်လည်း အပြင်သို့ လှမ်းကြည့်လျှက်. . .

"အင်း မိုးလဲစဲသွားပြီ၊ ကျုပ်သွားလိုက်ပါအုံးမယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆို နှုတ်ဆက်လျှက် ထိုအိမ်ပေါ်မှ သွက်သွက်ဆင်းလာကာ လမ်းအတိုင်းပြန်၍ ထွက်သွားလေ၏၊ လမ်းမကြီးအဝသို့ ရောက်လျှင် ခေတ်ဆီဆိုင်သို့ သုတ်သုတ်ဝင်သွားကာ တယ်လီဖုန်းဆက်လျှက် ညွှန့်လွင်အား ပုလိပ်များဖြင့် အမြန်လာရောက်ရန် ခေါ်လိုက်လေ၏။

တစ်ရပ်ကွက်လုံးလည်း မှောင်စပြုလာ၏၊ ဦးထွန်းပေါ်ကား သွက်သွက်ပင် "ယာဒီ"လမ်းထဲသို့ ပြန်ဝင်သွားကာ လမ်းအချိုးထောင့်နားမှ အသင့်စောင့်နေလေပြီးနောရိဝက်မရှိမီ ညွှန့်လွင်၊ လှအေးနှင့်ရဲအရာရှိနှစ်ယောက် ပါသောဂျစ်ကားတစ်စီးနှင့် အခြားလက်နက်ကိုင် ရဲသားများပါသော ဂျစ်ကားတစ်စီးရှေ့နောက်ဆင့်ကာ လမ်းထဲသို့ဝင်၍လာသဖြင့် ဦးထွန်းပေါ်ကဆီး၍အချက်ပေး ကြိုဆိုကာ ရှေ့ကားသို့ တက်လိုက်၍လမ်းပြပါသွားပြန်လေ၏။

ထိုကားနှစ်စီး ထူးခြားချက်ကြောင့် လမ်းထဲရှိအိမ်အချို့မှ လူများလည်း တအုံတသြ ထွက်၍ကြည့်ကြလေ၏၊ မကြာမီပင်ကားနှစ်စီးလည်း ခြံတစ်ခု၏ဒေါင့်တွင်ရပ်မိတာ လက်နက်ကိုင် ရဲသားများက ခြံဝရှေ့နှင့် ခြံဘေးတွင် ဝိုင်းထားလျက် ရှေ့ကားမှဦးထွန်းပေါ်တို့ လူသိုက်ခြံအတွင်းသို့ ဝင်သွားကြလေ၏။

အုတ်ကြွပ်မိုးနှင့်နှစ်ထပ်ပျဉ်ထောင် ပျဉ်ခင်းအိမ်တစ်လုံးရှေ့သို့ ရောက်လျှင် လှအေးနှင့်အရာရှိတစ်ယောက်က အိမ်အောက်မှစောင့်ကာ ဦးထွန်းပေါ်ကရှေ့မှ ညွှန့်လွင်က အလယ်မှ အရာရှိတစ်ယောက်က နောက်မှ သုံးယောက်တန်း၍ ခြေသံမကြားအောင် အိမ်ပေါ်ထပ်သို့ ဘေးလှေကားမှ တက်သွားကြလေ၏၊ အိမ်အောက်ထပ်မှာမြေခံဖြစ်၍အလုံပိတ်ထားသည်ကိုလည်း တွေ့ကြရလေ၏။

အခန်းတံခါးပေါက်သို့ ရောက်လေပြီ၊ အခန်းတွင်း၌မှောင်နေပြီဖြစ်၍ခေတ်မီးတစ်အိမ် ထွန်းထားကာ လင်းလျှက်ရှိနေသည်ကိုလည်း တံခါး ကြားမှမြင်ရသဖြင့် ဦးထွန်းပေါ်တို့မှာ တံခါးကို မင်းတုံးမထိုးဘဲ စေ့ထား သည်ကို သိကြရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အတွင်းမှမည်သည့် အသံကိုမျှ မကြားကြရ
ညွန့်လွင်လည်း တံခါးအနီးသို့ ကပ်ကာ အတွင်းသို့ ချောင်းကြည့်လိုက်
လေ၏။

အခန်းကြီးကား ကြီးကျယ်သလောက် အိမ်ထောင်ပစ္စည်းများ
မရှိပဲ၊ စားပွဲကြီးတစ်လုံးသာလျှင် အတွင်းဘက်ခန်းဆီးအနီးတွင် ကပ်လျှက်
ရှိနေပြီးလျှင် မိန်းမသုံးယောက်ထိုင်ကာ တစ်စုံတစ်ခုကို စာရွက်များနှင့်
ရေးမှတ်နေကြသည်ကို တွေ့ရပြန်လေ၏၊ ညွန့်လွင်အံ့အားသင့်သွားပြန်
လေသည်၊ မိန်းမသုံးယောက်စလုံး မိုးကာအင်္ကျီနှင့်ဦးခေါင်းတွင်ရေခံ(ဈော
ဘာ) ဦးထုပ်များ စွပ်ထားကာ မျက်လုံးတွင်မျက်မှန် အညိုရောင်အဝိုင်း
ကြီးများ တပ်လျှက်ရှိနေရာ ထိုအချိန်တွင် မျက်မှန်များကို နဖူးအထက်သို့
ပင့်တင်ထားကြသဖြင့် ၎င်းမိန်းမသုံးယောက်အနက် တစ်ယောက်မှာမယ်
ကျော့ဆိုသော မိန်းမပျိုဖြစ်၍ တစ်ယောက်မှာမည်သူမှန်းမသိ၊ ကျန်တစ်
ယောက်မှာမျက်မှန်တပ်လျက် ရှိနေလေ၏၊ ထိုသို့ မျက်မှန်တပ်ထားသူ
ကိုပင် ဘွဲ့ဖြူမ ဟူ၍လည်း ညွန့်လွင်အကဲခတ်မိပြန်လေ၏။

ညွန့်လွင်လည်း ဦးထွန်းပေါ်အား လက်ကုတ်ကာနောက်သို့
ဆုတ်လိုက်၍ ဦးထွန်းပေါ်ရှေ့သို့ တိုးလိုက်သည့်အခိုက်တွင် အခန်းတွင်းမှ
"ဒုန်းဒုန်း . . . ဒိုင်းဒိုင်း" အသံများကို ကြားရပြန်သဖြင့် ဦးထွန်းပေါ်လည်း
လက်မှသေနတ်ကို မြဲမြဲတိုင်ကာ တံခါးကို တွန်းဖွင့်လျက် အခန်းတွင်းသို့
ရှေ့မှရောက်သွားလေ၏၊ သို့သော်အခန်းထဲတွင် မည်သူမျှမရှိကြတော့
ပေ၊ အခန်းကာဆီးထားသည့် အတွင်းခန်းတံခါးပွင့်လျက် ရှိနေသည်ကို
သာတွေ့ရသဖြင့် ဦးထွန်းပေါ်ရှေ့သို့တိုးဝင်သွားပြန်လေ၏၊ ထိုအခိုက်
ဦးထွန်းပေါ်တွင် တစ်ကိုယ်လုံး ငလျင်လှုပ်သကဲ့သို့ ဖြစ်သွားကာ
အသည်းထဲတွင် အေးကနဲဖြစ်သွားလျက် ဦးခေါင်းထဲတွင်လည်း
မိုက်ကနဲ ဖြစ်၍သွားလေ၏။ သူ့လက်မှ သေနတ်လည်း ပြုတ်ကျ
သွားတော့၏။

အိမ်ခန်းကြီးအတွင်း ခင်းထားသည့် ကြမ်းပြင်ပေါ် တွင်



www.burmeseclassic.com

www.burmeseclassic.com



အခံဖုံးတံခါးပွင့်ကာ ဦးထွန်းပေါ်အောက်ထပ်အခန်းထဲသို့ ကျဆင်းသွားသည်ကို တွေ့လိုက်ရသဖြင့်လည်း အနောက်မှထပ်ကြပ်ဝင်လိုက်သွားသည့် ညွန့်လွင်မှာ သတိထားလျက် ကိုယ်အရှိန်သတ်လိုက်မိ၍သာ သိသိကလေး လွတ်သွားလေတော့သည်။ ထိုအခိုက် ထွန်းထားသည့် ဓာတ်မီးအိမ်လည်း ငြိမ်းသွားကာ တစ်ခန်းလုံးမှောင်၍သွားလေပြီ၊ ညွန့်လွင်နှင့်ရဲအရာရှိလည်း လက်နှိပ်မီးများတို့ အသင့်ဆောင်လာသည်ဖြစ်၍ ဖွင့်ထွန်းကာ သတိကြီးစွာဖြင့် အတွင်းသို့ ဝင်လိုက်သွားကြပြန်လေ၏။

ထိုအခိုက်တွင်ပင် အိမ်နောက်ဖေးလှေကားမှ မိန်းမပျိုနှစ်ယောက် ပြေးဆင်းလာကာ အိမ်အောက်ထပ်အခန်းတွင်းသို့ နောက်ဖေးပေါက်မှ ဖွင့်ဝင်သွားသည်ကို မည်သူမျှ မမြင်မိကြတော့ပေ၊ သို့သော် အိမ်ရှေ့အောက်တွင် စောင့်နေသည့်လူအေးက မသင်္ကာသဖြင့် ရဲအရာရှိအား ထိုနေရာတွင်ပင် အစောင့်ထားခဲ့ကာ နောက်ဖေးဝင်းထဲသို့ ပြေးကြည့်မိပြန်လေ၏။

ဦးထွန်းပေါ်ကား အိမ်အောက်ခန်းကြီးထဲသို့ ကျရောက်သွားရာတွင် အောက်၌တစ်စုံတစ်ခုသော ကြမ်းတမ်းသည့် အရာတစ်ခုပေါ်သို့ ကျသွားကာ ထူးခြားစွာအော်လိုက်သည့်အသံကြီး တစ်ခုကို ကြားလိုက်ရပြန်လေ၏၊ သို့သော် အခန်းထဲတွင် မှောင်နေသဖြင့် [illegible] အပေါ်သို့ ကျလာသည်ကို မသိရဘဲ ထိုအသံကြီးတို့ ကြားလိုက်မှ [illegible] ကို သတိရကာ များစွာထိတ်လန့်၍ သွားလေ၏၊ တိုးဝိုးခိုး [illegible] ညွန့်လွင်ရရှိခဲ့သည့် ရှုးဖိနပ်ခြေရာနှင့်လက်ရာကြီးများတို့ [illegible] ကာ ဦးထွန်းပေါ်သည် အမှန်ပင်မျောက်ဝံကြီးတစ် [illegible] သတ်ခိုင်းခြင်းဖြစ်မည်ဟု အတပ်တွေးမိလျှက် ဤသို့ [illegible] ဖြစ်သည့်အလျှောက်လည်း ယခုကဲ့သို့ မိမိကိုယ်တိုင်ပင် [illegible] သည့် မျောက်ဝံကြီးနှင့်ရင်ဆိုင်တိုးနေရသောအခါ၌ [illegible] မိသည်မှာ မထူးခြားလှပေ။

သို့သော် ဦးထွန်းပေါ် အထူးသတိထားကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မျှသာ မြင်နေရသည့် သတ္တဝါကြီးကို ကြည့်လျက် နောက်သို့တဖြည်းဖြည်း ဆုတ်သွားလေ၏။ မျောက်ဝံကြီးကား လက်ကြီးနှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလျက် ပါးစပ်ကြီးကိုဖြဲကာ ဦးထွန်းပေါ်အားခုန်အုပ်လိုက်လေ၏၊ ဦးထွန်းပေါ်လည်း မရှောင်နိုင်တော့ပေ၊ မျောက်ဝံကြီးနှင့်လုံးထွေးနေရာမှ အားချင်းမမျှဘဲ အောက်သို့လဲကျသွားလေ၏။

အပေါ်ထပ်၌ ညွန့်လွင်နှင့်ရဲအရာရှိတို့လည်း အတွင်းခန်းသို့ ရောက်သွားကြလေပြီ၊ စေ့ထားသည့်တံခါးကို တွန်းဖွင့်လျက်ဝင်သွားသည်နှင့်တစ်ပြိုင်နက်လည်း ၎င်းတို့အနောက်ဖက် တံခါးကြီးဆီမှ အသံတစ်ခုကို ကြားရသဖြင့် နှစ်ယောက်သား လှည့်ကြည့်လိုက်ကြလေ၏၊ အခန်းတံခါးကို ကျောနှင့်ကပ်ကာ မိမိတို့အား ခြောက်လုံးပြူးသေနတ်နှင့် ချိန်ထားသူကား ဘွဲ့ဖြူမပင်ဖြစ်တော့၏၊ နှစ်ယောက်သားလည်း မလှုပ်ရဲ ကြတော့ပေ။

ဟား ဟား မောင်မင်းတို့ စုံထောက်တွေ ဘာတတ်နိုင်သေးသလဲ ဘွဲ့ဖြူမ တစ်ဖြူထဲရှိတယ်၊ ဒါပေမယ့် မောင်မင်းတို့ စုံထောက်တွေ ပုလိပ်တွေကို ကျုပ်ရန်မရှာလိုဘူး၊ ဘွဲ့ဖြူမဟာ ရာဇဝတ်ကောင်မ၊ လူဆိုး လူမိုက် ထွန်းကားကြီးစိုးတဲ့ခေတ်ကြီးမှာ ဘွဲ့ဖြူမဟာ အခု"မိုက်စက်ကွင်း" ထောင်နေတာ အားလုံးအသိပဲ၊ ဘွဲ့ဖြူမရဲ့ "မိုက်စက်ကွင်း"ထဲကို ရောက် ရင် ဘယ်သူမှမသက်သာဘူးဆိုတာလည်း သိကြတဲ့အတိုင်းပဲ၊ ဒါပေမယ့် ဘွဲ့ဖြူမဟာ ပုလိပ်၊စုံထောက်တွေကိုတော့ ရန်သူ မအောက်မေ့လို့ သက် ညှာပါတယ်၊ မောင်မင်းတို့ နောက်ကို ဒုက္ခမပေးကြနဲ့၊ ဒီညကျုပ်အရေးကြီး ဆုံး ကိစ္စတစ်ခု ဆောင်ရွက်ပြီးရင် ကျုပ်ရဲ့"မိုက်စက်ကွင်း"ကြီးကို ဖျက်ပစ် ပြီး ကျုပ်အစဖျောက်တော့မယ် ကိုင်းဟိုဖက်လှည့်ကြ လက်ကသေနတ် တွေကို ခဏချထားခဲ့"

ညွန့်လွင်တို့လည်း မတတ်သာတော့၍ အမိန့်အတိုင်း လိုက်နာ ကြရလေပြီ၊ နှစ်ယောက်သား လက်မြှောက်ကာ ဘွဲ့ဖြူမညွှန်ပြသည့် လက် နှိပ်မီးရောင်တွင် အခန်းငယ်တစ်ခု အတွင်းသို့ ဝင်သွားကြရပြန်လေ၏၊



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ဖြူမလည်း ၎င်းတို့အားအပြင်မှတံခါးပိတ်၍ သော့ကွင်းချိတ်ထားခဲ့ကာ နောက်ဖေးဖက်သို့ ထွက်၍သွားလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အဲဒါဘွဲ့ဖြူမ

ဦးထွန်းပေါ်လည်း အိမ်အောက်ခန်းထဲတွင် မျောက်ဝံကြီး၏ ဗိုက်ထဲ၌ လည်ပင်းအစ်ကာ မျက်လုံးပြူးလျက် ရှိလေပြီ၊ မျက်စေ့များလည်း ပြာလာပြီဖြစ်၍ နောက်ဆုံးအားယူကာ မျောက်ဝံကြီး၏ဗိုက်ကို ခြေထောက်ဖြင့် ဆောင့်တန်ရင်း အသံကုန်အော်လိုက်မိလေ၏၊ ဤတွင် အပြင်ဘက်မှစောင့်နေသည့် ရဲအရာရှိလည်း အသံကြားရသဖြင့် မသက်ာ၍ချောင်းကြည့်ကာ သံတိုင်စိုက်ထားသည့် ပြူတင်းပေါက်မှ လက်နှိပ်မီး ထိုးထွက်မျောက်ဝံကြီးကို သေနတ်နှင့် ဒိုင်း ဒိုင်း ဒိုင်း ဟုသုံးချက်ဆင့်ပစ်လိုက်လေ၏၊ မျောက်ဝံကြီးလည်း အသံကုန်အော်လျက် ဘုန်းဘုန်းလဲလေပြီ။

ထိုအခိုက်တွင် နောက်ဖေးလှေကားမှ ဘွဲ့ဖြူမပြေးဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မဲမဲသဏ္ဍာန်မြင်ရ၍ လှအေးလည်း လက်နှိပ်မီးနှင့် ထိုးကြည့်လိုက်လေ၏၊ ဒိုင်းကနဲ သေနတ်သံတစ်ချက်လည်း ဘွဲ့ဖြူမဆီမှ ထွက်ပေါ်လာရာ လှအေး၏နားရွက်နားမှ ပွတ်ထွက်သွားသဖြင့် လှအေးသစ်ပင်တစ်ပင်သို့ ပြေးကပ်လိုက်ရလေ၏၊ ထိုအခိုက် ဘွဲ့ဖြူမလည်း နောက်ဖေးဝင်းထဲမှ ဖြတ်ပြေးကာ မလွယ်ဝင်းပေါက်မှ ထွက်ပြေးသဖြင့် လှအေးလည်း သတိထားကာ အနောက်မှထပ်ကြပ်ပြေးလိုက်သွားလေ၏။

သို့သော် ဝင်းအပြင်တွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် လှအေးရှေ့သို့ အရမ်းပြေးလိုက် သွားပြန်လေ၏၊ ယာဒီလမ်းထိပ် လမ်းမကြီးသို့ရောက်လျှင် ဓာတ်ဆီဆိုင်ရှေ့တွင် ရပ်ထားသော မော်တော်ကားတစ်စီးပေါ်သို့ ဘွဲ့ဖြူမပြေးတက်ကာ မောင်းထွက်သွားသည်ကို တွေ့ရသဖြင့် လှအေးလည်း လမ်းတစ်ဖက်တွင် ရပ်ထားသော ဦးထွန်းပေါ်၏ ကားပေါ်သို့ ပြေးတက်လျက် အမြန်မောင်း၍လိုက်သွားပြန်လေ၏၊ သို့သော် ဘွဲ့ဖြူမကား မိမိအနောက်မှလှအေးလိုက်လာသည်ကို သိဟန်မတူပေ၊ မိမိကားကို ဂရုမစိုက်မြေ မှန်မှန်ပင် မောင်းသွားလျက်ရှိနေ၏။

နောက်ဆုံးတွင် ဘွဲ့ဖြူမ၏ကားမှာ ကန်တော်ကြီးလမ်းမှ ပတ်၍ တိုက္ကစ်လမ်းသို့ချိုးပြီးနောက် ဆရာမဒေါ်စောညွန့်အိမ်ရှေ့တွင်ရပ်လျက် ခြံဝင်းထဲသို့ ဘွဲ့ဖြူမပြေးဆင်း ဝင်သွားသည်ကို တွေ့လိုက်ရပြန်လေ၏၊ လှအေးလည်း မရှေ့မနှောင်းပင် မိမိကားကိုရပ်လျက် ဝင်လိုက်၍သွားလေ၏၊ အိမ်လှေကားရင်းသို့ ရောက်လျှင်ပင် အပေါ်မှဒိုင်း ဒိုင်း ဟုသေနတ်သံနှစ်ချက် ထွက်ပေါ်လာကာ စူးစူးဝါးဝါး အော်လိုက်သည့်မိန်းမအသံတစ်ခုနှင့်အခြားမိန်းမများ ဝိုင်းအော်သည့်အသံတို့ကို ဆူညံစွာကြားလိုက်ရပြန်လေ၏။

ဤတွင်လှအေးဆိုင်းမနေတော့ပဲ လှေကားသို့ ပြေးတက်သွားလျှင်ပင် အိမ်ပေါ်မှမိုးကာအကျီနှင့်မိန်းမတစ်ယောက် ပြေးဆင်းလာကာ မျက်နှာချင်းဆိုင်တိုး၍နေလေ၏၊ နှစ်ဦးစလုံး အံ့အားသင့် သွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ကိုကိုလှ"

'ဟင် မြမြမေ ကဲအခု ဘယ်ပြေးမလဲ လက်မြှောက်"

"အလို အရေးထဲမှာ သူ့ကတစ်မျောင့် ဘာဖြစ်လို့ လက်မြှောက်ရမှာလဲ ဖယ်ပါမြန်မြန်"

"ဟော့ မင်းမလှုပ်နဲ့နော် ဒီတစ်ခါ ဘယ်နည်းနဲ့မှ လိမ့်လို့မရတော့ဘူးမှတ်"

"တဲ လိမ့်တယ်ဟယ်"

မြမြမေလည်းပြောပြောဆိုဆိုနှင့် ဖြတ်ကနဲ လှအေး၏လက်မှသေနတ်ကိုပုတ်ချလိုက်လေ၏၊ အမှတ်မဲ့ ဖြစ်၍လှအေးမှာလည်း မတတ်နိုင်တော့ပေ၊ အံ့အားသင့်နေစဉ် . . .

"တိုင်း ရှင်လက်မြှောက်ကိုလှ သိပ်နှောင့်ယှက်တဲ့လူပဲ၊ ဟိုဘက်လှည့် အောက်ကိုမြန်မြန်ပြေးဆင်းစမ်း ဆင်းပါလေ ဒီကဆော်ထည့်လိုက်မယ်ဒါပဲ"

လှအေးလည်း ပြေးဆင်းသွားရ ပြန်လေ၏၊ နှစ်ယောက်သားအောက်သို့ရောက်သည်နှင့်တစ်ပြိုင်နက်လည်း မြမြမေသည် အိမ်ဘေးဝင်းထဲသို့ လက်နှိပ်မီး ထိုးကြည့်လိုက်လျှင် လူလိုလိုမြင်ရသဖြင့် ဒိုင်း ဒိုင်းဟူ သေနတ်နှင့်နှစ်ချက်လှမ်းပစ်လိုက်ရာ "အမယ်လေး"ဟုအော်လိုက်သည့်မိန်းမအသံတစ်ခုနှင့်အတူ မြေပေါ်တွင်လူးလိမ့်နေသည့် မဲမဲသဏ္ဌာန်တစ်ခုကို တွေ့ကြရပြန်လေ၏၊ ထိုအခိုက်တွင်ပင် ညွန့်လွင်တို့နှင့် ရဲသားများအိမ်ရှေ့တွင် ရောက်လာကာ လက်နှိပ်မီးတစ်ဝင်းဝင်းဖြင့် ခြံတွင်းသို့ပြေးဝင်လာကြပြန်လေ၏။

မြမြမေတို တွေ့ရသည်နှင့်တစ်ပြိုင်နက်လည်း ညွန့်လွင်တာသေနတ်နှင့် ချိန်လိုက်ပြန်လေ၏၊ ဤတွင်မြမြမေလည်း တဟားဟားအော်ရယ်ကာ . . .

"ဘာလဲ လာပြန်ပြီလား တစ်ယောက်"

"ဟော့ ဘွဲ့ဖြူမ အူတူတူမလုပ်နဲ့ လက်မြှောက်"

www.burmeseclassic.com



"အော် ဘွဲ့ဖြူမ မှတ်လို့လား တယ်တော်တဲ့ စုံထောက်ပဲ ဟော ဟိုမှာရှင့် ဘွဲ့ဖြူမ"

မြမြမေ မီးထိုးပြရာသို့ အားလုံးလှမ်းကြည့်ကြပြန်ရာ မိုးကာ အင်္ကျီ ရော်ဘာခေါင်းစွပ်မျက်နှာအညိုနှင့်လူးလိုမ့်နေသော မိန်းမတစ် ယောက်ကို တွေ့မြင်ကြရကာ အံ့အားသင့်သွားကြလျက် အနီးသို့ ရောက် သွားကြပြန်လေ၏။

သူမကားနာမည်ကျော် "မိုးစက်ကွင်း" ဘွဲ့ဖြူမ အမှန်ပင် ဖြစ်၍ လည်း ဦးထွန်းပေါ်၏အမိန့်ဖြင့် သူ့အားပွေ့ယူ၍အိမ်ပေါ်သို့ တင်သွား ကြရပြန်လေ၏၊ အိမ်ပေါ်ထပ်တွင်ကား အတွင်းခန်း၌သေလုဆဲဆဲ ရှိနေ သည့် ဆရာမဒေါ်စောညွန့်အား မိန်းကလေးများက ပွေ့ထားကာ ဝိုင်းဝို လျက် ရှိနေကြသည်ကို တွေ့ရသဖြင့်လည်း အားလုံးအံ့အားသင့် သွားကြ ပြန်လေ၏။

"ကိုင်း ဘယ်လိုဖြစ်ကြတာလဲ အရပ်တတို့"

ဟုဦးထွန်းပေါ်က မေးလိုက်မှ ဘွဲ့ဖြူမလည်း မိမိမျက်နှာမှ မျက်မှန်အညိုရောင်ကြီးနှင့် ဦးခေါင်းမှရေခံဦးထုပ်ကိုဆွဲချွတ်လိုက်လျှင် အားလုံးပင် ၎င်း၏မျက်နှာကို တွေ့မြင်ကြရတော့

"အလို"

ဟု အသံထွက်သွားကြလျှက် မြမြမေ၏မျက်နှာကို လှည့်ကြည့် ကြပြန်လေ၏၊ ဘွဲ့ဖြူမ၏မျက်နှာနှင့်မြမြမေ၏မျက်နှာတား ခွဲမရအောင် ပင် တူနေလေတော့၏၊ သို့သော် ဘွဲ့ဖြူမကား အားတင်းလျှက် အသံညှစ် ထုတ်ကာ . . .

"မိုက်စက်ကွင်း . . . မိုက်စက်ကွင်း မိုက်စက်ကွင်းထဲ ဝင်မိတဲ့ လူမှန်ရင် ဘယ်သူတွေဘဲဖြစ်ဖြစ် မိုက်နေချင်ကြတာများတယ်၊ အဲဒီလို မိုက်နေချင်ကြတဲ့ လူများဟာလဲ နောက်ဆုံးတစ်နေ့မှာ ဒီလိုအဆိုးကြီး မျိုးနဲ့ တွေ့ရမှာ မလွဲပါဘူး၊ ကျမနာမည် မြမြရွှေ တဲ့"

ဤသို့ ပြောလိုက်လျှင် မြမြမေလည်း အံ့အားသင့်သွားတာ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



သို့တိုးကြည့်လိုက်မိပြန်လေ၏၊ ဘွဲ့ဖြူမလည်း အနည်းငယ်နားပြီးမှ . . .

"ကျွန်မဖေဖေဟာ မန္တလေးက လူဂုဏ်တန်နာမည်ကျော် အရာရှိ "ဦးဘ"ဆိုတာပေါ့၊ ဖေဖေဟာ အပေါင်းအသင်းမကောင်းလို့ အရက်လဲသောက်တယ်၊ ဖဲလည်းရိုက်တယ်၊ မိန်းမလည်းလိုက်တယ် . . .

"တစ်နေ့မှာ မိန်းမထိမ်း ဖိုးထင်ဆိုတဲ့လူတစ်ယောက်နဲ့အတူ အရက်သောက်ပြီး ဖဲဝိုင်းမှာဖဲဝင်ရိုက်ကြရာက အရက်မူးစကားများကြရာမှာ ဖဲရိုက်တဲ့အိမ်ဟာလည်း နာမည်ကျော် ကုလားဒိန် လူဆိုးကြီး "ဆာလေဘိုင်"ရဲ့ အိမ်တဲ့ . . .

"ဒီနောက် ထပြီးရိုက်ကြ၊ ပုတ်ကြနဲ့ ဗလုံးဗထွေးဖြစ်ပြီး အားလုံးထွက်ပြေးကြတော့ ဖေဖေဟာ လက်ထဲမှာဓားမြှောင်ကြီးကိုင်ပြီး ကျန်ရစ်သတဲ့။ ပွဲစားတစ်ယောက်ကတော့ ရင်အုံမှာဓားထိုးခံရပြီး လဲနေရာက ထထိုင်သတဲ့၊ ဒီနောက်သူ့အကျီအိတ်ထဲက ဒိုင်ယာရီစာအုပ်မှာ စာတစ်စောင်ရေးသတဲ့ အဲဒါကို ဖေဖေကမြင်တယ် . . ."

"ဘာစာလဲ သိသလား . . ."

"ကျုပ်ကိုဓားနဲ့ထိုးတာ မောင်ဘိုးထင်လို့ရေးပြီး အောက်မှာလက်မှတ်ထိုးလို့ နေ့စွဲ ရက်စွဲပါထည့်လိုက်သတဲ့၊ ဒါကိုဖေဖေ ကမြင်တော့ သူ့ကိုပေးခဲ့ဖို့ ဒီစာကို တောင်းသတဲ့၊ အဲဒီအခိုက်မှာဘဲ ဆာ လေဘိုင်ရဲ့ မယားစောညွန့်က ဒိုင်ယာရီစာအုပ်ကို ဆွဲလုယူသွားသတဲ့"

"ဪ လက်စသတ်တော့ ဒီမစောညွန့်ကိုး"

"ဟုတ်ပါတယ်၊ အဲဒီအခိုက်မှာပဲ ဘိုးထင်က ပုလိပ်တွေကို ခေါ်လာပြီး ဖေဖေကိုဖမ်းခိုင်းလို့ ဖေဖေလဲလက်လွတ် ထွက်ပြေးလာရသတဲ့၊ သူကဖေဖေသတ်တာမြင်တယ်လို့ သေသေချာချာပြောတာကိုး၊ အဲဒီအခါမှာ ကျွန်မတို့မေမေကလဲ သမီးကလေးနှစ်ယောက် အမွှာပူးမွေးထားတယ်၊ ကျွန်မက မြမြရွှေ၊ အငယ်ကမြမြမေတဲ့ . . .

ဖေဖေအိမ်ရောက်လာပြီး သားအမိသားအဖ လေးယောက်ထွက်ပြေးဖို့ စီစဉ်လို့ မေမေက ကျွန်မကိုချီ ဖေဖေကညီမလေးကိုချီ အိမ်နောက်

www.burmeseclassic.com



ဖေးက ထွက်အပြေးမှာ တစ်ခါထဲ ဝိုင်းဖမ်းပြန်ပါတယ်၊ ဒါပေမယ့် ဖေဖေကိုမမိဘူး၊တစ်ခါထဲ ကျွန်မတို့သားအမိနဲ့ကွဲပြီး ပျောက်သွားလိုက်တာ ခုထက်ထိ မတွေ့ရပါဘူး. . ."

"ဒေါ်စောညွန့်ကို ဘယ်သူသေနတ်နဲ့ ပစ်သလဲ"

"ကျွန်မပဲပစ်ပါတယ်၊ ဒီညသူ့ကို နောက်ဆုံးသတ်ပြီး ကျွန်မလည်း အစဖျောက်တော့မယ်လို့ စီစဉ်တုန်းမှာ ရှင်တို့လာကြတဲ့အတွက် ဒီကိုပြေးလာပြီး သူ့ကို အမှီသတ်လိုက်ရတာပေါ့၊ ဟိုတုန်းက ကျွန်မတို့အသက် ၂နှစ်ကျော်ကျော်ရှိသေးလို့ ဘာမှမသိဘူး၊ဒီအကြောင်းတွေကို မေမေကသေခါနီးမှ ပြောပြသွားလို့ သိရတဲ့အပြင် သူတို့ကိုလည်း လက်စားချေရမယ်လို့ ဒီရန်ကုန်မှာ ဖိုးချိုဆိုပြီး နာမည်ပြောင်းနေတဲ့ ဖိုးထင်ကို အရင်သတ်လိုက်ပါတယ်၊ ကျွန်မလည်း မထူးဘူးဆိုပြီး မိုက်စက်ကွင်းထဲ ဝင်ပြီး မါးပြတိုက်နေရတာပေါ့. . ."

BURMESE CLASSIC

"ဒေါ်စောညွန့်ကို ဘာကြောင့်သတ်ရသလဲ"

"သေတဲ့သူရေးခဲ့တဲ့စာကို သူ့ဆီမှာတောင်းတော့ မပေးနိုင်ဘူးတဲ့ ဖိုးထင်ဆီက ဒီစာအတွက် တစ်လကို ငွေနှစ်ရာရတဲ့အတွက် လိုချင်ရင် ငွေငါးထောင် ပေးရမယ်တဲ့၊ ဈေးကိုင်ပြီး ညစ်ပတ်ထားလို့ သတ်တာဘဲ"

ဟုပြောကာ ဘွဲ့ဖြူမ မြမြရွှေကားစကားမဆက်တော့ပေ၊ဤတွင် မြမြမေလည်း ဘွဲ့ဖြူမကိုပြေး၍ဖက်ကာ . . .

"အမယ်လေး မှားကုန်ပါပြီ မမရဲ့၊ ညီမလေးကို ခွင့်လွှတ်ပါတော့ ဒီမှာညီမလေး မြမြမေလေ၊ ညီမလေးလက်ချက်နဲ့ မမခံရပြီ၊ညီအမချင်း ပြန်တွေ့ကာမှ အသည်းကွဲရတော့မှာလား မမရဲ့"

ဟုပြောကာ အားရပါးရ ငိုပစ်လိုက်လေ၏၊ ကြားရသူအားလုံးပင် စိတ်မကောင်းကြတော့ပေ။

ဤတွင် ဦးထွန်းပေါ်ဦးခေါင်းကိုရမ်းလျက်. . .

"သခ်ီရ ဆိုတာ ဒီလိုပေါ့ကွယ် စင်စစ် ဒီဇာ်ရာနဲ့. . .မြမြရွှေ မသေနိုင်သေးပါဘူး၊ လက်ပြင်ကိုထိတာဘဲ၊ ကဲ. . ကဲ မြမြမေရဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုတော့ ကျုပ်ကဘဲ ဆက်ပြောပါ့မယ်၊ သူတို့သားအဖ ပြေးလာပြီး ဒီရန်ကုန်မှာ အမေရိကန်မယ်သီလရင် ကျောင်းမှာအပ်ထား ရတယ်၊ ဒီနောက် မကြာဘူး စုံထောက်ဘက်က ဖမ်းမိသွားလို့ ထောင်အနှစ် နှစ်ဆယ် ချလိုက်ပြီး လွတ်လပ်ရေးအောင်ပွဲမှာ နှစ်မစေ့ဘဲ လွတ်လာပါတယ်၊ ဒီတော့မြမြမေဟာ ဆယ့်ရှစ်နှစ်ရှိနေပြီ၊ သူတို့သားအဖ ပြန်တွေ့ပြီးတဲ့အခါ ကျုပ်ဆီကိုလာပြီး အဲဒီအဖြစ်တွေကိုပြောပြတာပေါ့၊ သူ့မှာအပြစ်ခံပြီး ထောင်ကလွတ်လာပြီမို့ ဘာစွဲအားနေပေမယ့် ရာဇဝတ်ပြစ်မှုခံရပြီး သူမှန်ရင် အစိုးရဘက်မှာ ပြန်ပြီးအလုပ်လုပ်ဖို့ အဲ လွန်ခက်ခဲတယ် မဟုတ်လား၊ နာမည်ကောင်းကလည်း ပြန်ပြီး ဆယ်ချင်တဲ့ အတွက် အဲဟိုဒိုင်ယာရီထဲက စာရွက်ပြန်ရဖို့ ကျုပ်ကိုတိုင်ပင်တာပဲ. . ."

"ဒီလူ အခုဘယ်သွားသလဲ ဆရာ. . "

"ကျုပ်အိမ်မှာဘဲရှိပါတယ်၊ ဒါနဲ့ကျုပ်ကလဲဟောဒီမြမြမေကို သူလျှိုမကလေးလုပ်ပြီး ဒေါ်စောညွန့်အိမ်ကို ခဏခဏချောင်းခိုင်းရင်း ဘွဲ့ဖြူမဆိုတာလည်း ဒေါ်စောညွန့်ကိုပဲ ထင်နေတဲ့အတွက် ဖမ်းမိအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ခိုင်းထားရတာပေါ့၊ အခုတော့ ဘွဲ့ဖြူမဟာ ဒေါ်စောညွန့်မဟုတ်တဲ့အပြင် ဒုက္ခတောင်များနေပြန်ပြီပေါ့၊ ဒီဟာ သူတို့ ညီအစ်မကို ကျုပ်တို့ရှို့ပေးတဲ့မီးပဲ"

ဤတွင်လှအေးလည်း မြမြမေ၏မျက်နှာကို လှမ်းကြည့်လိုက်ရာ မြမြမေကလည်း ပြန်အကြည့်နှင့်ဆုံသွား၍ လှအေးက မျက်စိတစ်ဖက် မှိတ်ပြလိုက်လျှင် မြမြမေက နှုတ်ခမ်းစူပြလိုက်သည်ကို ဦးထွန်းပေါ်တွေ့ မြင်မိကာ ပြုံးလိုက်လေ၏၊ ထိုအခိုက် ဒေါ်စောညွန့်နောက်ဆုံးအသံ ထွက်လာကာ. . .

"ရော့ ရော့ ဒီမှာဒိုင်ယာရီ"

ဟုပြော၍စာအုပ်ငယ်ကို ပစ်ပေးပြီးနောက် တိတ်ဆိတ်၍သွား လေတော့၏။

ဘွဲ့ဖြူမ မြမြရွှေအား ဆေးရုံတွင်တင်၍ ရာဇဝတ်ဖက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြပ်မတ်လျက် ဂရုစိုက် ကုသ၍နေစဉ် ရက်၂၀အတွင်း . . ."

"မြ . . မြ"

"ဘာလဲ ဒီအိမ်ကို စုံထောက်သူလျှို မလာပါနဲ့"

"လာ . . ဘာဖြစ်သလဲ ဒါပေမယ့် ဘွဲ့ဖြူမကို သေနတ်နဲ့ပစ်ပြီး ဖမ်းပေးတာဟာ စုံထောက်သူလျှိုမကလေးပါ၊ ကျုပ်မဟုတ်ပါဘူး"

"တိုလှ မြတို့ ဒီလိုစိတ်မကောင်းအောင် မပြောနဲ့ ဒါပဲ မြ ငို ပစ်လိုက်မယ်"

"ငိုလေ မြ ငိုရင် ဟောဒီလို ချော့လိုက်မှာပေါ့"

ဝဇီရာ

BURMESE CLASSIC



www.burmeseclassic.com